# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၀၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## တစ်ဆင့်ပြီးတစ်ဆင့် လုပ်စရာတွေ လုပ်သွားနိုင်ဖို့ အစီအစဉ်တွေ ချမှတ်ထားကြောင်း သတင်းစကားပါး

**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တစ်ဆင့်ပြီးတစ်ဆင့် လုပ်စရာတွေ လုပ်သွားနိုင်ဖို့ အစီအစဉ်တွေ ချမှတ်ထားတာ ရှိခြင်းနဲ့ အစီအစဉ်အရ ဆောင်ရွက်ရမှာတွေကို ဆောင်ရွက်သွားကြသူတွေ ရှိခြင်းကြောင့် ခွန်အားတွေ ဖြည့်နိုင်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

လှိုင်သာယာစက်ရုံ တစ်ရုံက ဝန်ထမ်းတစ်ယောက် COVID positive တွေ့တဲ့ သတင်းထွက်တာနဲ့ စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်ပေါ်ပါတယ်။ ဒီလို အခြေအနေမှာ ကျန်းမာရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ နိုင်ငံ့ဝန်ထမ်းတွေ၊ COVID တိုက်ပွဲကြီးမှာ ပါဝင်လှုပ်ရှားနေတဲ့ စေတနာ့ဝန်ထမ်းတွေ ဘာလုပ်ကြရတယ်ဆိုတာ နည်းနည်း ပြောပြချင်ပါတယ်။

ပထမဦးဆုံးကတော့ ရောဂါပိုးရှိနေသူကို ကုသပေးရေးပါပဲ။ အနီးဆုံး သင့်တော်တဲ့ဆေးရုံကို အမြန်ဆုံးပို့ရပါတယ်။


ဒုတိယကတော့ လူနာနဲ့ ထိတွေ့ခဲ့သူများကို ရှာဖွေဆက်သွယ်ရပါတယ်။ လူနာကိုယ်တိုင်က ရောဂါကူးစက်နိုင်တဲ့ ကာလအတွင်း ထိတွေ့ခဲ့သူများစာရင်း (မှတ်မိသ၍) ပေးရပါတယ်။ ပိုမိုပြည့်စုံဖို့ ထိတွေ့မှုရှိခဲ့သူများ ကိုယ်တိုင်လည်း ဆက်သွယ်လာရေး online ကတစ်ဆင့် ဆောင်ရွက်ရပါတယ်။

တတိယအနေနဲ့ ထိတွေ့ခြင်းရှိခဲ့သူများကို ရှာဖွေ၊ quarantine လုပ်ပြီး စောင့်ကြည့်၊ စစ်ဆေးရပါတယ်။

ဒီလို တစ်ဆင့်ပြီးတစ်ဆင့် လုပ်စရာတွေ လုပ်သွားနိုင်ဖို့ အစီအစဉ်တွေ ချမှတ်ထားတာရှိခြင်းနဲ့၊ စိုးရိမ်တာတွေ၊ ပင်ပန်းတာတွေ ဘေးဖယ်ထားပြီး၊ အစီအစဉ်အရ ဆောင်ရွက်ရမှာတွေကို ဆောင်ရွက်သွားကြသူတွေ ရှိခြင်းကြောင့် ကျွန်မတို့ ခွန်အားတွေ ဖြည့်နိုင်ပါတယ်။

"သံသရာလမ်းဟာ မချောမွေ့တတ်တော့ တာဝန်ကိုယ်စီ ထမ်းရွက် ရှေ့ဆက်လှမ်း။"

**✻ စိုးရိမ်တာတွေ၊ ပင်ပန်းတာတွေ ဘေးဖယ်ထားပြီး၊ အစီအစဉ်အရ ဆောင်ရွက်ရမှာတွေကို ဆောင်ရွက်သွားကြသူတွေ ရှိခြင်းကြောင့် ကျွန်မတို့ ခွန်အားတွေ ဖြည့်နိုင်ပါတယ်။**




**အီကွေဒေါကပေးတဲ့ သင်ခန်းစာနှင့် သတင်းမှားများကို ကာကွယ်ပါ**


ဆောင်းပါး စာ ၆

**စာစာရှာ အက်ပလီကေးရှင်းကို Andriod ဖုန်းနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ**

စာ ၂၂







**မြန်မာ့အလင်း**

# မေတ္တာ၊ စာဂနဲ့ ဝီရိယ

လူသားတို့သည် မိမိတို့၏ လူ့ဘဝလမ်းကို ရှည်လျားသော ဘဝခရီးအဖြစ် တွေးမြင်ကာ လျှောက်လှမ်းကြ၏။ မြန်မာအများစုတို့၏ အစဉ်အလာယုံကြည်မှုတွင် ဘဝလမ်းကို သံသရာခရီးအဖြစ်ရှုမြင်ကြလေ့ရှိသည်။

ထိုသံသရာခရီးကို အောင်မြင်စွာ ဖြတ်သန်းနိုင်ရေးအတွက် အစဉ်အလာအဆုံးအမမှာ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ဟူသော အခြေခံတရားလေးပါး ဖြစ်၏။ မကောင်းမှုလုပ်လျှင် မကောင်းတာ ဖြစ်မည်၊ ကောင်းမှုကိုလုပ်လျှင် ကောင်းတာဖြစ်မည်ဟု ယုံကြည်ခြင်းကို သဒ္ဓါဟုခေါ်၏။ ကောင်းတာကိုသာလုပ်ကြပါစို့ မကောင်းတာကို ရှောင်ကြဉ်ကြပါစို့ ဟူသည့် ယုံကြည်ချက်။ သဒ္ဓါ။

ထိုသို့ ယုံကြည်သည့်အတိုင်း ကောင်းမှုကိုသာ လိုက်နာကျင့်ကြံလုပ်ဆောင်ခြင်း၊ မကောင်းမှုကို ရှောင်ကြဉ်ခြင်းသည် သီလ ဖြစ်၏။ မိမိတွင်ရှိသည်ကို အများအတွက် စွန့်လွှတ်ပေးလှူခြင်းသည် စာဂ။

ထိုထိုသော သဒ္ဓါ၊ သီလ၊ စာဂတို့၏ အခရာအကျဆုံးသည်ကား ပညာ ဖြစ်၏။ မည်သည်က ကောင်းသလဲ၊ မည်သည်တို့ကို ကျင့်ကြံလိုက်နာခြင်းက ကောင်းမှုကိုပြုခြင်းလဲ။ မည်သည်တို့က မကောင်းမှုလဲ၊ မည်သည့် မကောင်းမှုများကို ရှောင်ကြဉ်ရမလဲဟု နားလည်သိမြင်ခြင်းသည်ကား ပညာဖြစ်၏။ မည်သည်ကို စွန့်ကြဲပေးလှူမလဲ၊ မည်သည့်အချိန်တွင် မည်သူတို့အတွက် စွန့်လွှတ်မလဲဆိုသည်ကို ကျကျနန နားလည်သိမြင်ခြင်းကား ပညာဖြစ်၏။

ထိုပညာဉာဏ်ဖြင့် ယှဉ်ကာ သဒ္ဓါ၊ သီလ၊ စာဂ ဆိုသည့် တရားတို့ဖြင့် လောကခရီး၊ သံသရာခရီးကို လျှောက်လှမ်းခြင်းသည်သာ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ ငြိမ်းချမ်းရာ ပန်းတိုင်ဆီသို့ အရောက်ချီနိုင်မည်ဟု ယုံကြည်ကြ၏။

ကိုဗစ်-၁၉ ရောဂါ ကမ္ဘာမြေမှာ ပေါ်ပေါက်လာသည့်အခါ ကမ္ဘာ့ပြည်သူတို့ ရုတ်တရက် မည်သို့တုံ့ပြန်ရမှန်းမသိအောင်ပင် ယောက်ယက်ခတ်သွားခဲ့သည်။ အမှန်တော့ ယနေ့အချိန်ထိလည်း ကမ္ဘာ့နိုင်ငံအသီးသီးသည် ရရာလက်နက်စွဲကိုင်ပြီး နည်းမျိုးစုံဖြင့် ကျားကုတ်ကျားခဲ တွန်းလှန်နေကြဆဲဖြစ်၏။ သို့သော်လည်း ခိုင်ခိုင်မာမာ ထိန်းချုပ်နိုင်ခြင်းတော့ ယနေ့တိုင် မရှိသေး။

အနီ မိုင်းရပ်စ်ရောဂါပိုး၏ သဘာဝ၊ ကူးစက်ပျံ့နှံ့ပုံနှင့် ရောဂါဖြစ်ပွားသူတို့၏ ဝေဒနာတို့ကိုထောက်ရှုပြီး ကမ္ဘာ့ပညာရှင်အသီးသီးတို့၏ ယေဘုယျမှတ်ချက်မှာ ယနေ့ကြုံတွေ့နေရသော ကပ်ရောဂါပျံ့နှံ့မှုထိန်းချုပ်ရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးတို့သည် ရေရှည်စစ်ပွဲ ဖြစ်သည်ဟူ၏။

ယခု ကိုဗစ်-၁၉ ကပ်ရောဂါသည် ယခုဖြစ်၊ ယခုအင်အားသုံး၊ ယခုဝိုင်းတိုက်၊ ယခုပြီးဆုံး ဆိုသည်မျိုးမဟုတ်ဘဲ ရေရှည်ပြေးရမည့် မာရသွန်ခရီးရှည်မျိုးဖြစ်ချေသည်။ ကပ်ရောဂါကို ပိုင်ပိုင်နိုင်နိုင်ဖြင့် လုံးဝထိန်းချုပ်နိုင်၊ ကာကွယ်နိုင်၊ ကုသနိုင်သည်အထိ စိတ်ရှည်ရှည်၊ ဖွဲကောင်းကောင်း၊ ဝီရိယကြီးကြီး၊ ပညာဉာဏ်ကြီးကြီးဖြင့် နည်းလမ်းရှာဖွေရင်း၊ ဆေးရှာဖွေရင်း ပန်းတိုင်ရောက်အောင် ပြေးကြရမည့်ပွဲ ဖြစ်၏။

သည်လို မာရသွန်ခရီးကို ပန်းတိုင်ရောက်သည်အထိ လျှောက်လှမ်းနိုင်ကြရာတွင် အဓိကအကျဆုံးမှာ ယုံကြည်ချက်ဖြစ်ပါသည်။ လူသားတို့၏ ညီညွတ်မှုအင်အား၊ ဉာဏ်ပညာအင်အားတို့ဖြင့် အောင်မြင်ရမည်ဟူသော ယုံကြည်ချက်၊ လူတစ်ဦးချင်းစီက မိမိတို့ လိုက်နာသင့်သည်ကို တိတိကျကျ လိုက်နာခြင်း၊ ရှောင်ကြဉ်သင့်သည်ကို ပြတ်ပြတ်သားသား ရှောင်ကြဉ်ခြင်းတို့ဖြင့် ကပ်ရောဂါကို ထိန်းချုပ်နိုင်မည်၊ ကာကွယ်နိုင်မည်ဟူသော ယုံကြည်ချက်ဖြစ်၏။

ထိုသို့ ယုံကြည်သည့်အတိုင်း ပညာဉာဏ်ဖြင့်ယှဉ်ကာ လိုက်နာရမည်တို့ကို လိုက်နာ၊ ရှောင်ကြဉ်ရမည်တို့ကို ရှောင်ကြဉ်ကြခြင်းဖြင့် မာရသွန်ခရီးကို လျှောက်လှမ်းကြရမည် ဖြစ်၏။

ထို့အတူ ယနေ့ကြုံနေကြရသော ကပ်ရောဂါသည် လူသားတစ်ရပ်လုံး၏ ပြဿနာ၊ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို စိန်ခေါ်နေမှုအဖြစ် နားလည်ကာ အထက်တွင်ဆိုသကဲ့သို့ လူတစ်ဦးချင်းစီက ပူးပေါင်းပါဝင်လုပ်ဆောင်ကြဖို့ လိုပါ၏။ ထို့ပြင်တစ်ဝ မေတ္တာ၊ စာဂနှင့် ဝီရိယတို့ကို လက်ကိုင်ပြုထားကြသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းပရဟိတသမားများ၊ နယ်ပယ်အသီးသီးမှ အလှူရှင် စေတနာရှင်များ အစရှိသူတို့၏ စွန့်လွှတ်မှုအမျိုးမျိုးတို့အားဖြင့် ယနေ့ရင်ဆိုင်နေရသော ကပ်ရောဂါကို ထိန်းချုပ်အောင်မြင်နိုင်ကြမှာ မုချဖြစ်သည်ဟု ယုံကြည်အပ်ပါသတည်း။ ။



## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဗားရ်တံတားအမှတ်(၂)တည်ဆောက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ဖလမ်း မေ ၂၅**

ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးသည် ပြည်နယ်ဥပဒေချုပ် ဦးထန်ကျုံး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မေ ၂၅ ရက် နံနက်ပိုင်းက ဖလမ်းမြို့နယ်ရှိ ဗားရ်တံတား အမှတ်(၂)တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် ကလေး - ဖလမ်း - ဟားခါးလမ်း မိုင်တိုင်(၆၈/၅)ရှိ မဏိပူရ်မြစ်ကူး ဗားရ်တံတားအမှတ်(၂)တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့(၁) ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးနှင့် ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းတို့က စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

မဏိပူရ်မြစ်ကူး ဗားရ်တံတားအမှတ်(၂)သည် အရှည် ၅၅၈ ပေ၊ အကျယ် ပေ ၃၀ ဖြင့် တံတားခံနိုင်ဝန် AASHTO HS–25 ရှိပြီး တံတားစီမံကိန်းအဖွဲ့(၁)က တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဌုန်( ပြန်/ဆက်





## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၅**

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်–၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄) ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် (၁၇) ဦး၊ စုစုပေါင်း (၆၀) ဖြင့် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာ

**COVID–19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်**

၁။ COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ၃၀–၄–၂၀၂၀ ရက်နေ့အထိ ပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါကြေညာချက်များအား ထုတ်ပြန်ထားခဲ့ပါသည် –

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

( ခ ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

( ဂ ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

၂။ COVID–19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်နိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပြည်ဝင်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များနှင့် စပ်လျဉ်းသည့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်သွားမည် ဖြစ်ပါသည်။

၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၁၁–၄–၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံသားများအပါအဝင် မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအားလုံးအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိသည့်အချိန်မှစတင်၍ သတ်မှတ်နေရာများတွင် (၂၁) ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံယူခြင်းနှင့် မိမိနေအိမ်တွင် (၇) ရက်ကြာ သီးခြားနေထိုင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် အသွားအလာကန့်သတ်စောင့်ကြည့်မည့်နေရာများကို ကြည့်ရှုစစ်ဆေး



**ပုသိမ် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ယနေ့ နံနက် က နေရပ်ပြန်ဝန်ထမ်းများနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့်သူများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိမည့်နေရာ ပညာရေးကောလိပ် (ပုသိမ်)နှင့် နည်းပညာတက္ကသိုလ်(ပုသိမ်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန အသွားအလာကန့်သတ်စောင့်ကြည့်ရေးတာဝန်ခံ ဒေါက်တာမြတ်မင်းစိုးက “ပညာရေးကောလိပ်တွင် အမျိုးသမီးဝန်ထမ်းများအတွက် ပဒ္မဝတီဆောင်၌ နှစ်ယောက်ခန်း ၆၈ ခန်း၊ အမျိုးသားဝန်ထမ်းများအတွက် နှစ်ယောက်ခန်း ၄၄ ခန်း စီစဉ်ထားရှိမှု၊ ယခုလက်ရှိ ဝန်ထမ်းများအနေဖြင့် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၂၈ ဦးတို့ အသွားအလာကန့်သတ်စောင့်ကြည့်ရေး ဝင်ရောက်နေမှု၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့်သူများအတွက် ချယ်ရီဆောင်တွင် နှစ်ယောက်ခန်း ၇၄ ခန်း ပြင်ဆင်ထားရှိမှုအခြေအနေများ၊ အစိုးရနည်းပညာတက္ကသိုလ် (ပုသိမ်)၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့်သူများအား ကံ့ကော်ဆောင်တွင် တစ်ယောက်ခန်း ၇၅ ခန်း စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါနေရာများအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ကိုတွတ် (ပြန်/ဆက်)

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ Shinhan Financial Group မှ (COVID-19) Test Kits နှင့် PPE ဝတ်စုံများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၂၅**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Shinhan Financial Group မှ (COVID–19) Test Kits နှင့် Personal Protective Equipment (PPE) များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**လှူဒါန်းရခြင်းရှင်းလင်း**

လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လီဆန်းဟွာနှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းတို့က အမှာစကားပြောကြားပြီး Shinhan Financial Group ၏ Myanmar country head ဖြစ်သူ CEO Mr. Kang Hyung Hun က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လီဆန်းဟွာနှင့် Shinhan Financial Group မှ တာဝန်ရှိသူများက (COVID–19) Test Kits နှင့် Personal Protective Equipment (PPE) များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက Shinhan Financial Group မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဆေးသုတေသနဦးစီးဌာနရှိ Molecular Laboratory အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**လူတစ်သောင်းစစ်ဆေးနိုင်**

ယနေ့ လှူဒါန်းမှုသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ရှင်းဟန်ဘဏ်(ရန်ကုန်ရုံးခွဲ)၊ ရှင်းဟန်အသေးစားငွေချေးလုပ်ငန်းနှင့် ရှင်းဟန်ကတ်ဒ်တို့ပါဝင်သော ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Shinhan Financial Group မှ လူတစ်သောင်းကို စစ်ဆေးနိုင်သည့် (COVID–19) Test Kits ၁၀၀ နှင့် Personal Protective Equipment (PPE) ဝတ်စုံ ၃၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




**မင်းသစ် (MNA)၊ ဓာတ်ပုံ– နေလင်း**

# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



စစ်တွေ မေ ၂၅

**ရခိုင်ပြည်နယ် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/ ၂၀၂၀) ကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်တွင် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ချိန်မှစတင်ပြီး ယနေ့အထိ ကော်မတီနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါဖြစ်ပေါ်လာပြီးသည့် နောက်ပိုင်းမှစတင်ကာ မိမိတို့နိုင်ငံတွင်လည်း ပြည်ထောင်စုအဆင့်မှစတင်၍ အဖွဲ့အစည်းများ ဖွဲ့စည်းပြီး အမြန်ဆုံးတုံ့ပြန်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မိမိတို့ပြည်နယ်အနေဖြင့် ဗဟိုကညွှန်ကြားချက်များနှင့်အညီ ပြည်နယ်မှ အဖွဲ့အစည်းများ ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ဆက်လက်လုပ်ဆောင်မည့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးစေလိုကြောင်း၊ မိမိတို့ပြည်နယ်တွင်း လုပ်ငန်းကော်မတီများကိုလည်း ပြည့်ပြည့်စုံစုံဖွဲ့စည်းထားပြီးလည်း ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ ကော်မတီများအနေဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ လက်ရှိလုပ်ကိုင်နေသည့်၊ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်လိုကြောင်း၊ ဆွေးနွေးချက်များကို ပေါင်းစပ်ပြီး လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များ၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုလျှင် ကောင်းမွန်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး အားလုံး စေတနာထားကာ ဝိုင်းဝန်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များက Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ နှီးနွှယ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မည့် အခြေအနေများနှင့် ကော်မတီ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး အသိပညာပေးလုပ်ငန်းများအား ယခင်ထက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊ ပြည်နယ်အတွင်း ဆေးဝါးများပြတ်လပ်မှုမရှိစေရေးအတွက် ပြည်တွင်း၌ ရရှိနိုင်သော ဆေးဝါးများအား ဗဟိုကော်မတီနှင့် ချိတ်ဆက်ပြီး ဖြည့်ဆည်းနိုင်အောင် ဆောင်ရွက်ရန်နှင့် ကော်မတီများအနေဖြင့် လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးကို လုပ်ဆောင်သွားကြရန် နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ အခြေခံစားသောက်ကုန်နှင့် အဝတ်အထည်ဝယ်ယူရေးအတွက် ငွေကျပ် ၁၅၇၆ သိန်းကျော် လှူဒါန်း

**မြစ်ကြီးနား မေ ၂၅**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပြည်နယ်အတွင်းရှိ ကျန်းမာရေး ဝန်ထမ်း ၃၇၉၆ ဦးတို့အတွက် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များ ဝယ်ယူနိုင်ရေး ငွေကျပ် ၁၅၇၆ သိန်းကျော်ကို နေမင်းကမ္ဘာကုမ္ပဏီမှ ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပေးအပ်လှူဒါန်းသည်။

ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ကျန်းမာရေးဝန်ထမ်း ၃၇၉၆ ဦးတို့အတွက် နေမင်းကမ္ဘာ ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီ၏ ဒါရိုက်တာ ဦးသက်ဦးက ဆန်၊ ဆီ၊ မြေထောက်ပဲနှင့် ကြက်သွန်နီ များပါဝင်သည့် အခြေခံစားသောက်ကုန်ပစ္စည်း လေးမျိုးကို တစ်ဦးလျှင် ငွေကျပ် ၃၉၀၀၀ နှုန်းဖြင့် စုစုပေါင်း လှူဒါန်းငွေ ကျပ် ၁၄၈၀၄၄၀၀၀၊ မြစ်ကြီးနားနှင့် ပူတာအိုခရိုင်များအတွင်းရှိ ဝန်ထမ်း ၁၂၀၀ တို့အတွက် ငွေကျပ် ၉၆၀၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။



ထို့နောက် မြစ်ကြီးနားခရိုင်ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများဖြစ်သည့် ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၀၊ နှာခေါင်းစည်း ၂၅၀၀၀၊ လက်အိတ် ၂၀၀၀၀၊ အရက်ပြန်ဖျန်းဘူး ၁၀၀၊ လက်သန့်ဆေးရည် ၃၀၀ တို့ကို လည်းကောင်း၊ ပူတာအိုခရိုင် ပြည်သူ့ဆေးရုံအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀၊ နှာခေါင်းစည်း ၅၀၀၀၊ လက်အိတ် ၃၀၀၀၊ အရက်ပြန်ဖျန်းဘူး ၅၀၊ လက်သန့်ဆေးရည် ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးသိန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ လှူဒါန်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ တစ်ခါသုံးနှာခေါင်းစည်းနှင့် အဝတ်နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာန၏ မေ ၂၃ ရက် ညပိုင်းတွင် ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသည့် မတ္တရာမြို့နယ်တွင် အသုံးပြုရန် တစ်ခါသုံးနှာခေါင်းစည်း ၁၀၀၀ နှင့် အဝတ်နှာခေါင်းစည်း ၄၀၀၀ ကို မေ ၂၄ ရက်က မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ထောက်ပံ့ပေးအပ်သည်။

"ကျွန်တော်တို့ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အသီးသီးမှာရှိကြတဲ့ စည်ပင်သာယာရေးအဖွဲ့တွေကို တစ်ခါသုံးနှာခေါင်းစည်းတွေ ဝယ်ယူပြီး အချိုးကျထောက်ပံ့ခဲ့တဲ့အပြင် အဝတ်နှာခေါင်းစည်းတွေကိုလည်း ချုပ်လုပ်ပြီး ထောက်ပံ့ပေးခဲ့ပါတယ်။ လက်ရှိမှာလည်း ရောဂါပိုးတွေ့ရှိတဲ့ မတ္တရာမြို့နယ်အတွက် တစ်ခါသုံး နှာခေါင်းစည်းတွေနဲ့ အဝတ်နှာခေါင်းစည်းတွေကို ထပ်မံလှူဒါန်းပေးအပ်တာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်မှ စည်ပင်သာယာရေးအဖွဲ့များသို့ ပထမအကြိမ်အဖြစ် တစ်ခါသုံးနှာခေါင်းစည်းများနှင့် အဝတ်နှာခေါင်းစည်း ၁၁၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် တစ်ခါသုံးနှာခေါင်းစည်းနှင့် အဝတ်နှာခေါင်းစည်း ၂၂၀၀၀ ကျော်ကို ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

မန္တလေးမြို့တွင် မေ ၁၃ ရက်မှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ဈေးရောင်းချသူများနှင့် လာရောက်ဈေးဝယ်သူများအားလုံး ဈေးအတွင်းသို့ နှာခေါင်းစည်းမတပ်ဆင်ဘဲ ဝင်ရောက်ခွင့်မပြုရန် စည်းကမ်းသတ်မှတ်ခဲ့သည့်အပြင် နှစ်ဆန်းတစ်ရက် နောက်ပိုင်းမှစ၍ နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိဘဲ ပြင်ပ၌ သွားလာသူများအား ဥပဒေအရ အရေးယူရန် ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါအစီအစဉ် မစတင်မီကာလ၌ မန္တလေးမြို့တွင်းရှိ အသွားအလာများပြားသည့် နေရာများတွင် ပြန်လည်လျှော်ဖွပ် အသုံးပြုနိုင်သည့် ပြည်တွင်းဖြစ် နှာခေါင်းစည်းများ ချုပ်လုပ်ကာ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



# ဝန်းသိုမြို့နယ်၌ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အမီ စာသင်ကျောင်းဆောက်လုပ်လျက်ရှိ

**ဝန်းသို မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကောင်းကွေ့ကျေးရွာ၌ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အမီ ကလေးများပညာရေးအတွက် စာသင်ကျောင်းဆောင်ဆောက်လုပ်မှုမှာ လုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ဦးကြည်စိုးထံမှ သိရသည်။

စာသင်ကျောင်းဆောင်၏ အတိုင်းအတာမှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိပြီး ယင်းစာသင်ကျောင်းဆောင်အား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၊ အလှူရှင်များနှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၀၀ ကျော်တို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

ယခုအခါ စာသင်ကျောင်းဆောင်မှာ လုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း၊ ကျောင်းဆောက်လုပ်ပြီးစီးပါက မိုးတွင်းတွင် လယ်ကြိုလယ်ကြားဖြတ်ရသည့် အခက်အခဲ၊ သံလမ်းကျော်၍ ကျောင်းသွားရသည့်အခက်အခဲ၊ မိဘများ၏ စိုးရိမ်ပူပန်ရမှု၊ ကလေးများကို အကြိုအပို့ပြုလုပ်ရသည့်မိဘများ ဝန်တစ်ခုလျော့နည်းသွားမည်ဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ဦးကြည်စိုးက ပြောသည်။

**မွေးကြူဗင်**

# တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်



ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့ သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး တောင်ငူမြို့ရှိ အသွားအလာကန့်သတ်ရေးစခန်းများအား လှည့်လည်ကြည့်ရှု

ပဲခူး မေ ၂၅

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးသည် မေ ၂၃ ရက်က တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ခရိုင်ကော်မတီအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီး နှာခေါင်းစည်း ၆၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် အလျားပေ ၆၀၊ အနံပေ ၄၀၊ အမြင့် ၂၈ ပေရှိ နှစ်ထပ် အာစီအမျိုးအစား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ဦးအေးမင်းဝင်းတို့သည် အသွားအလာကန့်သတ်ရေးစခန်းများဖြစ်သည့် မြို့မအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ TTC ကျောင်းဟောင်း၊ ပညာရေးကောလိပ်တို့ရှိ စောင့်ကြည့်ပြည်သူများအား ကြည့်ရှုပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များက လိုအပ်ချက်အရ ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးခွန်းများကို National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ ဆက်သွယ်မေးမြန်းနိုင်

**ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးခွန်းများကို မိမိတို့ မိုဘိုင်းဖုန်းမှတစ်ဆင့် National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ နေ့စဉ် နံနက် ၈ နာရီမှ ည၈နာရီအတွင်း မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။**

"ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ မှန်မှန်ကန်ကန် သိရှိအောင်၊ ကျန်းမာရေးဗဟုသုတတွေ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိသွားအောင် ရည်ရွယ်ပြီး Call Center ကို ဖွင့်လိုက်တာပါ။ ပြည်သူတွေ မေးလာတဲ့ မေးခွန်းတွေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

Call Centre တွင် ဆေးသုတေသနဦးစီးဌာနမှ ဆရာဝန် ၄၅ ဦးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၉ ဦးတို့က အဖွဲ့ ရှစ်ဖွဲ့ ခွဲကာ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ တာဝန်ချိန် နှစ်ပိုင်းခွဲ၍ တာဝန်ချိန်တစ်ပိုင်းစီတွင် ကြီးကြပ်သူအပါအဝင် ဆရာဝန် ရှစ်ဦးတို့က တာဝန်ယူဖြေကြားပေးလျက်ရှိကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"၂၀၁၉ နံပါတ်ကို နှိပ်လိုက်ရင် ပိုက်ဆံပေးစရာမလိုဘဲ အခမဲ့ခေါ်ဆို မေးမြန်းစုံစမ်းနိုင်ပါတယ်။ ဆေးသုတေသနဦးစီးဌာနက ကျန်းမာရေးဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံဆရာဝန်အသင်းက စေတနာ့ဝန်ထမ်းဆရာဝန်တွေ ပူးပေါင်းပြီး ကိုဗစ်-၁၉ နဲ့ပတ်သက်လို့ ပြည်သူတွေ သိချင်တာတွေကို ဖြေကြားပေးနေပါတယ်။ ကျေးလက်ဒေသတွေကလည်း မေးမြန်းနိုင်တဲ့အတွက် ဒီလုပ်ဆောင်ချက်က ထိရောက်အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ပြည်သူတွေ သိချင်တာတွေ မေးမြန်းတဲ့အခါ ဒီဘက်က ပြန်ဖြေတဲ့သူတွေကလည်း ဆရာဝန်တွေဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ယုံကြည်မှုက နဂိုကတည်းက ရှိထားပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ စိတ်ကျေနပ်မှုကို Call Center ကနေ ရရှိပြီးဖြစ်ပါတယ်။ Call Center ဖွင့်တာက ပြည်သူတွေအတွက် အကျိုးရှိတယ်လို့ ယုံကြည်ပါတယ်" ဟုဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

အဆိုပါ National COVID-19 Call Center ကို မေ ၉ ရက်မှစတင်ကာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ် (၅) ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) တွင် ဖွင့်လှစ်လိုက်ပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အများပြည်သူ သိရှိလိုသည်များကို ဖြေကြားပေးနေကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

ယခု Call Center သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှု၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ လူနာများရှာဖွေကုသခြင်း စသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိလိုသည်များ ဆက်သွယ်မေးမြန်းနိုင်စေရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။



ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း
ညွှန်ကြားရေးမှူးချုပ်



ဒေါက်တာမျိုးမျိုးမွန်
ဒုတိယညွှန်ကြားရေးမှူး

Call Center သို့ ပြည်သူလူထုမှမေးမြန်းမှု များပြားသည့်အတွက် ကိုဗစ်-၁၉ နှင့် သက်ဆိုင်သော ပြည်သူလူထု အမေးများနိုင်သည့် ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များအား စက်မှအလိုအလျောက်ဖြေကြားခြင်းရှိသလို ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက လိုင်းခွဲနံပါတ် (၀) သို့ ခေါ်ဆိုနိုင်ပြီး လူတစ်ဦးလျှင် အချိန် ခြောက်မိနစ်ခန့် မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရန်ကုန်အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တော်တော်များများက မေးကြပါတယ်။ ခေါ်ဆိုခက အခမဲ့ဆိုတော့ တော်တော်များများ မေးကြပါတယ်။ အခုလို Call Center လုပ်ပေးတဲ့အတွက် ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ဘယ်ကိုမေးရမှန်းမသိတဲ့သူတွေ၊ တချို့သော သတင်းအမှားတွေ ပြန့်နေတာနဲ့ ပတ်သက်လို့ စိုးရိမ်ကြောင့်ကြနေသူတွေအတွက် အခုချိန်မှာ အပြင်ထွက်ပြီးဆေးခန်းတွေ လိုက်ရှာမေးဖို့ကလည်း အခက်အခဲရှိကြတော့ အခုဆရာဝန်နဲ့ တိုက်ရိုက်မေးမြန်းရတဲ့အတွက် အများကြီးအကျိုးရှိကြမှာပါ။ အမေးများတာက ကာကွယ်ခြင်းနဲ့ ထိန်းချုပ်ခြင်းအကြောင်းတွေ အမေးများပါတယ်။ ရောဂါကူးစက်ပုံ နည်းလမ်းတွေလည်း အမေးများတယ်။ အချိန်နဲ့ အမျှ ဖြစ်နေတာတွေလည်း မေးကြတယ်။ ဒီအချိန်မှာ ဖျားတာနာတာဖြစ်နေရင် ဘာလုပ်ရမလဲဆိုတာမျိုးလည်း စိုးရိမ်ပြီးမေးကြတာ ရှိပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးမွန်က ပြောသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး "2019" သို့ ခေါ်ဆိုပြီး လိုင်းခွဲနံပါတ် - ၁ တွင် ရောဂါလက္ခဏာများအကြောင်း၊ လိုင်းခွဲနံပါတ် - ၂ တွင် ကူးစက်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ် - ၃ တွင် ကာကွယ်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ် - ၄ တွင် အသွားအလာကန့်သတ်ခြင်းအကြောင်း၊ လိုင်းခွဲနံပါတ် - ၅ တွင် နောက်ဆုံးရ ကိုဗစ်-၁၉ ပိုးတွေ့လူနာအရေအတွက်အကြောင်းတို့ကို လိုင်းခွဲနံပါတ် ငါးခုမှ အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့မှာ အခက်အခဲတချို့ရှိပါတယ်။ အများစုကတော့ သိချင်လို့ မေးမြန်းကြတယ်။ နှောင့်ယှက်တဲ့ ဖုန်းခေါ်ဆိုမှုတွေလည်း ရှိပါတယ်။ ဘယ်လောက်ထိ နှောင့်ယှက်သလဲဆိုရင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြီး ပြောတာတွေရှိတယ်။ သီချင်းတောင်းသလို ရယ်စရာလုပ်တာတွေ ပါတယ်။ တစ်ဦးချင်း ဒါမှမဟုတ် အုပ်စုလိုက်ဖွဲ့ပြီး ရယ်စရာဟာသလုပ်တာတွေ၊ မသက်ဆိုင်တဲ့ အကြောင်းပြောတာတွေ ပါပါတယ်။ ကလေးတွေကနေ အကြိမ်ကြိမ်ခေါ်နေတာတွေလည်း ရှိပါတယ်။ တချို့က ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုသွားတယ်။ ကြာတော့ စိတ်အနှောင့်အယှက်ဖြစ်ကြရတယ်။ မေတ္တာရပ်ခံချင်တာက ဒီလိုအချိန်မှာ ဖြေဆိုရတဲ့သူတွေအတွက် အခက်အခဲတွေ့ရပါတယ်။ မနှောင့်ယှက်ဖို့ မေတ္တာ ရပ်ခံချင်ပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးမွန်က ပြောသည်။

Call Centre တွင် ဖြေကြားပေးမည့် ဆရာဝန်များအား တာဝန်ချထားခြင်း မပြုမီ လူထုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနည်းလမ်းများကို ဒေါက်တာသန်းထွန်းစိန် ညွှန်ကြားရေးမှူး(ငြိမ်း) ဆေးသုတေသနဦးစီးဌာနက လည်းကောင်း၊ Call Centre နည်းပညာဆိုင်ရာ အကြောင်းအရာများကို ဦးထွန်းထွန်းနိုင် Blue Ocean Investment Limited က လည်းကောင်း၊ လူထုကျန်းမာရေးအသိပညာမြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဒေါက်တာသန်းနိုင်စိုး ညွှန်ကြားရေးမှူး ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လည်းကောင်း အသီးသီး ဆွေးနွေးပို့ချပေးခဲ့ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

National COVID-19 Call Centre အကောင်အထည်ဖော်နိုင်ရန် Call Centre ဆိုင်ရာနည်းပညာများကို Blue Ocean Investment Limited က လည်းကောင်း၊ မေးမြန်းလိုသူများ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT, Telenor, Oredoo, Mytel တို့က လည်းကောင်း အခမဲ့ဝန်ဆောင်မှုပေးကြပြီး လိုအပ်သော ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ တာဝန်ကျဆရာဝန်များအား ကျွေးမွေးစရိတ်တို့ကို UNICEF အဖွဲ့မှ ကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။

**သတင်း- မင်းသစ် (MNA)၊ ဓာတ်ပုံ- နေလင်း**

# အီကွေဒေါကပေးတဲ့သင်ခန်းစာနှင့် သတင်းမှားများကိုကာကွယ်ပါ

ခင်ရတနာ

**၂၀၂၀ ပြည့်နှစ် ဧပြီလဆန်းပိုင်းက တောင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် အီကွေဒေါတွင် ကိုဗစ်-၁၉ကြောင့် နိုင်ငံ၏ ကျန်းမာရေးစနစ်ပြိုလဲပြီး လမ်းပေါ်တွင် အလောင်းများကို သင်္ဂြိုဟ်မည့်သူမရှိ ပစ်ထားနေရသည် ဟူသည့်သတင်းများ၊ ဓာတ်ပုံများနှင့် ရုပ်သံများကြောင့် တစ်ကမ္ဘာလုံးက တုန်လှုပ်ခဲ့ရသည်။ လူမှုကွန်ရက်များ၊ ဒစ်ဂျစ်တယ်မီဒီယာများမှ ပျံ့နှံ့လာသည့် ထိုသတင်းသည် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကိုဗစ်-၁၉ ကို ခံစားနေရသည့် ကမ္ဘာသူ၊ ကမ္ဘာသားများအတွက်တော့ အတော်ပင်ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှသည်။**

များပြားလှသည့် ကြည့်ရှုသူများ၊ ဆုတောင်းပေးသူများ၊ အစိုးရကို ဝေဖန်ပုတ်ခတ် ရှုတ်ချသူများ၏ မှတ်ချက်မျိုးစုံက သိန်းသောင်းချီခဲ့ကြသော်လည်း အီကွေဒေါအစိုးရ၏တတ်စွမ်းသလောက်ကြိုးပမ်းနေမှု၊ ပြန်လည်ဖြေရှင်းမှုများကိုမူ သတိပြုဖြန့်ဝေမိသူမှာ မူလသတင်းဖြန့်ဝေမှု၏ အပုံ ၁၀၀ ပုံ တစ်ပုံပင်မပြည့်သည်ကို သတိပြုမိသည်။

> **❑ အီကွေဒေါနိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်နိုင်စွမ်းထက်ကျော်လွန်၍ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို အခြားနိုင်ငံများနည်းတူ အပြင်းအထန် ခံစားနေရပြီး အစိုးရက တတ်နိုင်သမျှ နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ကူးစက်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် လူမှုကွန်ရက်များနှင့် အင်တာနက်စာမျက်နှာများပေါ်၌ ရည်ရွယ်ချက်ရှိရှိ သတင်းမှားများတင်သည့် အန္တရာယ်ကို အထူးအလေးထားကြရန် သတိပေးလိုကြောင်း ယူနက်စကိုဆိုင်ရာ အီကွေဒေါအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးက ထုတ်ပြန်ကြေညာထားသည်။**

## သတင်းမှားဖြန့်ဝေနေမှုများ

ယင်းကိစ္စနှင့်ပတ်သက်၍ ယူနက်စကိုဆိုင်ရာ အီကွေဒေါ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက ဧပြီ ၉ ရက်တွင် ယူနက်စကို အတွင်းရေးမှူးချုပ်ထံသို့ လိပ်မူကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအား ကာကွယ်တိုက်ဖျက်ရာတွင် လူမှုကွန်ရက်နှင့် ဒစ်ဂျစ်တယ်မီဒီယာတို့၌ သတင်းအမှားများဖြန့်ချိမှုအန္တရာယ် ကြီးမားကြောင်း ပေးပို့ခဲ့ပြီး ယူနက်စကိုကလည်း အဖွဲ့ဝင်နိုင်ငံများအားလုံးသို့ သတိပြုမိရန် ပြန်လည်မျှဝေထားခဲ့သည်။ သို့သော် အမှားကို အမှန်ပြင်သည့် သတင်းသည်ကား အမှောင်ထုကြီးထဲမှ ပိုးစုန်းကြူးငယ်၏ အလင်းရောင်သဖွယ် အမိုက်တိုက်ကို တိုးမပေါက်နိုင်ခဲ့။ ယနေ့ထက်တိုင်ပင် သတင်းမှားဖြန့်ဝေနေမှုများ ရပ်ဆိုင်းမသွားသေးသည်ကိုလည်း မြင်တွေ့ရသည်။

အီကွေဒေါနိုင်ငံသို့ ဆောင်းရာသီပြီးဆုံးခါနီးတွင် ကိုဗစ်-၁၉ ရောဂါပိုးသည် စပိန်နှင့် အီတလီနိုင်ငံပြန်များမှတစ်ဆင့် ကူးစက်လာခဲ့ပြီး Guayaquil မြို့သည် ရောဂါအတော်လေး ကူးစက်ပျံ့နှံ့ခြင်းခံစားရသည့်မြို့ ဖြစ်သည်။ ဒေသခံများသည် သီးခြားစောင့်ကြည့်သည့် Quarantine လိုက်နာမှုအားနည်းသည့်အပြင် ရောဂါကူးစက်ပုံ ဓာတ်မြစ်ကိုလည်း ကောင်းစွာမဖော်ထုတ်နိုင်ခဲ့သဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ ကူးစက်ခံရပြီး သေဆုံးသူများကိုလည်း လာရောက်သယ်ယူရန် ကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။

## သတင်းမှားအန္တရာယ် အထူးအလေးထား

အီကွေဒေါနိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်နိုင်စွမ်းထက် ကျော်လွန်၍ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို အခြားနိုင်ငံများနည်းတူ အပြင်းအထန်ခံစားနေရပြီး အစိုးရက တတ်နိုင်သမျှ နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ကူးစက်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် လူမှုကွန်ရက်များနှင့် အင်တာနက်စာမျက်နှာများပေါ်၌ ရည်ရွယ်ချက်ရှိရှိ သတင်းမှားများတင်သည့် အန္တရာယ်ကို အထူးအလေးထားကြရန် သတိပေးလိုကြောင်း ယူနက်စကိုဆိုင်ရာ အီကွေဒေါအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးက ထုတ်ပြန်ကြေညာထားသည်။

အင်တာနက်စာမျက်နှာများပေါ်တွင် စတင်ပျံ့နှံ့ပုံမှာ လူကြည့်များသည့် အင်တာနက်ကျော်ကြားသူတစ်ဦးက သူ့စာမျက်နှာတွင် အီကွေဒေါ ဘာမှမဖြစ်ဘူး၊ အားလုံးသွားလာလို့ရတယ်ဆိုသည့်သဘော လွှင့်တင်ခဲ့ရာတွင် ဝေဖန်မှုများစွာ၊ ထပ်ဆင့်ဖြန့်ချိမှုများစွာဖြစ်ခဲ့ပြီး ရောဂါကူးစက်ခံရပြီး သေဆုံးသူများ၏ ရုပ်အလောင်းများကိုလည်း အချိန်မီလာရောက်သယ်ယူမှု ပျက်ကွက်ခဲ့ခြင်းအပေါ် မကျေနပ်သူများက အခေါင်းများ၊ အိမ်ထောင်ပရိဘောဂများကို မီးရှို့ခဲ့ကြသဖြင့်လည်း မူရင်းအဖြစ်အပျက်ထက် ကျော်လွန်သည့် ပိုမိုဆိုးရွားသော သတင်းအမှားများအဖြစ်ရောက်ရှိကာ တစ်ကမ္ဘာလုံးသို့ ချက်ချင်းပျံ့နှံ့သွားရခြင်းဖြစ်သည်။

> **“ ယနေ့ခေတ်တွင် သတင်းတစ်ခုကို မြင်တွေ့ရပါက အဖြစ်မှန် စိစစ်နိုင်ရန်နှင့် အတည်ပြုနိုင်ရန် မြန်ဆန်သည့် နည်းလမ်းများစွာ ရှိနေပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်၍လည်း ဆက်စပ်သည့်သတင်းအချက်အလက် တစ်ခုရရှိသည့်အခါ မိမိကိုယ်မိမိ ပြန်လည်မေးခွန်းထုတ်သင့်ပြီး ယင်းမေးခွန်းများသည် အဖြစ်မှန်နှင့် လုပ်ကြံသတင်းများကို ဝေဖန်ပိုင်းခြားရန် အထောက်အကူပြုနိုင်ပါသည်။”**

## အခက်အခဲများကြုံတွေ့

မေ ၂၅ ရက် နောက်ဆုံးရလဒ်များအရမူ အီကွေဒေါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၇၁၉ ဦးခန့်ရှိနေပြီး သေဆုံးသူ ၅၇၆ ဦးနှင့် ပြန်လည်ကောင်းမွန်သူ ၁၃၆၆ ဦးခန့်ရှိနေပြီ ဖြစ်သည်။ အီကွေဒေါတွင် ရောဂါကာကွယ်ပေးနိုင်မှု အားနည်းခဲ့ပြီး သင်္ဂြိုဟ်သည့်စနစ်မှာလည်း ဝန်ထမ်းများနှင့် ရေခဲတိုက်များ မလုံလောက်ခြင်း၊ အရေးပေါ် မီးသင်္ဂြိုဟ်သည့်စနစ်များ အားနည်းခြင်းစသည့် လိုအပ်ချက်များကြောင့် ယခုကဲ့သို့ အခက်အခဲများ ကြုံတွေ့ခဲ့ရခြင်းဖြစ်သဖြင့် သက်ဆိုင်ရာအစိုးရက တတ်စွမ်းသမျှ ပြုပြင်ဖြည့်ဆည်းနေသည်ကိုလည်း ခိုင်မာသည့်သတင်းရင်းမြစ်များတွင် မြင်တွေ့ရသည်။

အီကွေဒေါသည် ရောဂါကူးစက်မှုကို တိုက်ဖျက်နေစဉ်ကာလအတွင်း ကျန်းမာရေးကဏ္ဍ၌ အကျပ်အတည်းများ ပိုမိုဖြစ်ပေါ်စေရန်၊ ပြတ်လပ်မှုများနှင့် ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားစေရန်၊ အုပ်ချုပ်မှုစနစ်ကို ထိပါးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မှားယွင်းသော ဒစ်ဂျစ်တယ်သတင်းစကားများ ဖြန့်ချိသည့် နိုင်ငံတကာလှုပ်ရှားမှုများ၏ သားကောင်အဖြစ်သို့ ရောက်ရှိခဲ့ရခြင်းမှာ ဆင်ခြင်သတိပြုဖွယ်ပင် ဖြစ်ပါသည်။

တစ်ကမ္ဘာလုံး၌ ကူးစက်ရောဂါနှင့်ရင်ဆိုင်နေရချိန်တွင် လူမှုကွန်ရက်များနှင့် အင်တာနက်စာမျက်နှာများပေါ်၌ ရည်ရွယ်ချက်ရှိရှိ သတင်းမှားများတင်သည့် အန္တရာယ်ကို အထူးအလေးထားကြရမည်မှာ အီကွေဒေါနိုင်ငံက သာဓကတစ်ရပ်ပင် ဖြစ်ပါသည်။ အထင်အမြင်လွဲမှားစေသည့် သတင်းမှားများကို ဖြန့်ချိနေမှုသည် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ရင်ဆိုင်နေရသည့် ဒီမိုကရေစီအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုအပေါ်ထားရှိသည့် ပြည်သူလူထု၏ ယုံကြည်မှုကို လျော့ကျစေပြီး ရောဂါတိုက်ဖျက်ရေးနှင့် လူထု၏ကျန်းမာရေးအတွက် ဆက်သွယ်ဆောင်ရွက်မှုများအပေါ် ထိပါးစေသည်ကို သတိချပ်သင့်သည်ဟု ယူဆမိပါသည်။

## အမှားနှင့်အမှန် တန်ဖိုး

ဓာတ်ပုံတစ်ပုံသည် သတင်းစာသားများစွာထက် ပိုမိုထိရောက်သည်ဟု အဆိုရှိသည်။ သို့သော် ဓာတ်ပုံတစ်ပုံသည် အမှန်တရားကို မည်မျှကိုယ်စားပြုသည်၊ မည်မျှထပ်တူကျနိုင်သည်ကိုကား မည်သူမျှ အတိအကျ မခန့်မှန်းနိုင်သည့်အခါမျိုးလည်း ရှိတတ်ခဲ့ဖူးသည်။ ၁၉၆၀ ပြည့်လွန်နှစ်များဆီက အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစစ်ပွဲကာလအတွင်း စစ်ဝတ်စုံအပြည့် ဝတ်ဆင်ထားသည့် အရာရှိတစ်ဦးက အရပ်ဝတ်ဝတ်ဆင်ထားသူတစ်ဦးကို သေနတ်ဖြင့် ပစ်သတ်ကွပ်မျက်နေပုံတစ်ပုံ ကမ္ဘာကျော်ခဲ့ဖူးပြီး ယင်းဓာတ်ပုံကြောင့် စစ်ပွဲအပေါ် လူထု၏အမြင်ကို ပြောင်းလဲသွားစေခဲ့သည်။ သို့ရာတွင် ယင်းဓာတ်ပုံ၏ နောက်ကွယ်မှ အကြောင်းအရာများ ပေါ်ပေါက်လာသည့်အခါ ဝိဝါဒကွဲပြားမှုများ ပေါ်ပေါက်ခဲ့ဖူးသည်။ အမှန်စင်စစ် စစ်ပွဲကာလအတွင်း အကျဉ်းနည်းဖြင့် ကွပ်မျက်ခံလိုက်ရသည့် အရပ်ဝတ်ဝတ်ထားသူသည် အပြစ်မဲ့သည့် မိသားစုဝင်များကို အစုလိုက်အပြုံလိုက်သတ်ခဲ့သည့် စစ်ရာဇဝတ်ကောင်တစ်ဦးဖြစ်ပြီး သတင်းဓာတ်ပုံဆရာသည် သူကိုယ်တိုင် ခက်ခဲပင်ပန်းစွာ ရိုက်ကူးခဲ့သည့် ယင်းဓာတ်ပုံ၏ အမှားနှင့်အမှန်တန်ဖိုးများကို ပြန်လည်ချင့်ချိန်ရင်း များစွာ တွေဝေမှုဖြစ်ခဲ့ရသည်ဟုလည်း ဖတ်ရှုခဲ့ရဖူးသည်။

ယူနက်စကိုသည် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် အဖြစ်မှန်များ စိစစ်နိုင်ရန် နည်းလမ်းအချို့ကိုလည်း တစ်ကမ္ဘာလုံးကို ဖြန့်ဝေထားသည်ကို မြင်တွေ့ရသည်။ ယနေ့ခေတ်တွင် သတင်းတစ်ခုကို မြင်တွေ့ရပါက အဖြစ်မှန် စိစစ်နိုင်ရန်နှင့် အတည်ပြုနိုင်ရန် မြန်ဆန်သည့်နည်းလမ်းများစွာရှိနေပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်၍လည်း ဆက်စပ်သည့် သတင်းအချက်အလက်တစ်ခုရရှိသည့်အခါ မိမိကိုယ်မိမိ ပြန်လည်မေးခွန်းထုတ်သင့်ပြီး ယင်းမေးခွန်းများသည် အဖြစ်မှန်နှင့် လုပ်ကြံသတင်းများကို ဝေဖန်ပိုင်းခြားရန် အထောက်အကူပြုနိုင်ပါသည်။

ယင်းအချက်များကိုတော့ ဘခြောက်လုံးဟူ၍ သတင်းသမားများအားလုံးသိရှိကြမည်ဖြစ်ပြီး မှန်ကန်ပြီး ကျင့်ဝတ်စောင့်ထိန်းသည့် သတင်းသမားတိုင်းသည် ယင်းအချက်အလက်များကို မှန်ကန်ပြည့်စုံအောင်၊ တိကျခိုင်မာအောင် တင်ဆက်ကြသည်ချည်း ဖြစ်ပါသည်။

### ဘယ်သူကလဲ (Who)

ဘယ်သူက ဒီသတင်းကို လွှင့်တင်တာလဲ။ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူမျိုးလား၊ သတင်းလွှင့်တင်သူသည် အမှီအခိုကင်း၍ ဓမ္မဓိဋ္ဌာန်ကျကျတွေးခေါ်သူ ဟုတ်နိုင်ရဲ့လား သို့မဟုတ် မိမိတစ်ဦးတည်းခံစားချက်ကို ဦးစားပေးသူလား။ သတင်းသည် သတင်းရင်းမြစ်များစွာ ကိုးကား ထားသလား။ ကိုးကားသည့် သတင်းရင်းမြစ်များသည် အခြားသောသတင်းများတွင် ဖော်ပြထားမှုရှိသလား။ သတင်းကို မည်သူရေးသလဲနှင့် ရေးသားသူသည် မည်သို့သောလူမျိုးဖြစ်သလဲ။ သတင်းတွင်ပါဝင်သည့် အချက်အလက်များသည် နာမည်ကောင်းရထားသည့် အဖွဲ့အစည်းတစ်ခုခုနှင့် ဆက်စပ်ပါသလားဆိုသည်ကို သတိပြုရန် လိုအပ်ပါသည်။

### ဘယ်အကြောင်းအရာပါသလဲ (What)

အစီအစဉ်သည် ဘယ်လိုအစီအစဉ်မျိုးလဲနှင့် မည်သည့်နောက်ခံအကြောင်းအရာ ရှိသလဲ။ မည်သို့သော သတင်းအမျိုးအစားလဲနှင့် သတင်းတုများကို လူစိတ်ဝင်စားစေရန်နှင့် ဝင်ရောက်ဖတ်ရှုစေရန် ရေးထားသည့်ပုံစံလားဆိုသည်ကိုလည်း စိစစ်နိုင်ပါသည်။

### ဘယ်နေရာမှာပါသလဲ(Where)

သတင်းတစ်ခုကြားရပါက ဘယ်ကနေသိရသလဲ။ ယုံကြည်စိတ်ချရသည့် သတင်းရင်းမြစ်မှသိရှိရပါသလားနှင့် သတင်းတင်ထားသည့် ဝက်ဘ်ဆိုက်သည် သရော်စာနှင့် အထေ့အငေါ့စာများကို အသားပေးသည့် ဝက်ဘ်ဆိုက်မျိုးဖြစ်နေသလား။ ဓမ္မဓိဋ္ဌာန်မကျသည့်၊ မိမိတစ်ဦးတည်း ခံစားချက်ကို သိသိသာသာ ဦးစားပေးထားသော သတင်းများသာတွေ့ရသည့် ဝက်ဘ်ဆိုက်မျိုး ဖြစ်နေသလား။ အခြားမည်သည့်နေရာတွင် အဆိုပါသတင်းကို တွေ့ရသေးသလဲဆိုသည့်အချက်များနှင့်လည်း ချိန်ကိုက်နိုင်ပါသည်။

### ဘယ်အချိန်ကလဲ(When)

မည်သည့်အချိန်က သတင်းလွှင့်တင်ခဲ့သည်။ ကြေညာခဲ့သည်ဟူသည့်အချက်ကို သတိပြုခြင်းဖြင့်လည်း သတင်းမှန်မမှန် ချိန်ကိုက်နိုင်ပါသည်။

### ဘာကြောင့်လဲ(Why)

မည်သည့်ရည်ရွယ်ချက်ဖြင့် သတင်းကို လွှင့်တင်ခဲ့သလဲ။ ဘာကြောင့် ယခုအချိန်တွင် သတင်းကိုတိုက်ဆိုင်စွာ မြင်တွေ့ရသလဲ။ အဆိုပါအချက်သည် တစ်စုံတစ်ရာကို ဆောင်ရွက်မိစေရန် ရည်ရွယ်ချက်ရှိရှိ စေ့ဆော်တိုက်တွန်းပေးနေသည့်သဘောမျိုးဖြစ်မလားဆိုသည်ကိုလည်း သတိပြုမိရန် လိုအပ်ပါသည်။

### ဘယ်လိုလဲ(How)

မည်သည့်ပုံစံမျိုးဖြင့် သတင်းရေးသားထားသလဲနှင့် လိုအပ်သည်ထက် ပိုမိုနေသည့် ပုဒ်ဖြတ်ပုဒ်ရပ်များ၊ စာလုံးကြီးကြီးဖြင့် ရေးသားထားခြင်းများ တွေ့ရသလား။ လူစိတ်ဝင်စားစေရန်နှင့် တမင်သတင်းကို ကြီးအောင် ဖန်တီးထားသည့်ခေါင်းစီးများ တွေ့ရသလား။ သတင်းကို မီဒီယာများ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် တစ်ဦးဦးက သင့်ကိုမသိစေချင်သည့် အကြောင်းအရာများဖြစ်သည်ဟု ဖော်ပြချက်များကို တွေ့ရသလား စသည်ဖြင့် မိမိကိုယ်ကိုယ် ပြန်လည်မေးခွန်းထုတ်ခြင်းအားဖြင့် သတင်းမှားများကို ကိုယ်ပိုင်အသိဖြင့် ဝေဖန်ပိုင်းခြားစေလိုကြောင်း ယူနက်စကိုက အသိပေးချက်ထုတ်ပြန်ထားပါသည်။

မိမိတို့နိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါကို အခြားကမ္ဘာသူ၊ ကမ္ဘာသားများနည်းတူ ခံစားနေရချိန်ဖြစ်ရာ ပြည်သူများအတွက် မှန်ကန်သောသတင်းအချက်အလက်များရရှိနိုင်မှုသည် အရေးကြီးချိန်ဖြစ်ပါသည်။ သတင်းအမှားများကို ကာကွယ်တားဆီးရန် နိုင်ငံတော်အစိုးရကလည်း နေ့စဉ်သတင်း ထုတ်ပြန်ချက်များ၊ တိုက်ရိုက်ထုတ်လွှင့်ချက်များ၊ အသိပေးချက်များဖြင့် သတင်းမှန်သိရှိစေရေး ကြိုးပမ်းနေသည်ဖြစ်ရာ ခံစားချက်မျိုးစုံ၊ ရည်ရွယ်ချက်မျိုးစုံဖြင့် ပေါ်ပေါက်လျက်ရှိသည့် မှားယွင်းသော ဒစ်ဂျစ်တယ်သတင်းစကားများအား မိမိတို့အသိ၊ သတိတရားဖြင့် တွန်းလှန်တိုက်ဖျက်နိုင်ပါရန် ဆန္ဒပြုလိုက်ရပါသည်။ ။



## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း "စု" အသက်မွေးဝမ်းကျောင်း၌ ဖျားနာလူနာများအား ဆေးကုသမှုပေးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၂၅**

လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ကာလအတွင်း ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ "စု" အသက်မွေးဝမ်းကျောင်းကို ဖျားနာလူနာများကုသမှု ဆေးခန်းအဖြစ်ထားရှိပြီး ဖျားနာလူနာများအား ဆေးကုသမှုပေးရန် ကြိုတင်ပြင်ဆင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများသည် ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသောစံနှုန်းများနှင့်အညီ ဖျားနာလူနာများကုသမှု ဆေးခန်းဖွင့်လှစ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ဖျားနာလူနာ ကုသရေးဆေးခန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖျားနာလူနာ ကုသရေးဆေးခန်းအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ စံနှုန်းများနှင့်အညီထားရှိပြီး ကြိုတင်ပြင်ဆင်မှုများ စစ်ဆေးကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၂၅၆ | ၁၄၄ |

| ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ | သေဆုံးသူ |
|---|---|
| ၉ | ၅ |

**စောင့်ကြည့်လူနာ စုစုပေါင်း - ၂၆၅၁**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ ပြန်လည်သက်သာ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၂ | ၇ | ၄ |
| ၂ | ပဲခူး | ၇ | - | ၁ |
| ၃ | စစ်ကိုင်း | ၆ | - | - |
| ၄ | ချင်း | ၅ | - | - |
| ၅ | ရှမ်း(ရှေ့) | ၃ | - | - |
| ၆ | မန္တလေး | ၃ | ၁ | - |
| ၇ | ရှမ်း (တောင်) | ၂ | - | - |
| ၈ | ရှမ်း (မြောက်) | ၂ | - | - |
| ၉ | နေပြည်တော် | ၁ | ၁ | - |
| ၁၀ | မွန် | ၁ | ၁ | - |
| ၁၁ | မကွေး | ၁ | - | - |
| ၁၂ | ကချင် | ၁ | - | - |
| စုစုပေါင်း | | ၁၄၄ | ၁၀ | ၅ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၊ ၂၅-၄-၂၀၂၀ ရက် ည(၈)နာရီ

## ရေနံချောင်းမြို့နယ် မကျီးကုန်းကျေးရွာတွင် သောက်သုံးရေဂါလန် ၅၀၀၀ ဖြန့်ဝေ

**ရေနံချောင်း ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချောင်းဆုံကျေးရွာအုပ်စု မကျီးကုန်းကျေးရွာတွင် ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေ ဖူလုံစေရေးအတွက် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် ဝန်ထမ်းများက ရေဂါလန် ၅၀၀၀ ကို ယနေ့နံနက် ၁၀ နာရီက ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။



ကျေးလက်နေ ပြည်သူများ နွေရာသီကာလ သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ များ သွားရောက်ဖြန့်ဝေပေးရာတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေနံချောင်းမြို့ အဖြူရောင်ပရဟိတအသင်းမှ ရေသယ်ယာဉ်ဖြင့် ရေနံချောင်းမြို့နယ် မကျီးကုန်းကျေးရွာရှိ အိမ်ခြေ ၁၁၈ အိမ်မှ လူဦးရေ ၆၁၈ ဦးတို့အတွက် ရေဂါလန် ၅၀၀၀ အား သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် အိမ်ထောင်စုများအလိုက် စနစ်တကျ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် သောက်သုံးရေများ လှူဒါန်းလိုပါက ရေဂါလန် ၁၆၀၀ ပါ ကားတစ်စီးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင် ဖုန်းနံပါတ် ၀၉-၂၃၀၀၉၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ပင်လောင်း၌ အရှိန်အဟုန်မြှင့်

**ပင်လောင်း ဧပြီ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ဌာနဆိုင်ရာများ၊ မြို့နယ် ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ မိမိကစ၍ကာကွယ်ပါ အဓိကသတင်း စကား(၁၀)ချက်နှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလ မိမိနေအိမ်တွင် နေထိုင်စဉ် လိုက်နာဆောင်ရွက်ရန် အချက်များကို မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ပြည်သူများသိရှိစေရန်အတွက် လိုက်လံအသိပေးကြေညာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး ကျန်းမာရေးစစ်ဆေး အသိပညာပေး

**ကွန်ဟိန်း ဧပြီ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့၌ ယနေ့ နံနက် ၇ နာရီမှစ၍ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်လာသည့် မော်တော်ယာဉ်များတွင် မြို့နယ်အတွင်း နေထိုင်သူများ ပါရှိခြင်း ရှိ/မရှိ စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း၊ မြို့နယ်အတွင်း သွားလာနေသည့် မော်တော်ယာဉ်များအား ကျန်းမာရေး စစ်ဆေး ခြင်း၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများအပြင် လူစုလူဝေးရှိသည့် နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရန်နှင့် သတ်မှတ်စောင့်ကြည့်ကာလ ၂၁ ရက်ကို အသွားအလာကန့်သတ်ပြီး အိမ်၌ သီးခြားနေထိုင်ရန် ပညာပေးခြင်းများအား ဆောင်ရွက်ခဲ့သည်။

**ပြည့်(ပြန်/ဆက်)**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ဓာတ်ခွဲနမူနာများကို ဘေးကင်းလုံခြုံစွာရယူနိုင်ရန် ရောဝတီဖောင်ဒေးရှင်းက Protective Chamber များလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

**မြန်မာနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ကုသရေးတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် နိုင်ငံအနှံ့အပြားရှိ ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ကိုဗစ်–၁၉ ဓာတ်ခွဲနမူနာများကို ဘေးကင်းလုံခြုံစွာရယူနိုင်ရန် ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ Protective Chamber အလုံး ၅၀ ပေးအပ်လှူဒါန်းခဲ့သည်။** (အောက်ပုံ)

ရောဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မိသားစု၊ ရောဝတီဖောင်ဒေးရှင်း အမှုဆောင် ပါမောက္ခဒေါက်တာဇော်ဝေစိုးတို့သည် ဆေးတက္ကသိုလ် (၁) ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမြင့်မြင့်ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်ထံသို့ ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ Protective Chamber အလုံး ၅၀ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ Protective Chamber များကို မြန်မာနိုင်ငံ အလူမီနီယမ်အသင်း (MGAA) က အကျိုးအမြတ်လုံးဝမယူဘဲ အမြန်ဆုံးပြီးစီးစေရန် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

ရောဝတီဖောင်ဒေးရှင်းက လှူဒါန်းသည့် Protective Chamber များကို ဆေးသုတေသန ဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီး (ရန်ကုန်)၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး၊ သန်လျင် အထွေထွေရောဂါကုဆေးရုံကြီး၊ လှိုင်သာယာပြည်သူ့ဆေးရုံကြီး၊ ဖောင်ကြီး COVID–19 Center၊ အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲဌာန၊ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဒေါ်ခင်ကြည်ဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် အခြားလိုအပ်သည့်ဆေးရုံကြီးများတွင် အသုံးပြုသွားမည်ဖြစ်သည်။

**သတင်း–ဖိုးသော်ဇင်၊ ဓာတ်ပုံ–ကိုမိုး**






| ထူးခြားသည့် နေ့အပူချိန်များ |
| --- |

နေပြည်တော် ဧပြီ ၂၅– ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ တောင်ငူမြို့၊ ကြို့ပင်ကောက်မြို့နှင့် မြဝတီမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဧလ

# မိုးရွာသွန်းမှုနည်းခြင်းကြောင့် အင်းလေးကန်ရေနည်းပါးနေရာ ရေကျဆင်းမှုလျော့နည်းအောင် ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ မေ ၂၅

**အင်းလေးကန်သည် ရေဝေရေလဲဧရိယာအတွင်းရှိ မြို့နယ်များတွင် မိုးရွာသွန်းမှု လျော့နည်းသည့်အတွက် ယခုနှစ် ခြောက်သွေ့ကာလ၌ ရေနည်းပါးလျက်ရှိပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက တစ်ပေမှ တစ်ပေခွဲအထိ လျော့နည်းနေကြောင်း သိရသည်။**

၂၀၁၉ ခုနှစ်အတွင်း မိုးရွာသွန်းမှုမှာ ရေဝေရေလဲဧရိယာများတွင် အဓိကကျရောက်လျက်ရှိသည့် မြို့နယ်များ အနက် တောင်ကြီးမြို့နယ်သာလျှင် ပုံမှန်ရွာသွန်းလျက်ရှိသည့်အနေအထားအတိုင်း ရွာသွန်းခဲ့ပြီး ကျန်မြို့နယ်များဖြစ်သည့် ညောင်ရွှေ၊ ကလော၊ ရပ်စောက်၊ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်တို့တွင် ပုံမှန်ရွာသွန်းသည့် မိုးရေချိန်ထက် လျော့နည်းစွာ ရွာသွန်းခဲ့မှုကြောင့် အင်းလေးကန်ရေသည်လည်း လျော့နည်းလျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

အင်းလေးကန်ပတ်လည် တောင်တန်းကြီးများ၏ အခြေတစ်လျှောက်တွင် သဘာဝစိမ့်စမ်းရေထွက်များတည်ရှိနေသော်လည်း ရေထွက်ပမာဏမှာ လျော့ကျလျက်ရှိကြောင်း၊ အင်းလေးကန်အတွင်းသို့ အဓိကချောင်းကြီးလေးခုအပါအဝင် ရေဝင်ချောင်း ၂၉ ချောင်း စီးဝင်လျက်ရှိပြီး ရေဆင်းဧရိယာအားဖြင့် ၁၄၂၂ စတုရန်းမိုင်ရှိကြောင်း၊ အင်းလေးကန်၏ အဓိကစီးဝင်ရေမှာ ရေဝေရေလဲဧရိယာအတွင်းရှိ မြို့နယ်များ၏ မိုးရေချိန်နှင့် မိုးရွာသွန်းမှုပေါ်မူတည်ကြောင်း၊ ရေဝေရေလဲ ဧရိယာအတွင်းရှိ မြို့နယ်များတွင် မိုးရွာသွန်းမှုလျော့နည်းသည့် ကာလများ၌ အင်းလေးကန်ရေသည်လည်း လျော့နည်းလျက်ရှိကြောင်း ၎င်းက ပြောသည်။

ယခုအခါ အင်းလေးကန်စပ်နေရာများတွင် ရေလျော့နည်းသော်လည်း အင်းလေးကန်ရေလယ်၌ ခြောက်ပေ၊ ခုနစ်ပေခန့်၊ အဓိကရေလမ်းမကြီးများ၌ နှစ်ပေ၊ သုံးပေခန့်ရှိကြောင်း၊ ရေလျော့နည်းကျဆင်းမှု ထိန်းချုပ်နိုင်ရန်အတွက် အင်းပေါခုန်ကျေးရွာနှင့် ဘန်းကန်ကျေးရွာအနီးရှိ ရေထိန်းရေမြှင့် အဆောက်အဦကို ဒီဇင်ဘာလမှစ၍ ရေထွက်ပေါက်ကျဉ်းပြီး ဆောင်ရွက်ထားကြောင်း၊ အင်းလေးကန်အတွင်း သဲနုန်းအနည်ကျမှု များပြားလာသည်နှင့်အတူ ယာယီရေသိုလှောင်နိုင်မှု ကျဆင်းသွားကြောင်း၊ ရာသီဥတုပြောင်းလဲလာမှု၊ အပူချိန်မြင့်တက်လာမှုတို့ကြောင့် ရေငွေ့ပျံနှုန်း များပြားလာခဲ့သည့်အတွက် ရေမျက်နှာပြင်ကျဆင်းမှုနှင့်အတူ ရေနည်းပါးခဲ့ရကြောင်း သိရသည်။

ကန်စပ်နေရာတွင်ရှိသည့် အချို့သောရေလမ်းကြောင်းများသည် စက်လှေများသွားလာရန် အခက်အခဲရှိသော်လည်း အဓိကရေလမ်းမကြီးများတွင် သွားလာအသုံးပြု၍ရကြောင်း၊ ရာသီဥတုပူပြင်းပြီး မိုးရွာသွန်းမှုနည်းပါးပါက ယခုထက်ပို၍ ရေခန်းခြောက်မှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင်း ဒေသခံများက ဆိုသည်။



ညောင်ရွှေမြို့ နမ့်ကတ်ချောင်းရှိ အင်းလေးကန်သို့သွားရောက်သည့် စက်လှေဆိပ်။

ယခုနှစ် နွေရာသီကာလတွင် အင်းလေးကန် ရေမျက်နှာပြင်ကျဆင်းမှုသည် မိုးရေချိန်နည်းပါးမှုကြောင့် ဝင်ရေလျော့နည်းခြင်း၊ သဲနုန်းအနည်ပို့ချမှုများကြောင့် ရေလှောင်ပမာဏလျော့ကျခဲ့ခြင်း၊ ရေဝေရေလဲဧရိယာအတွင်း မြေအသုံးချမှု၊ စိုက်ပျိုးမှုပုံစံ ပြောင်းလဲလာမှုနှင့်အတူ ရေအသုံးပြုမှု များပြားခြင်း၊ အပူချိန်မြင့်တက်မှုကြောင့် ရေငွေ့ပြန်နှုန်းများပြားခြင်း စသည့်အချက်များကြောင့် ရေနည်းပါးခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ဗဟိုစံပြငါးဈေးကြီးသို့ စက်လှေဖြင့်ဝင်ရောက်လာသော ငါးများသာ ရောင်းချခွင့်ပြု

ရန်ကုန် မေ ၂၅

**ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကာလအတွင်း လူစုလူဝေးမဖြစ်စေရန် ရည်ရွယ်ကာ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးသို့ ယခင်က ကုန်းလမ်း၊ ရေလမ်း နှစ်မျိုးမှ ဝင်ရောက်လာသော ငါးများကို ရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့သော်လည်း ယခုအခါ ရေလမ်းကြောင်းမှ စက်လှေများဖြင့် ဝင်ရောက်လာသောငါးများကိုသာ ရောင်းချခွင့်ပြုထားသည်။**

အဆိုပါဈေးကြီးအတွင်း လူစုလူဝေးဖြစ်ပေါ်မှု လျော့နည်းစေရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်ခန်းမ၌ မေ ၂၀ ရက်တွင် ဈေးသာယာရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အထက်ပါအတိုင်း ရောင်းချခြင်းကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။

"ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီက မေ ၂၄ ရက်မှာ ဗဟိုစံပြငါးဈေးကြီးထဲကို သား/ငါး ကုန်စည်တင်ပြီး ဘာကားမှဝင်လို့ မရတော့ဘူး။ ရေလမ်းကလာတဲ့ ကုန်တွေပဲ လက်ခံမယ်လို့ အမိန့်စာ ထွက်လာတယ်။ ဒီဈေးကြီးရဲ့ကုန်စည်စီးဆင်းမှုက နေ့စဉ်ရေချိုငါးပိသာ လေးသိန်းကနေ ငါးသိန်းအထိ အရောင်းအဝယ်ရှိပါတယ်။

"နယ်ပို့တာကလည်း ပိဿာကုန်ချိန် တစ်သိန်းခွဲနဲ့ နှစ်သိန်းကြားရှိတယ်။ ရေလမ်းက အခုအမိန့်ထုတ်ပြီးချိန်မှာ စက်လှေတစ်စင်းကို ကုန်ချိန်ရှစ်ထောင်နဲ့ နေ့စဉ် ငါးစင်းနဲ့ ကုန်ချိန် လေးသောင်းလောက်ပဲ ဝင်တယ်။ တကယ်လိုအပ်ချက်က ကုန်ချိန် လေးသိန်းနဲ့ ငါးသိန်းကြားလည်ပတ်မှုနဲ့ဆို ၁၀ ဆမက ကွာနေပြီး ကုန်စည်စီးဆင်းမှုက အလွန်ကို ကွာခြားနေတယ်။ စက်လှေကနေလာတဲ့ရတာလေးနဲ့ ပို့ရတော့ ဈေးက ရပ်တန့်သွားပါပြီ။ ကုန်စည် စီးဆင်းမှု မရပ်တန့်အောင် ဈေးကို ပိတ်ပါလို့လည်း မပြောဘူး"ဟု ဗဟို စံပြငါးဈေးသာယာရေးကော်မတီ တွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်သူက ယနေ့ နံနက်ပိုင်းတွင် ၎င်းဈေး၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

ဈေးသာယာရေးအဖွဲ့အနေဖြင့် ဈေးပိတ်ချိန်ည ၇ နာရီမှ မနက် ၄ နာရီကြား နယ်ငါးအအေးခန်းကားများ ဝင်ရောက်ငါးချခွင့်ပေးရန် မေတ္တာရပ်ခံတင်ပြထားကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် လူစုလူဝေးဖြစ်ပွားမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ဗဟိုစံပြငါးဈေးကြီး၌ လူစုလူဝေးများလျော့နည်းရန်နှင့် ကုန်စည်ပြတ်လပ်မှု မရှိစေရေးတို့အတွက် ဈေးဂယ်ယာဉ်နှင့် Jetty အအေးခန်းယာဉ်များ ဝင်ရောက်ခြင်းကို မေ ၂၄ ရက် နံနက် ၅ နာရီမှ စတင်ကာ ကန့်သတ်လိုက်ခြင်းဖြစ်သည်။ သို့သော်လည်း ကုန်စည်စီးဆင်းမှုကို မထိခိုက်စေရန်လည်း ဆောင်ရွက်စေလိုကြောင်း အရှင်းပိတ်သိမ်းလိုက်ခြင်း မဟုတ်ကြောင်း သိရသည်။

ယင်းအတွက် ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီး၌ ဂင်ပေါက်/ထွက်ပေါက်များတွင် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသာယာရေး ကော်မတီဝင်များ စုပေါင်းကာ ငါးကား၊ ရေခဲတင်ကားများကို ငါး/ပုစွန် ကုန်စည်မပါဘဲ အဝင်ခံပြီး စစ်ဆေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး၌ နယ်မှ လာရောက်ကြသော ပွဲကျဈေးသည်နှင့် အကျိုးဆောင်များမပါ အမာခံသားငါးများ ရောင်းဝယ်ဖောက်ကားဖြန့်ချိနေသော မွေးမြူရေးနှင့် ကန်ငါးရောင်းချသည့် ဒိုင် ၅၀ ခန့်အပါအဝင် စုစုပေါင်း ငါးဒိုင် ၁၄၆ ဒိုင်ရှိကြောင်း သိရသည်။

**အေးကေလင်း**

❖ *ကျောဖုံးမှ*

အိပ်ရာ အိပ်ခင်းတွေ စီစဉ်ပေးနေပါတယ်"ဟု ပေါင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကိုကိုက ပြောသည်။

"ဒါ့အပြင် မြို့နယ်မှာရှိတဲ့ လူမှုကူညီရေးအသင်းအဖွဲ့တွေနဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်တွေက တစ်ကျောင်းစီ တာဝန်ယူပြီး ပိုးသတ်ဆေးဖျန်းပေးနေတယ်"ဟု ဦးမျိုးကိုကိုက ဆက်လက်ပြောသည်။

"ပိုးသတ်ဆေးဖျန်းတဲ့ နေရာမှာ ဆိုရင်လည်း ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့တွေရယ်၊ နောက်မြို့နယ်မီးသတ်တပ်ဖွဲ့တွေကို ကျောင်းအလိုက် တာဝန်ပေးပြီးတော့ လိုက်ဖျန်းပေးနေပါတယ်။ မေ ၂၅ ရက်က စပြီး လိုက်ဖျန်းနေတာပါ" ဟု ၎င်းက ပြောသည်။

"နေရပ်ပြန်တွေ အသွားအလာ ကန့်သတ်မှု ထားဖို့အတွက် ပိုးသတ်ဆေးဖျန်းတယ်။ သန့်ရှင်းရေး လုပ်တယ်။ စာသင်ခန်း တစ်ခန်းကို လူခြောက်ယောက်ထားဖို့ စီစဉ်ထားတယ်။ လူ ၂၀၀ ထားဖို့အတွက်ကို ဒီမှာ ဆေးလာဖျန်းတယ်။ အခန်း ၃၆ ခန်းပါ။ အသွားအလာကန့်သတ်ထားဖို့နေရာတွေမှာ ပိုးသတ်ဆေးဖျန်းပေးတာအပြင် သန့်ရှင်းရေးက အစ ပြုလုပ်ပေးနေပါတယ်" ဟု ပေါင်မြို့နယ် မွန်မြတ်စေတနာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမင်းမင်းဦးက ပြောသည်။

ပေါင်မြို့နယ်တွင် နေရပ်ပြန်များအတွက် အ.ထ.ကပေါင် ကျောင်းတွင် လူဦးရေ ၂၀၀၊ အ.ထ.ကခွဲ ကဒါမင်းတန်း၊ အ.ထ.ကပေါင်(ကျွဲခြံ)၊ အ.ထ.က ဇင်းကျိုက်ကျောင်းတို့တွင် လူဦးရေ ၁၀၀ စီ နေထိုင်နိုင်အောင် စီစဉ်ပေးထားပြီး မွန်ပြည်နယ်တစ်နယ်လုံး နေရပ်ပြန် ၁၀၀၀၀ ခန့်ကို အသွားအလာ ကန့်သတ်မှုထားရန်အတွက် မေ ၃၀ ရက် မတိုင်မီ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**



အသွားအလာကန့်သတ်စောင့်ကြည့်မှုပြုလုပ်မည့် စာသင်ကျောင်းကို ပိုးသတ်ဆေးဖျန်းစဉ်။

● *ကျောဖုံးမှ*

ထားဝယ်မြို့၊ လောင်းလုံမြို့၊ မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့များမှ PMD (မျှော)ဖြင့် ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ဂျင်းခရု၊ ကဏန်း၊ ကင်းမွန် စသည့်ရေထွက်ကုန်များအား အအေးခန်းကားများဖြင့် ကော့သောင်းမြို့သို့ နေ့စဉ်ဝင်ရောက်လျက် ငါးလုပ်ငန်းဦးစီးဌာနမှ စိစစ်ကြပ်မတ်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

ကော့သောင်းမှတစ်ဆင့် ရေထွက်ပစ္စည်းတင်ပို့နိုင်မှုအနေဖြင့် မေ ၁၅ ရက်မှ မေ ၂၅ ရက် အတွင်း PMD စောင်ရေ ၄၀ ကျော်ခန့်ဖြင့် ရေထွက်ပစ္စည်း ကုန်ချိန် ၁၁၁၇၀ ကီလိုကျော်ခန့် PC၊ CC၊ ED စနစ်များဖြင့် တင်ပို့နိုင်ခဲ့ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ဖားကန့်၌ မြေသားအက်ကြောင်းများဖြစ်ပေါ်ခဲ့သည့် နေအိမ်အချို့ကို နေရာပြောင်းရွှေ့ထား

**ဖားကန့် ဧပြီ ၂၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆိုင်းရာရွာသစ်ကျေးရွာ၌ ရတနာလင်းကျောက်မျက်ကုမ္ပဏီ (ဒေသအခေါ် နေမင်းကမ္ဘာကျောက်မျက်ကုမ္ပဏီ)က ရွာနှင့်ကပ်လျက် ကျောက်စိမ်းတူးဖော်မှုကြောင့် (ယာပုံ) ဧပြီ ၂၃ ရက်က နေအိမ်အချို့တွင် မြေသားအက်ကြောင်းများဖြစ်ပေါ်ခဲ့ပြီး မြေပြိုမည့်အန္တရာယ် ရှိနေသည့် နေအိမ်များမှ မိသားစုများအား နီးစပ်ရာဆွေမျိုးများအိမ်နှင့် ကျေးရွာဘုန်းကြီးကျောင်းတို့တွင် ပြောင်းရွှေ့နေရာချထားလိုက်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဧပြီ ၂၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင် ဦးဆောင်သည့် မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး ကော်မတီအဖွဲ့ဝင်များက အနီးကပ်ဆုံး အန္တရာယ်ရှိနိုင်သည့် အိမ်ထောင်စုလေးခုမှ မိသားစုဝင်များအား ပြောင်းရွှေ့နိုင်ရန် စီစဉ်ပေးခြင်း၊ မြေပြိုကျလျှင် ပါသွားနိုင်သည့် လျှပ်စစ်ဓာတ်တိုင် ၁၄ တိုင်နှင့် မီးကြိုးများကို နေရာပြောင်းရွှေ့စိုက်ထူသွယ်တန်းစေခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။



နေရာပြောင်းရွှေ့ရသည့် အိမ်ထောင်စုများ၏ အခက်အခဲများနှင့် ကျေးရွာ၏ လိုအပ်ချက်များကို အဆိုပါ ရတနာလင်းကျောက်မျက်ကုမ္ပဏီက ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကုမ္ပဏီက တာဝန်ခံကို ကျွန်တော်တို့ခေါ်တွေ့ပြီးပါပြီ။ သူက ကျေးရွာနဲ့ အဆင်ပြေဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက် ပေးသွားမယ်လို့ ပြောပါတယ်။ နောက်ကို မြေစာထပ်မပြိုအောင်လည်း အဲဒီနေရာကို အောက်ကနေ မြေပြန်ဖို့သွားမယ်၊ ဆက်မတူးတော့ဘူးလို့ ပြောပါတယ်" ဟု ဖားကန့်/လုံးခင်းကျောက်စိမ်းရုံးမှ လုပ်ငန်းကြီးကြပ်အရာရှိ ဦးအောင်ကျော်ထွန်းက ပြောသည်။

ဆိုင်းရာရွာသစ်ကျေးရွာ၌ ဧပြီ ၂၃ ရက်က ကျေးရွာမြေသားလမ်း အရှည်ပေ ၇၀ ခန့်၊ အကျယ် ငါးပေခန့် ကုမ္ပဏီအတွင်း ပြိုကျခဲ့ပြီး နေအိမ်အချို့တွင် မြေသားအက်ကွဲကြောင်းများပေါ်လာခဲ့ကာ ဧပြီ ၂၄ ရက် နံနက်ပိုင်းကလည်း ကျေးရွာမြေသားလမ်း အရှည် ပေ ၁၀၀ ခန့်၊ အကျယ်ပေ ၂၀ ခန့် ထပ်မံပြိုကျခဲ့သေးကြောင်း သိရသည်။

တာလင်းမောင်(ပြန်/ဆက်)

## ကျွန်းလှမြို့နယ်တွင် နွားလေးကောင် မိုးကြိုးထိမှန်ပြီး သေဆုံး

**ကျွန်းလှ ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ရေရှင်ကျေးရွာအုပ်စု အောင်းပင်ကျေးရွာအနီးတွင် ဧပြီ ၂၄ ရက် ည ၈ နာရီခန့်က ဦးရောင်ရှောင်၏ တဲတိုက်ကောက်ရိုးစင်အောက်ချည်ထားသော ခြောက်နှစ်အရွယ် ခိုင်းနွားနှစ်ကောင်၊ ငါးနှစ်အရွယ် နွားမနှစ်ကောင် မိုးကြိုးထိမှန်သေဆုံးသွားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

## ဖားကန့်၌ တောဆင်ရိုင်းနင်း၍ လူနှစ်ဦးသေဆုံး

**ဖားကန့် ဧပြီ ၂၅**

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု တောမှော်ကျေးရွာနှင့် ခြောက်မိုင်ခန့်အကွာ တောအတွင်း၌ ညအိပ်ထင်းရှာသူ လေးဦးနေထိုင်ရာ တဲအတွင်းသို့ ဧပြီ ၂၄ ရက် နံနက် ၁ နာရီခန့်က တောဆင်ရိုင်းသုံးကောင် ဝင်နင်းမှုကြောင့် တောမှော်ကျေးရွာတွင် နေထိုင်ကြသည့် ဦးမောင်အိုက် (၄၅နှစ်)နှင့် ဦးမင်းရွှေ (၄၀နှစ်)တို့ နေရာတွင် သေဆုံးခဲ့ပြီး ဦးလောပေါ်နှင့် ဦးမောင်တူးတို့မှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

တောမှော်ကျေးရွာသည် ထင်းရောင်းချခြင်းနှင့် မီးသွေးဖုတ်လုပ်ငန်းတို့ဖြင့် အသက်မွေးကြသူအများစု နေထိုင်ကြပြီး တောဆင်ရိုင်းအန္တရာယ်ကို ရံဖန်ရံခါ ကြုံတွေ့ကြရကြောင်း သိရသည်။ တာလင်းမောင်(ပြန်/ဆက်)

## ပခုက္ကူမြို့ အမှတ်(၃) ရပ်ကွက်တွင် မီးလောင်မှုဖြစ်

**ပခုက္ကူ ဧပြီ ၂၅**

ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် သီရိမာလာလမ်းနေ ဒေါ်ခင်စိန်၏ နေအိမ်အပေါ်ထပ်၌ ပန်ကာ အပူလွန်ကဲရာမှ ဧပြီ ၂၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ရာ ဒေါ်ခင်စိန် ပိုင်ဆိုင်သော နှစ်ထပ်နေအိမ်အပါအဝင် နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှု မရှိကြောင်း သိရသည်။

မီးလောင်ရာသို့ ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ဒေသခံပြည်သူများက လူမှုအသင်းအဖွဲ့ပိုင်ယာဉ်များ၊ မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ် စုစုပေါင်း ၂၄ စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်ခင်စိန်အား ပခုက္ကူမြို့မရဲစခန်းက အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



## ကျိုင်းတုံမြို့၌ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ ငါးဦးအား ထောင်ဒဏ် သုံးလစီချမှတ်

**ကျိုင်းတုံ ဧပြီ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမရှိစေရေးနှင့် အချိန်မီ ထိန်းသိမ်းနိုင်ရေးအတွက် ညမထွက်ရအမိန့် ထုတ်ပြန်ထားရာ လိုက်နာခြင်းမရှိသူငါးဦးအား မြို့နယ်တရားရုံးက ထောင်ဒဏ်သုံးလစီကျခံရန် အမိန့်ချမှတ်ခဲ့သည်။

ဧပြီ ၂၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် အမှတ်(၅)ရပ်ကွက် ယန်းခမ်းရွာအဝင်တွင် မောင်မောင်သန်း (၂၉နှစ်)၊ စိုင်းကြူး (၄၅နှစ်)တို့နှင့် အမှတ်(၅)ရပ်ကွက် ကျိုင်းတုံ-တောင်ကြီး ကားလမ်းမကြီးဘေး နောင်ကျန့်ဆိုင်ကယ်ကယ်ရီဂိတ်သစ်ပင်အောက်တွင် ထွန်းလွင်(၄၀နှစ်)၊ ပြည့်နိုင်(၄၀နှစ်)၊ ဒယ်နီ (၁၉နှစ်) တို့အား ခိုင်လုံသောအကြောင်းအရာ တစ်စုံတစ်ရာမရှိဘဲ တွေ့ရှိရသည့်အတွက် ၎င်းတို့ငါးဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မြို့နယ်တရားသူကြီးက ညမထွက်ရအမိန့်ထုတ်ပြန်ချက်အပေါ် လိုက်နာခြင်းမရှိသည့်အတွက် ထောင်ဒဏ်သုံးလစီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့် (ပြန်/ဆက်)

## ဒီးမော့ဆိုမြို့နယ်နှင့် လွိုင်ကော်မြို့နယ်တို့မှ ညမထွက်ရ အမိန့်ထုတ်ပြန်မှုအပေါ် လိုက်နာခြင်းမရှိသူများအား အလုပ်မဲ့ထောင်ဒဏ်တစ်လစီ ချမှတ်

**ဒီးမော့ဆို ဧပြီ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် အချိန်မီ ထိန်းသိမ်းနိုင်ရေးတို့အတွက် အရေးပေါ်ကိစ္စပေါ်ပေါက်လာပါက သက်ဆိုင်ရာ ခွင့်ပြုချက်အရမှတစ်ပါး နေ့စဉ် ည ၁၀ နာရီမှ နောက်တစ်နေ့ နံနက် ၄ နာရီအထိ ညမထွက်ရန် ဒီးမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမိန့်အမှတ် (၉/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသည်။

ယင်းသို့ ထုတ်ပြန်ထားရှိမှုအပေါ် ဧပြီ ၂၃ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ဒီးမော့ဆိုမြို့မရဲစခန်းမှ ဒုရဲအုပ်နေရဲလွင် ဦးစီးအဖွဲ့သည် မြို့မအုပ်စု အုပ်ချုပ်ရေးမှူး၊ ငွေတောင်အုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဒီးမော့ဆိုမြို့ပေါ် ရပ်ကွက်/ကျေးရွာများအတွင်း မော်တော်ယာဉ် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ငွေတောင်ကျေးရွာအုပ်စု ငွေတောင်ဆည်ရှေ့တွင် ဒေါင်ရောက်ကျေးရွာမှ သုံးဦးတို့အား စိစစ်ရာ မိုးဖြဲလမ်းဆုံမှ ဒေါင်ရောက်ကျေးရွာသို့ ပြန်လာခြင်းဖြစ်ကြောင်း၊ (၆) မိုင်ကျေးရွာမှ နှစ်ဦးတို့သည် ယူဆမိုဆိုမှ ဒေါဘူးင်ရယ်ရွာသို့ ပြန်လာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး နေ့စဉ် ည ၁၀ နာရီမှ နောက်တစ်နေ့ နံနက် ၄ နာရီအထိ ညမထွက်ရန် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် အမိန့်ကို လိုက်နာခြင်းမရှိဘဲ ဖီဆန်၍ အများပြည်သူနှင့်ဆိုင်ရာ လမ်းမပေါ်တွင် အကြောင်းမဲ့သွားလာနေသူ ငါးဦး အနက် အမှုနှင့်စပ်လျဉ်း၍ လေးဦးအား ဒီးမော့ဆိုမြို့နယ် တရားရုံးမှ ဧပြီ ၂၄ ရက်တွင် ရာကြီး အမှတ်-၁၄/၂၀၂၀ ရာဇသတ်ကြီးပုဒ်မ-၁၈၈ အရ အမှုလက်ခံစစ်ဆေးခဲ့ပြီး အလုပ်မဲ့ထောင်ဒဏ်တစ်လစီ ကျခံစေရန်နှင့် ကျန်တစ်ဦးဖြစ်သည့် အသက်(၁၆ နှစ်) အရွယ်အား ကလေးသူငယ်ရာကြီး အမှတ်-၄/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ-၁၈၈ ဖြင့် အမှုလက်ခံစစ်ဆေးခဲ့ပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပုဒ်မ ၈၉ (က) အရ ဆိုဆုံးမ၍ ပြန်လွှတ်လိုက်ကြောင်း သိရသည်။

အလားတူ ဧပြီ ၂၂ ရက် ည ၁၀ နာရီ မိနစ် ၅၀ ခန့်က လွိုင်ကော်မြို့မရဲစခန်းမှ ဒုရဲအုပ်ခင်မြင့် ဦးစီးအဖွဲ့ဖြင့် လွိုင်ကော်မြို့နယ် ရပ်ကွက်များအတွင်း မော်တော်ယာဉ်လှည့်ကင်း တာဝန်ဆောင်ရွက်နေစဉ် လွိုင်ကော်မြို့ မြကလပ်တောင်ခြေ မှောင်ရိပ်၌ ဆိုင်ကယ်တစ်စီးဖြင့် မသင်္ကာဖွယ်ရာ တွေ့ရှိသော လူငယ်အား မေးမြန်းရန် လှည့်ကင်းယာဉ်ကို ရပ်တန့်စဉ် အဆိုပါလူငယ်က စစ်ဆေးခံယူမှု မပြုဘဲ ရိုင်းပျစွာဆဲဆို၍ ဆိုင်ကယ်ကို မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးပြီး မိုင်းလုံးရပ်ကွက် သံလမ်းကူးအနီး လွိုင်ကော်-ဒီးမော့ဆို လမ်းပေါ်၌ ရပ်ကင်းတာဝန် ဆောင်ရွက်နေသည့် မိုင်းလုံးရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က လူငယ်၏ဆိုင်ကယ်ကို တားဆီးရပ်တန့်စေသော်လည်း ရပ်တန့်ပေးခြင်းမရှိဘဲ ရိုင်းပျစွာဆဲဆို၍ အတင်းမောင်းနှင် ထွက်ပြေးသဖြင့် လှည့်ကင်း မော်တော်ယာဉ်ဖြင့် ဆက်လက်လိုက်လံဖမ်းဆီးရာ သံလမ်းဆုံ တောင်ဘက် ကိုက် ၂၀၀ ခန့်တွင် ဖမ်းဆီးရမိသဖြင့် ၎င်းအား နေ့စဉ် ည ၁၀ နာရီမှ နောက်တစ်နေ့ နံနက် ၄ နာရီအထိ ညမထွက်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့်အမိန့်ကို လိုက်နာခြင်းမရှိဘဲ ဖီဆန်၍ အကြောင်းမဲ့ အများပြည်သူနှင့်ဆိုင်သောနေရာ၌ သွားလာနေသည်ကို စစ်ဆေးတွေ့ရှိသဖြင့် ၎င်းအား လွိုင်ကော်မြို့နယ်တရားရုံးမှ ဧပြီ ၂၃ ရက်တွင် ရာကြီး -၂၁၆ /၂၀၂၀ ရာဇသတ်ကြီးပုဒ်မ-၁၈၈အရ အလုပ်မဲ့ထောင်ဒဏ်တစ်လကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်ရဲစခန်းမှ သိရသည်။

ကိုစိုင်း (လွိုင်ကော်)

## ငါးသိုင်းချောင်းမြို့၌ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ နှစ်ဦးအား အရေးယူ၊ တစ်ဦးအား မိဘရပ်ထံ ပြန်လည်အပ်နှံ

**ငါးသိုင်းချောင်း ဧပြီ ၂၅**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ပြည်သူများအား နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်ကို အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် ဧပြီ ၂၃ ရက် ည ၁၀ နာရီတွင် ငါးသိုင်းချောင်းနယ်မြေရဲစခန်း လှည့်ကင်းရဲတပ်ဖွဲ့၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လှည့်ကင်းဆောင်ရွက်ခဲ့ရာ ဧပြီ ၂၄ ရက် နံနက် ၀၀:၁၀ နာရီတွင် မြို့သစ်ရပ်ကွက် လောကမာရဇိန်ဘုရားဝင်းအတွင်းရှိ နတ်လမ်းတွင် စန်းလွင်ထွေး(၁၉နှစ်)၊ သရက်ချောင်းအုပ်စု သောင်ရွာကျေးရွာနေထိုင်သူ ဒေါ်စန်းမော်(၃၇နှစ်)၊ ၀ဝန်ရပ်ကွက် ငါးသိုင်းချောင်းမြို့နေထိုင်သူ မဖြိုးသန္တာခိုင်(၁၇နှစ်)တို့အား တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရာ ခိုင်လုံသော အကျိုးအကြောင်းတစ်စုံတစ်ရာ ဖြေဆိုနိုင်ခြင်းမရှိသဖြင့် ဒေသန္တရအမိန့်(၃/၂၀၂၀)အရ ငါးသိုင်းချောင်းနယ်မြေရဲစခန်းတွင် ယာယီထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါထိန်းသိမ်းခံရသူ သုံးဦးအား ဧပြီ ၂၄ ရက်တွင် ရေကြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက ရာဇသတ်ကြီးပုဒ်မ(၁၈၈) ဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားတရားစွဲဆိုခဲ့ရာ မြို့နယ်တရားရုံးမှ စန်းလွင်ထွေးနှင့် ဒေါ်စန်းမော်တို့နှစ်ဦးအား ရာဇသတ်ကြီးပုဒ်မ (၅၇၈/၂၀၂၀) ဖြင့် ထောင်ဒဏ်တစ်လကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး မဖြိုးသန္တာခိုင် (၁၇နှစ်)အား ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပုဒ်မ(၈၉-က)အရ မြို့နယ်တရားသူကြီး ဒေါ်ခင်သန္တာက ဆိုဆုံးမ၍ မိဘရပ်ထံပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

# မိုးညှင်း၊ လားရှိုး၊ မိုင်းယောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက မိုးညှင်းမြို့နယ် လွဲမွန်ကျေးရွာအုပ်စု နန့်မီးလောင်ကျေးရွာသင်္ချိုင်းအနီး အောင်မင်းဦး မောင်းနှင်ပြီး မသန်းထွေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ဝ၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆ ပြားတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လွဲမွန်ကျေးရွာအုပ်စု နန့်ပတဲကျေးရွာနေ မသန်းညွန့်၏ နေအိမ်ကို ရှာဖွေရာဘိန်းဖြူ သုည ဒသမ ဝ၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၉ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု နမ့်ကျန်ကျွတ်ကျေးရွာနေ မရန်ရှန်းလျန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ဘိန်းဖြူ သုည ဒသမ ဝဝ၇ ကီလိုနှင့် မြန်မာငွေကျပ် ၁၀၀၀၀၀ တို့ကို လည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းယောင်းမြို့နယ် မုန်းလိုက်ချောင်းတံတားထိပ်တွင် စိုင်းအွန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု မိုင်းခွန်ကျေးရွာနေ အိုက်ယီကျောက်၏ နေအိမ်ကို ရှာဖွေ ရာ မြန်မာငွေကျပ် ၅၀၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



မသန်းထွေး၊ အောင်မင်းဦး၊ မသန်းညွန့်တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၆ . ၄ . ၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ – Breakfast News
၇:၃၅ – လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ပြည်တော်ဇေစေတီတော် ရွှေယဉ်မျှော်"
၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)
၉:၁၅ – ကာတွန်းအစီအစဉ် "ငါးကြင်းလေးရဲ့စွန့်စားခန်း" (အပိုင်း– ၅၂) (ဇာတ်သိမ်း)
၁၀:၀၀– Sunday Talk
၁၂:၃၀ – "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု" (အပိုင်း–၂)
၁၃:၂၀ – This Week's Special Interest
၁၃:၃၅ – မြန်မာဂန္ထဝင်ရုပ်ရှင် "ရွှေငေါ်းပြောင်"

**ညပိုင်း**

၁၆:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ဆိုးမလေးရဲ့ ကိုယ်ရံတော်" (အပိုင်း– ၁၆)
၁၇:၄၀ – ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
၁၈:၂၅ – "ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ်စကားဝိုင်း"
၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ" (အပိုင်း– ၂၅)
၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ကာကွယ်ရေးဝန်ကြီးဌာန)
– ဘဝနှင့်အနုပညာ (ဖြတ်သန်းလာသမျှ အနုပညာဘဝ) "ဂီတပါရမီရှင် ထူးအိမ်သင်" (အပိုင်း– ၁)
– မြန်မာဗီဒီယိုဇာတ်လမ်း "ကယ်ရီ"
– မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့မှ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိပြီး မေ ၂၄ ရက်တွင် မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၈ စီး၊ သွင်းကုန် ၆၉၉ စီး၊ ရန်ကုန်–မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် သွင်းကုန်အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာ မေ ၂၄ ရက်တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၇၅ သန်းတန်ဖိုးရှိ Brand New Desktop Casing Only(17)U နှင့် Brand–FENGD Power Supply(600W) (10)U အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီပေါမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား ခရီးသည်သုံးဦး ဒဏ်ရာရရှိ

**သီပေါ မေ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကုန်းသာကျေးရွာအနီး မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်၊ ၁၄၀/၃–၄ ကြားတွင် မေ ၂၄ ရက် ည ၆ နာရီခန့်က လားရှိုးမှ မန္တလေးသို့ဆင်းမည့် ယာဉ်မောင်း သက်အောင် မောင်းနှင်လာသော ယာဉ်သည်လမ်းချော်၍ အရှိန်မထိန်းနိုင်ဘဲ မန္တလေးမှမူဆယ်သို့ တက်မည့် ယာဉ်မောင်း ကိုကိုဦး မောင်းနှင်သော ကြက်ဆူအိတ် ၆၀၀ ကျော် တင်ဆောင်လာသည့် ၂၂ဘီးယာဉ်ကို ဝင်တိုက်မိရာ ယာဉ်မောင်း သက်အောင် မောင်းနှင်လာသောယာဉ်ပေါ်မှ ခရီးသည်သုံးဦး ဒဏ်ရာရရှိသဖြင့် နယ်စည်းမခြား ပရဟိတမော်တော်ယာဉ်ဖြင့် သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အခင်းဖြစ်ရာသို့ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့က လမ်းပိတ်ဆို့မှုမဖြစ်စေရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပြီး ယာဉ်မောင်း သက်အောင်အား သီပေါမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ညာနောက်ခံလူ ဒေးဗစ်ဒန်းကို ၂၀၂၂ ခုနှစ်ကုန်အထိ သက်တမ်းတိုးရန် ရှမ်းယူနိုက်တက်အသင်း သဘောတူညီမှုရရှိ

**ရန်ကုန် မေ ၂၅**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် လက်ရွေးစင် ညာနောက်ခံလူ ဒေးဗစ်ဒန်းကို ၂၀၂၂ ခုနှစ်ကုန်အထိ သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် မကြာမီ စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ပြည်တွင်းကစားသမားများကို သက်တမ်းတိုးရန် ကြိုးပမ်းခဲ့ပြီး ဒေးဗစ်ဒန်းနှင့် စတင်သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ ဒေးဗစ်ဒန်းသည် ၂၀၁၈ ရာသီဝက်တွင် ရှမ်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး မေလ ဒုတိယပတ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည် ဖြစ်သောကြောင့် သက်တမ်းတိုးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း တာဝန်ရှိသူများနှင့် ဒေးဗစ်ဒန်းတို့ တွေ့ဆုံညှိနှိုင်းပြီးနောက် နှစ်နှစ်သက်တမ်းတိုးရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖွယ်ရှိနေသည်။ ဒေးဗစ်ဒန်းသည် စာချုပ်သစ်အရ ၂၀၂၂ ခုနှစ်အထိ အသင်းတွင် ဆက်ရှိနေမည်ဖြစ်ပြီး အခြားအသင်းများ၏ ကမ်းလှမ်းမှုကို ရခဲ့သော်လည်း ရှမ်းယူနိုက်တက် အသင်းတွင်သာ ဆက်နေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှ အဓိက ကစားသမားအချို့သည် ယခုရာသီတွင် အသင်းမှ ထွက်ခွာသွားသော်လည်း ဝါရင့်ကစားသမား ဒေးဗစ်ဒန်းကို ဆက်ရှိရန် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့်ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ မေလတွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် ဘောလုံးရာသီနှင့် ကိုက်ညီမှုရှိစေရန် ၂၀၂၂ ခုနှစ်ကုန်အထိ သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရက်ပိုင်းအတွင်း စာချုပ်သက်တမ်းကုန်ဆုံးမည့် ဒွေးကိုကိုချစ်အား ကိုဗစ်–၁၉ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း သတ်မှတ်ထားသည့် လစာနှုန်းထားအတိုင်း ဆက်လက်ပေးချေမည်ဖြစ်ကြောင်း ဒုတိယ အမှုဆောင်အရာရှိချုပ် ဦးရဲမျိုးထွန်းက အတည်ပြုပြောကြားသည်။ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း စာချုပ်သစ်ကိစ္စ မဆောင်ရွက်မီ အခက်အခဲမဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဘောလုံးပြိုင်ပွဲများ ပြန်လည်စတင်ပါက စာချုပ်သစ်ကိစ္စ ဆွေးနွေးမည်ဖြစ်သလို အခြားအသင်းသို့ ပြောင်းရွှေ့ပါကလည်း ခွင့်ပြုပေးသွားမည်ဖြစ်သည်။ ကိုဗစ်–၁၉ ရောဂါ ကာလအတွင်း ပုံမှန်ဝင်ငွေရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက ဒွေးကိုကိုချစ်အတွက် စီစဉ်ပေးခြင်းဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ–စိုးညွန့်**



ဒေးဗစ်ဒန်း

○ *ကျောဖုံးမှ*

မန်ယူအသင်းကလည်း ပီအက်စ်ဂျီအသင်းမှ အသက် ၂၈ နှစ်အရွယ် မူနီရာအား ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများ ထွက်ပေါ်ထားသည်။

ပီအက်စ်ဂျီအသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းသည် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်သည်။ သို့သော်လည်း မည်သည့်ကလပ်အသင်းထံမှ ကမ်းလှမ်းမှု မရရှိသေးကြောင်း သိရသည်။

အခြားသတင်းတစ်ရပ်တွင်မူ စပါးအသင်းကလည်း မန်ယူအသင်းမှ ဒါးလော့အား ခေါ်ယူရန် စီစဉ်နေကြောင်း ဖော်ပြထားသည်။ **အောင်ဇော်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဂျီရုဒ်အား စာချုပ်သစ်ချုပ်ဆိုရန် ချယ်လ်ဆီးသဘောတူ**

ချယ်လ်ဆီးအသင်းသည် ပြင်သစ်တိုက်စစ်ကစားသမား အိုလီဗာ ဂျီရုဒ်(၃၃နှစ်)အား တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် အင်တာမီလန်အသင်း၌ နည်းပြ ကွန်တီနှင့် ပြန်လည်ပေါင်းထုတ်ရန် သတင်းများထွက်ပေါ်ထားသူဖြစ်သည်။ ချယ်လ်ဆီးအသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းသည် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးမည်လည်းဖြစ်သည်။

**လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် တီမိုဝါနာ အဆင်သင့်ဖြစ်**

စာချုပ်ဖျက်သိမ်းကြေး ပေါင် ၅၂ သန်းကို ပေးချေမည်ဆိုပါက လိုက်ပ်ဇစ်နှင့် ဂျာမနီတိုက်စစ်ကစားသမား တီမိုဝါနာ (၂၄နှစ်) အနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် အဆင်သင့်ဖြစ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ တီမိုဝါနာသည် ၂၀၁၆ ခုနှစ်တွင် စတုဂတ်အသင်းမှ လိုက်ပ်ဇစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် လိုက်ပ်ဇစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၇ ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

**ဝီလီယံ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးလျက်ရှိ**

ချယ်လ်ဆီးနှင့် ဘရာဇီးကစားသမား ဝီလီယံ (၃၁နှစ်) သည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ချယ်လ်ဆီးသို့ ကော်တင်ဟို ပြောင်းရွှေ့ကစားသင့်**

အသက် ၂၇ နှစ်အရွယ် ဘရာဇီးကွင်းလယ်ကစားသမား ဖီးလစ်ပီ ကော်တင်ဟိုအနေဖြင့် ပုံစံကောင်းများ ပြန်လည်ရရှိရန်အတွက် ဘာစီလိုနာအသင်းမှ ထွက်ခွာပြီး ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားသင့်ကြောင်း ဘရာဇီးဂန္ထဝင်တစ်ဦးဖြစ်သူ ရီဗယ်ဒိုက ပြောကြားလိုက်သည်။ အခြား သတင်းတစ်ရပ်တွင် လီဗာပူးနှင့် ချယ်လ်ဆီးခံစစ်ကစားသမားဟောင်းဖြစ်သူ ဂလင်ဂျွန်ဆင်သည် ကော်တင်ဟိုအား ခေါ်ယူစာချုပ်ရန် ချယ်လ်ဆီးအသင်းကို တိုက်တွန်းလိုက်ကြောင်း ဖော်ပြထားသည်။

**ပီယာအား ခေါ်ယူဖို့ မန်ယူကို ယှဉ်ပြိုင်သွားရန် လက်စတာ ပြင်ဆင်နေ**

ပြင်သစ်အားကစား သတင်းများတွင် လက်စတာအသင်းသည် မိုချန်ဂလာဘတ်နှင့် ပြင်သစ်တိုက်စစ်ကစားသမား ပီယာ (၂၇နှစ်)အား ခေါ်ယူရန်အတွက် မန်ယူအသင်းကို ယှဉ်ပြိုင်သွားရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မာရီအား အပြီးသတ်ခေါ်ယူဖွယ်ရှိ**

အာဆင်နယ်အသင်းသည် ဖလာမင်ဂိုအသင်းမှ စပိန်ခံစစ်ကစားသမား ပါဘလို မာရီ (၂၆နှစ်)အား အပြီးသတ်ခေါ်ယူဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်သို့ အငှားလာရောက် ကစားနေသူဖြစ်သည်။

**ဘာနာဒက်စ်ချီအား ရောင်းထုတ်သွားဖွယ်ရှိ**

ဂျူဗင်တပ်စ်အသင်းသည် အီတလီတောင်ပံကစားသမား ဘာနာဒက်စ်ချီ (၂၆နှစ်)အား ရောင်းထုတ်သွားဖွယ်ရှိကြောင်း အီတလီအခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။

**အင်္ဂလန်အမျိုးသမီးနည်းပြအဖြစ်မှ ဖီးနဗီးလ် စွန့်လွှတ်မည်**

အင်္ဂလန်အမျိုးသမီးနည်းပြ ဖီးနဗီးလ်သည် ၂၀၂၁ ခုနှစ် ဇူလိုင်တွင် အင်္ဂလန်အမျိုးသမီးနည်းပြအဖြစ်မှ စွန့်လွှတ်မည်ကို အတည်ပြုပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# ကသာမြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ်လုံး ၃၅ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ကသာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ယင်းခဲကြိုးဝိုင်းအတွင်းမှ တရားမဝင်ကျွန်းသစ်လုံးများနှင့် သစ်ခွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်ကိုကို ဦးစီးသောအဖွဲ့သည် မေ ၂၃ ရက်က ကသာမြို့နယ် ယင်းခဲကြိုးဝိုင်းအတွင်း၌ တရားမဝင်သစ်စက်လည်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးရာ အကွက်အမှတ်(၈၁) အတွင်းမှ တရားမဝင်ကျွန်းသစ်လုံး ၃၅ လုံး၊ ၁၅ ဒသမ ၂၇၀ တန်နှင့်အတူ သစ်ခွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိသဖြင့် တရားမဝင်သစ်ခွဲစက်ပြုလုပ်သူအား စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လူအောင် (ကသာ)**

# အမေရိကန်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၀၀၀၀ ကျော်လာမှုနှင့်အတူ နိုင်ငံစီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်ရန် ဆွေးနွေးငြင်းခုံမှုများပြုလုပ်

**ဝါရှင်တန် ဧပြီ ၂၅**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကြောင့် အထိနာခဲ့သော နိုင်ငံစီးပွားရေးလုပ်ငန်းများကို ပြန်ဖွင့်၊ မဖွင့် ဆွေးနွေးငြင်းခုံမှုများ ပြုလုပ်နေစဉ် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၅၀၀၀၀ ကျော်လာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဧပြီ ၂၅ ရက်က ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၈၇၀၄၆၈ ဦးရှိပြီး သေဆုံးသူ ၅၀၀၃၁ ဦးရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့်အင်ဂျင်နီယာဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူများရှိသည့်အနက် နယူးယောက်ပြည်နယ်သည် အဆိုးဆုံးဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၂၆၃၄၆၀ ရှိပြီး သေဆုံးသူ ၂၀၉၈၂ ဦးရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုအတွင်း အခြား ကိုဗစ်-၁၉ အဆိုးရွားဆုံးထိခိုက်သည့် ပြည်နယ်များမှာ နယူးဂျာစီပြည်နယ်၊ မီချီဂန်ပြည်နယ်နှင့် မက်ဆာချူးဆက်ပြည်နယ်တို့ ဖြစ်ကြောင်း သိရသည်။ နယူးဂျာစီပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၄၂၆ ဦး၊ မီချီဂန်ပြည်နယ်တွင် သေဆုံးသူ ၂၉၇၇ ဦးနှင့် မက်ဆာချူးဆက်ပြည်နယ်တွင် ၂၃၆၀ တို့ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတွင် ကိုဗစ်-၁၉ အဆိုးရွားဆုံး ကူးစက်ဖြစ်ပွားနေသည့် အမေရိကန်ပြည်ထောင်စုတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေသည့် တားမြစ်ချက်များနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးသင့်၊ မပေးသင့်နှင့်ပတ်သက်ပြီး အငြင်းပွားဆွေးနွေးလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုဗဟိုအစိုးရက စီးပွားရေးလုပ်ငန်းများ အဆင့်လိုက် ပြန်လည်ဖွင့်လှစ်ရန် အမိန့်ထုတ်ပြန်ပြီးနောက် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အတော်များများတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်စတင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဂျော်ဂျီယာတွင်လည်း တချို့အရေးမကြီးသည့် လုပ်ငန်းများဖြစ်သည့် ကာယအားကစားရုံများ၊ ဆံသဆိုင်များ၊ ဆံပင်အလှပြုပြင်ရေးဆိုင်များ၊ တက်တူးဆိုင်များ၊ ဘိုးလင်း ကစားရုံများကို တင်းကျပ်သော ခပ်ခွာခွာနေထိုင်ရမည့် ကန့်သတ်ချက်များနှင့်အတူ ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

တင်နက်ဆီ မြို့တော်ဝန် ဘီလီက ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်အတွင်း စီးပွားရေးများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဗဟိုအစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ဆောင်နေကြောင်း ပြောကြားလိုက်သည်။



နယူးယောက်ပြည်နယ် ဘရွတ်ကလင်းဆေးရုံအပြင်ဘက်တွင် ကျန်းမာရေးဝန်ထမ်းတစ်ဦး တာဝန်ထမ်းဆောင်နေစဉ်။

ဆင်ဟွာ

# ဗြိတိန်တွင် ဗိုင်းရပ်စ်ကာကွယ်ဆေးကို လူများတွင် စတင်စမ်းသပ်

**လန်ဒန် ဧပြီ ၂၅**

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် ဆောင်ရွက်ချက်များကို ရက်သတ္တပတ်အတော်ကြာ အကောင်အထည်ဖော်မှုများ ပြုလုပ်ပြီးနောက် ဗြိတိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု အမြင့်ဆုံးအထိရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီး မတ်ဟန်းကော့က ပြောကြားလိုက်သည်။

သို့သော်လည်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက ကိုဗစ်-၁၉ကို တားဆီးကာကွယ်ရာတွင် ပြည်သူများ၏ ယုံကြည်စိတ်ချရမှုကိုပေးနိုင်သော တရားဝင် ကာကွယ်ဆေး သို့မဟုတ် ထိရောက်မှုရှိသောဆေးဝါးများသည် နောက်ဆုံးတွင် ကိုဗစ်-၁၉ ကို အကောင်းဆုံးအနိုင်ယူနိုင်ကြောင်း ပြောကြားလိုက်သည်။

ထို့ကြောင့် ကနဦးကာကွယ်ဆေး စမ်းသပ်မှုများကို စတင်လုပ်ဆောင်နေသော အောက်စ်ဖို့ဒ်တက္ကသိုလ်မှ အဖွဲ့တစ်ဖွဲ့သည် အများ၏ အာရုံစိုက်ခြင်းကို ခံနေရကြောင်းလည်း သိရသည်။ ကာကွယ်ဆေးများကို အပြိုင်အဆိုင် ထုတ်လုပ်နိုင်ရန် ကြိုးစားနေသော အဖွဲ့အစည်းပေါင်း ၈၀ ကျော်ရှိသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ် ကာကွယ်ဆေးစမ်းသပ်ဖော်ထုတ်သည့်အဖွဲ့သည် ကာကွယ်ဆေးကို လူများ၌ စတင်စမ်းသပ်မှုကို လွန်ခဲ့သော ရက်အနည်းငယ်က ပြုလုပ်ခဲ့သည်။



ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ပထမဆုံးစမ်းသပ်ခံ အမျိုးသမီးတစ်ဦးကို ထိုးပေးနေစဉ်။

အောက်စ်ဖို့ဒ်နှင့် အင်ပီရီယယ်ကောလိပ်လန်ဒန်တို့၏ ကာကွယ်ဆေးအစီအစဉ်များသည် ဗြိတိန်တွင် ကာကွယ်ဆေးဆိုင်ရာ တိုးတက်မှု၏ ရှေ့တန်းသို့ ရောက်ရှိလာကြောင်း သိရသည်။

ဗြိတိန်အစိုးရက အဆိုပါအစီအစဉ်များအတွက် ရန်ပုံငွေထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်က ထုတ်ပြန်သောကြေညာချက်အရ ChAdOx 1 n CoV-19 ဟု အမည်ပေးထားသော အဆိုပါကာကွယ်ဆေးအသစ်ကို အက်ဒီနိုဗိုင်းရပ်စ်ကာကွယ်ဆေးနှင့် SARS-CoV-2 ပရိုတိန်းများကိုအခြေခံပြီး ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးဖြင့် အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်းရှိ လူများကို စမ်းသပ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# လုံခြုံရေးတပ်ဖွဲ့ဝင်များက တာလီဘန်တပ်မှူးနှစ်ဦးအပါအဝင် အကြမ်းဖက်စစ်သွေးကြွ ၁၇ ဦးကိုသုတ်သင်

**ဂါ့ဇ်နီ ဧပြီ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက် ဂါ့ဇ်နီပြည်နယ် လူနေဒေသတွင် လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားတစ်ဦးသေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဧပြီ ၂၅ ရက်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

**ရွာသားတစ်ဦးသေဆုံး**

ထုတ်ပြန်ကြေညာချက်အရ တာဘီဘန်စစ်သွေးကြွများက ဂါ့ဇ်နီပြည်နယ် မြို့တော်အပြင်ဘက်ရှိ ရှာလစ်ဇ်ကျေးရွာကို လက်နက်များဖြင့် ဧပြီ ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီက ပစ်ခတ်ခဲ့ရာ ရွာသားတစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ပြီး အခြား ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဂါ့ဇ်နီပြည်နယ်တွင် အကြမ်းဖက်မှုများ အရှိန်မြှင့်လုပ်ဆောင်နေသော တာလီဘန်စစ်သွေးကြွများသည် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး မည်သည့်မှတ်ချက်မှ ပြောကြားခြင်းမရှိကြောင်း သိရသည်။

**သုတ်သင်နိုင်ခဲ့**

အခြားဖြစ်စဉ်တစ်ခုတွင် အာဖဂန်နစ္စတန်အနောက်ပိုင်း ဂေါ်ပြည်နယ်၊ ရှာရက်ဒေသတွင် တိုက်ခိုက်ရေးလေယာဉ်များ နောက်ခံပြုထားသော လုံခြုံရေးတပ်ဖွဲ့များသည် တာလီဘန်တပ်မှူးနှစ်ဦးအပါအဝင် စစ်သွေးကြွ ၁၇ ဦးကို သုတ်သင်သတ်ဖြတ်နိုင်ခဲ့ကြောင်းနှင့် အကြမ်းဖက်သမား ၁၃ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၅၀၀၀ နီးပါးရှိလာ

**ဒါကာ ဧပြီ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဧပြီ ၂၅ ရက်က ထပ်မံတွေ့ရှိသော ကိုဗစ်-၁၉ အတည်ပြုလူနာ ၃၀၉ ဦးရှိကြောင်း အတည်ပြုမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၉၉၈ ဦးအထိမြင့်တက်လာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အဆင့်မြင့်ကျန်းမာရေးအရာရှိဖြစ်သူ ပရော်ဖက်ဆာနာဆီမာဆော်လ်တာနာက ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ အသစ် ထပ်မံတွေ့ရှိသူပေါင်း ၃၀၉ ဦးအထိ ရှိလာမှုနှင့်အတူ သေဆုံးသူပေါင်းလည်း ကိုးဦးအထိ ရှိလာပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

**သေဆုံးသူ ၁၄၀ အထိရှိလာ**

ယခုအခါတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိအတည်ပြုလူနာပေါင်း ၄၉၉၈ ဦးအထိမြင့်တက်လာပြီဖြစ်ကြောင်းနှင့် သေဆုံးသူပေါင်းလည်း ၁၄၀ အထိရှိလာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

သက်ဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်း စမ်းသပ်မှုပေါင်း ၃၃၃၇ အထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



မတ်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုင်ပါးလ်မြို့တွင် ဆုတောင်းမှုပြုလုပ်ရန် လူပေါင်းထောင်ချီတက်ရောက်လာသည်ကို တွေ့ရစဉ်။

# ကိုဗစ် –၁၉ ကုသဆေး လူသားအားလုံးရရှိနိုင်ရမည်

**ဂျီနီဗာ မေ ၂၅**

ကိုဗစ် –၁၉ ကုသဆေးနှင့် ကာကွယ်ဆေးရရှိနိုင်ရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းလျက်ရှိရာ တစ်ကမ္ဘာလုံးမှ လက်လှမ်းမီရရှိနိုင်ရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။

ကမ္ဘာ့ခေါင်းဆောင်များကလည်း အပြည့်အဝထောက်ခံခဲ့ကြသည်။ မေ ၂၄ ရက်က ဂျီနီဗာမြို့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း ညွှန်ကြားရေးမှူးက အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်၊ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်၊ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ အာဖရိက သမဂ္ဂကော်မရှင်ဥက္ကဋ္ဌနှင့် အခြားသော ခေါင်းဆောင်များ တက်ရောက်ကြသည်။

ကမ္ဘာအနှံ့တွင် ကိုဗစ် – ၁၉ ကုသဆေးနှင့် ကာကွယ်ဆေးရရှိရန် ကြိုးပမ်းနေကြရာ တချို့သော နိုင်ငံများဆိုလျှင် လူသားများတွင် ပင် စမ်းသပ်မှုများပြုလုပ်နေပြီဖြစ်သည်။ H1N1 ရောဂါဖြစ်ပွားစဉ်ကလည်း ဆေးရရှိခဲ့သော်လည်း လူတိုင်းလက်လှမ်းမမီနိုင်ခဲ့ကြောင်း၊ ယခုတစ်ကြိမ်တွင်လည်း ယင်းဖြစ်ရပ်ကို သင်ခန်းစာယူ၍ ထိုသို့ ပြန်မဖြစ်စေရေး လုပ်ဆောင်သွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

ကိုဗစ် – ၁၉ ကို ကာကွယ်ရေး၊ ကုသရေးနှင့် တိုက်ဖျက်ရေးတို့အတွက် လိုအပ်သည်များကို လူတိုင်း ရရှိစေရမည်ဟု ၎င်းကဆက်လက် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုကမူ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ခြင်း မရှိပေ။ အမေရိကန်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ရန်ပုံငွေ ထောက်ပံ့ပေးမှု ရပ်တန့်မည်ဟု ကြေညာထားသည်။ **အင်န်အိတ်ချ်ကေ**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး တက်ရို့စ်အက်ဒ်ဟာနွန်

# တိုကျိုအိုလံပစ် ရက်ရွှေ့ဆိုင်းရသည့်အတွက် ဒေါ်လာ ၂၅ သန်း အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီမှခွဲဝေပေးမည်

**တိုကျို မေ ၂၅**

တိုကျိုအိုလံပစ် တစ်နှစ်တာရွှေ့ဆိုင်းရသည့်အတွက် အားကစားသမားများနှင့် အမျိုးသားအိုလံပစ်ကော်မတီတို့ကို အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၃ သန်း ခွဲဝေချထားပေးသွားမည်ဟု အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)က မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

အိုင်အိုစီ၏ ထုတ်ပြန်ကြေညာချက်အရ အားကစားပြိုင်ပွဲ ရွှေ့ဆိုင်းရခြင်းကြောင့် ခရီးသွားလာခကုန်ကျစရိတ်၊ နေထိုင်စရိတ်များအပါအဝင် အမျိုးသား အိုလံပစ်ကော်မတီမှာ ကြုံတွေ့ရသည့် နောက်ထပ်ကုန်ကျစရိတ်များအတွက် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ သန်း ပေးသွားမည်ဟု သိရသည်။



တိုကျိုမြို့မှ အိုလံပစ်အထိမ်းအမှတ်နေရာကို တွေ့ရစဉ်။

လာမည့်နှစ် အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံပေါင်း ၁၈၅ နိုင်ငံမှ အားကစားသမား ၁၆၀၀ တို့အတွက် နောက်ထပ် အမေရိကန်ဒေါ်လာ ၁၅ သန်း သုံးစွဲသွားမည်ဟု အိုင်အိုစီက သတင်းထုတ်ပြန်ခဲ့သည်။ တစ်ကမ္ဘာလုံးအနှံ့ ဖြစ်ပွားနေသည့် ကိုဗစ် –၁၉ကပ်ရောဂါကြောင့် မတ် ၂၄ ရက်တွင် ၂၀၂၀ နွေရာသီ အားကစားပြိုင်ပွဲကို တစ်နှစ်ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည်။ အိုလံပစ်အားကစားပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်တွင် ဖွင့်ပွဲကျင်းပသွားရန် စီစဉ်ထားပြီး ယခုအခါ ၂၀၂၁ခုနှစ် ဇူလိုင် ၂၃ ရက်နှင့် ဩဂုတ် ၈ ရက်ကြားတွင် ကျင်းပသွားမည်ဟု သိရသည်။

**ကျိုဒိုနယူးစ်**

## ကက်ရှ်မီးယားတွင်ဖြစ်ပွားသော တိုက်ပွဲနှစ်ခုအတွင်း စစ်သွေးကြွ လေးဦးနှင့် အပေါင်းပါတစ်ဦး သေဆုံး

**ကက်ရှ်မီးယား မေ ၂၅**

အိန္ဒိယထိန်းချုပ်ရာ ကက်ရှ်မီးယားဒေသတွင် ဖြစ်ပွားသော တိုက်ပွဲနှစ်ခုအတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိမှုနှင့်အတူ စစ်သွေးကြွလေးဦးနှင့် ၎င်းတို့၏အပေါင်းပါတစ်ဦးသေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

**သုတ်သင်သတ်ဖြတ်ခြင်းခံလိုက်ရ**

မေ ၂၅ ရက် နံနက်ပိုင်းက ပေါဝါမာပြည်နယ်တွင် စစ်သွေးကြွနှစ်ဦးနှင့် ၎င်းတို့၏အပေါင်းပါတို့ သုတ်သင်သတ်ဖြတ်ခြင်းခံလိုက်ရသလို မေ ၂၄ ရက် ညနေပိုင်းက ကော်ဂမ်ဒေသတွင်လည်း အခြားစစ်သွေးကြွနှစ်ဦး သုတ်သင်ခြင်းခံလိုက်ရသည်။ ပေါဝါမာနှင့် ကော်ဂမ်ဒေသများသည် အိန္ဒိယထိန်းချုပ်ရာ ကက်ရှ်မီးယား၏ နွေဦးမြို့တော်ဖြစ်သည့် ဆီရီနာဂါမြို့ တောင်ပိုင်းတွင် တည်ရှိသည်။

စစ်သွေးကြွနှစ်ဦးနှင့် ၎င်းတို့၏အပေါင်းအပါတို့ ယနေ့တိုက်ပွဲအတွင်း သေဆုံးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါဒေသများတွင် အကြမ်းဖက်သမားရှာဖွေနှိမ်နင်းမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သံသယဖြစ်ပွားဖွယ်နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိ လာချိန် မရှေးမနှောင်းတွင် အကြမ်းဖက်သမားများနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားသည်။

ပြောက်ကျားစစ်ပွဲများသည် နှစ်ဖက်အဖွဲ့များကြား ၁၉၈၉ ခုနှစ်ကတည်းက ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ကက်ရှ်မီးယားဒေသသည် အိန္ဒိယနှင့် ပါကစ္စတန်တို့ကို ပိုင်းခြားထားသော ဒေသဖြစ်သည်။

ဆင်ဟွာ

## အခြေအနေဆိုးရွားသည့်လူနာများကို ကုသပေးနိုင်ရေး ဂျပန်ကုမ္ပဏီများက အသက်ရှူအထောက်အကူပြုကိရိယာ ထုတ်လုပ်သွားမည်

**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံ ဆေးဝါးကိရိယာထုတ်လုပ်သူ နီဟွန်ခိုဒန်က ကိုဗစ် – ၁၉ အခြေအနေဆိုးရွားသည့်လူနာများကို ကုသနိုင်ရေးအတွက် အသက်ရှူအထောက်အကူပြုကိရိယာများကို ပြည်တွင်း၌ပင် ထုတ်လုပ်တော့မည်ဟု ပြောကြားခဲ့သည်။

ပြည်တွင်းထုတ်လုပ်မှုကို ကျန်းမာရေးဝန်ကြီးဌာနကလည်း ထောက်ခံချက်ရရှိသွားပြီဖြစ်ကြောင်း အသက်ရှူအထောက်အကူပြုကိရိယာများကို ရောင်းချရန်နှင့် လူနာများကို ကုသပေးရန်လည်း ကျန်းမာရေးဝန်ကြီးဌာနထံမှ ထောက်ခံချက်ရရှိထားပြီးပြီဟု နီဟွန်ခိုဒန်ကုမ္ပဏီက ပြောကြားခဲ့သည်။

လတ်တလောတွင် အသက်ရှူအထောက်အကူပြုကိရိယာများကို အမေရိကန်ပြည်ထောင်စုက ပြုလုပ်လျက်ရှိသည်။ တစ်နှစ်အတွင်း နီဟွန်ခိုဒန် ကုမ္ပဏီသည် ရာနှင့်ချီ၍ ထုတ်လုပ်သွားရန်ရှိပြီး ဇူလိုင်လမှစတင်ကာ ဈေးကွက်တွင် ရောင်းချနိုင်တော့မည် ဖြစ်သည်။

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဂျပန်နိုင်ငံတွင် အသက်ရှူအထောက်အကူပြုကိရိယာ ပြတ်တောက်မည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ယင်းစက်များကို နိုင်ငံခြားမှ ၉၀ ရာခိုင်နှုန်း တင်သွင်းနေရသည်။

အင်န်အိတ်ချ်ကေ

# နှစ်ပေါင်း ၂၀ အတွင်း ဗင်နီဇွဲလားနိုင်ငံ၏ရေနံဈေး အနိမ့်ဆုံးကျဆင်း

**ကရာကတ် မေ ၂၅**

ဗင်နီဇွဲလားနိုင်ငံတွင် ရေနံတစ်စည်လျှင် ၁၀ ဒေါ်လာအောက် ဈေးကျသွားခဲ့ပြီး နှစ်ပေါင်း ၂၀ ကာလအတွင်း အနိမ့်ဆုံးဈေးပင်ဖြစ်ကြောင်း မေ ၂၄ ရက်တွင် ဗင်နီဇွဲလားအစိုးရက ပြောကြားခဲ့သည်။

မေ ၂၀ ရက်မှ ၂၄ ရက်အတွင်း ရေနံဈေးမှာ ရေနံတစ်စည်လျှင် တရုတ်ငွေကြေး ၇၀ ဒသမ ၆၂ ယွမ်၊ ဒေါ်လာ ၉ ဒသမ ၉၀ သာဈေးပေါက်ခဲ့ရာ ၁၉၉၈ ခုနှစ်နောက်ပိုင်း မမြင်ဖူးသည့် ဈေးနှုန်းဖြစ်ကြောင်း ဗင်နီဇွဲလားရေနံဝန်ကြီးက ပြောသည်။ အမေရိကန်နှင့် အဆင်မပြေဖြစ်ပြီးနောက် ၂၀၁၇ ခုနှစ်မှစကာ ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုသည် ရေနံဈေးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြသည်ထက် တရုတ်ငွေကြေးဖြင့် ဖော်ပြခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်ပြီး ရေနံဈေး ကျဆင်းလာကာ တိုင်းပြည်၏စီးပွားရေးအကျပ်အတည်းကို ဖြစ်ပေါ်စေပြီး ဗင်နီဇွဲလားနိုင်ငံသား ငါးသန်းခန့် နေရပ်စွန့်ခွာခဲ့ရသည့်အခြေအနေ ဆိုက်ရောက်ခဲ့ရသည်။

ဗင်နီဇွဲလားနိုင်ငံသည် ရေနံမှရရှိသည့် အခွန်ငွေပေါ်တွင် အဓိကမှီခိုနေသည့်တိုင်းပြည်ဖြစ်ပြီး အဆိုပါဝင်ငွေသည် တိုင်းပြည်၏ ဝင်ငွေ ၉၆ ရာခိုင်နှုန်းရှိသည်။ ဗင်နီဇွဲလားနိုင်ငံတွင် ရေနံထုတ်လုပ်ရေးအတွက် ဆွဲဆောင်မှုများ ဆက်လက်ပြုလုပ်နိုင်ရေး ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၀ အထိဈေးရရန်လိုအပ်သည်။ ဂျွန်ဟော့ကင်း တက္ကသိုလ်၏ တွက်ချက်မှုများအရ ဗင်နီဇွဲလားနိုင်ငံတွင် ကိုဗစ် –၁၉ ကြောင့် လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်း ၃၀၀ ကျော် ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သိရသည်။ **အေအက်ဖ်ပီ**



နှာခေါင်းစည်းတပ်ကာ သွားလာလှုပ်ရှားနေကြသည့် ဗင်နီဇွဲလားနိုင်ငံသားများကို တွေ့ရစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

## ဟူသီသူပုန်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် လူ ၁၆ ဦးသေဆုံး

**အေဒင် မေ ၂၅**

ယီမင်နိုင်ငံမှ ဟူသီသူပုန်များသည် မေ ၂၅ ရက် နံနက်ပိုင်းက တောင်ပိုင်း ဒါဟာလီယာပြည်နယ်ရှိ ယီမင်အစိုးရတပ်များကို ထိုးစစ်ဆင် ဆင်နွှဲခဲ့တဲ့ တိုက်ပွဲမှ နှစ်ဖက်စလုံးတွင် ၁၆ ဦး သေဆုံးခဲ့ရသည်ဟု သိရသည်။

ဒါဟာလီယာပြည်နယ် အယ်ဟူရှာခရိုင်ရှိ ယီမင်အစိုးရတပ်များကို ဟူသီသူပုန်များဘက်မှ အကြီးအကျယ်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားပြီး အမြောက်ဖြင့် အပြန်အလှန်ပစ်ခတ်ကြရာ ဟူသီတို့ဘက်မှ တိုက်ခိုက်ရေးသမား ၁၁ ဦး သေဆုံးခဲ့ပြီး အစိုးရတပ်မှ ငါးဦးသေဆုံးခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ ဟူသီတိုက်ခိုက်ရေးသမား ၁၃ ဦး ဒဏ်ရာရရှိခဲ့ပြီး အစိုးရတပ်မှ ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

ဒါဟာလီယာ ပြည်နယ်အနောက်ပိုင်းတွင် ဟူသီနှင့် အစိုးရတပ်များ စဉ်ဆက်မပြတ် တိုက်ပွဲများဖြစ်ပွားခဲ့ရာ လေးနှစ်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ယီမင်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှစတင်ကာ ဟူသီသူပုန်များနှင့် အစိုးရတပ်များကြား တိုက်ပွဲများကြောင့် ပြည်တွင်းစစ်အတွင်း နစ်မြုပ်နေခဲ့ရသည်။

ဆင်ဟွာ

## ကိုဗစ် -၁၉ ကြောင့် အင်ဒိုနီးရှားတွင် သေဆုံးသူ ၇၀၀ ကျော်ရှိလာ

**ဂျကာတာ မေ ၂၅**

အင်ဒိုနီးရှားနိုင်ငံတွင် မေ ၂၅ ရက်က ကိုဗစ် -၁၉ ကြောင့် နောက်ထပ် လူ ၃၁ ဦးသေဆုံးခဲ့ရာ စုစုပေါင်းသေဆုံးသူဦးရေမှာ ၇၂၀ အထိရှိလာပြီဖြစ်သည်

အင်ဒိုနီးရှားတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးမှုနှုန်းသည် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံမှ ကိုဗစ် - ၁၉ ကိစ္စရပ်များဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အာမက်ယူရီအန်တိုက မေ ၂၅ ရက်အထိ နောက်ထပ်ကူးစက်ခံရသူ ၃၉၆ ဦးတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၈၆၀၇ ဦးအထိရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လူပေါင်း ၄၀ နီးပါး ဆေးရုံမှ ဆင်းသွားနိုင်ခဲ့ပြီး စုစုပေါင်း နေပြန်ကောင်းသူ အရေအတွက်မှာ ၁၀၄၂ ဦး ရှိပြီဖြစ်သည်။ ကိုဗစ် - ၁၉ သံသယလူနာအရေအတွက်မှာ ၁၉၀၈၄ ဦး ရှိကြောင်းသိရသည်။

ဆင်ဟွာ

# ကပ်ရောဂါဆိုင်ရာ အစီအမံတွေနဲ့ပတ်သက်ပြီး ဖိအားများစွာကျရောက်နေတဲ့ ဗြိတိန်

*ကလျာမိုးမြင့်*

**ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရမှုကြောင့် ဆေးကုသမှုခံယူခဲ့ပြီးနောက် ပြန်လည်ကျန်းမာလာတဲ့ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ မကြာခင်အချိန်အတွင်းမှာပဲ လုပ်ငန်းခွင်ပြန်ဝင်ဖို့ အသင့်ဖြစ်နေပြီလို့ သိရပါတယ်။ ဒီအချိန်မှာတော့ ၎င်းရဲ့အစိုးရအဖွဲ့ဟာ ဗြိတိန်ကို အသွားအလာ၊ အဝင်အထွက် ကန့်သတ်ပိတ်ဆို့ထားမှုကနေ ဘယ်လိုဆွဲထုတ်မလဲဆိုတာနဲ့ပတ်သက်ပြီး ရှင်းပြဖို့ ဖိအားများစွာကျရောက်လျက်ရှိ ပါတယ်။**



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

### ကျန်းမာလျက်ရှိ

အသက် ၅၅ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာဘောရစ်ဂျွန်ဆင်ဟာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် အထူးကြပ်မတ်ကုသဆောင်မှာ သုံးရက်ကြာအောင် ကုသမှုခံယူခဲ့ပြီးတဲ့နောက်မှာတော့ ရောဂါအခြေအနေပြန်လည်သက်သာကောင်းမွန်လာတဲ့အတွက် မေ ၁၂ ရက်မှာ ဆေးရုံက ပြန်ဆင်းလာခဲ့ပြီး လန်ဒန်မြို့အပြင်ဘက် ချက်ကွာမှာရှိတဲ့ ဝန်ကြီးချုပ်အိမ်တော်မှာ အနားယူခဲ့ပါတယ်။

### သတင်းစကားကြားသိရ

မစ္စတာဂျွန်ဆင်အနေနဲ့ နိုင်ငံရေးဆိုင်ရာ စကားစစ်ထိုးပွဲထဲကို ပြန်မဝင်ခင်မှာ အခြေအနေတွေကို လွယ်ကူ ချောမွေ့အောင် ဆောင်ရွက်နိုင်ဖို့ ခေါင်းခဲစရာဖြစ်နေပါတယ်။ မစ္စတာဂျွန်ဆင်ဟာ အဲလိစ်ဇဘက်ဘုရင်မကြီးနဲ့ရော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ပါ စကားပြောဆိုခဲ့ပြီးနောက် ဒေါင်းနင်းလမ်းဆီ ၎င်းပြန်သွားတော့မယ်ဆိုတဲ့ သတင်းစကားတွေကို ကြားသိရပါတယ်။

### ပိုမိုသတိရှိဖို့လို

သမ္မတထရမ့်က မစ္စတာဂျွန်ဆင်ဟာ ခွန်အားပြန်လည်ပြည့်ဝနေပြီ၊ ၎င်းတို့ဖုန်းနဲ့ဆက်သွယ်စကားပြောခဲ့ချိန်မှာ မစ္စတာဂျွန်ဆင်ရဲ့အနေအထားက မယုံနိုင်လောက်အောင် ကျန်းမာနေသလိုပဲ။ အစိုးရတာဝန်တွေ ထမ်းဆောင်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ ပြောလာချိန်မှာ အမှန်တကယ်အံ့အားသင့်ခဲ့ရတယ်လို့ ယခုရက်ပိုင်းအတွင်းပြောကြားခဲ့ပါတယ်။ မစ္စတာဂျွန်ဆင်ဟာ တနင်္လာနေ့ရောက်တဲ့အခါ ၎င်းရဲ့ အလုပ်စားပွဲပေါ် ပြန်ရောက်နေမှာဖြစ်ပြီး အစိုးရအဖွဲ့ဝန်ကြီးတွေနဲ့ ဆွေးနွေးပွဲတွေလုပ်တော့မယ်လို့ ဒေးလီးတယ်လီဂရပ်ဖ် သတင်းစာက ဖော်ပြပါတယ်။ ဒါပေမယ့် ကျန်းမာရေးဝန်ကြီး မတ်ဟန်းကော့ကတော့ ဝန်ကြီးချုပ်အနေနဲ့ ပြန်ကောင်းလာပြီဆိုတာမှန်ပေမယ့် ပိုပြီး သတိထားဖို့ လိုလိမ့်မယ်လို့ သတိပေးနေပါတယ်။

### တာဝန်ခွဲဝေ

ဝန်ကြီးချုပ် မစ္စတာ ဘောရစ်ဂျွန်ဆင် ဆေးရုံစတက်ခဲ့တဲ့ မေ ၆ ရက်ကစပြီး ၎င်းရဲ့ကိုယ်စား နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရက်ဘ်က ယာယီတာဝန်ယူဆောင်ရွက်ခဲ့ကာ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ဖို့ နိုင်ငံရေးဆိုင်ရာ မဟာဗျူဟာတွေနဲ့စပ်လျဉ်းတဲ့ အစိုးရအဖွဲ့ အစည်းအဝေးတွေကို ဦးဆောင်ကျင်းပခဲ့ပါတယ်။

### အတည်ပြုချက်ရယူဖို့

နိုင်ငံရေးဆိုင်ရာ ကြီးကြပ်သူတစ်ဦးအဖြစ် အမည်ခံထားချိန်အတွင်းမှာ ရက်ဘ်အနေနဲ့ အသွားအလာ ကန့်သတ်ပိတ်ဆို့မှု ဖြေလျှော့ရေး အစီအစဉ်တွေလိုမျိုး အရေးကြီးဆုံးဖြတ်ချက်တွေကိုချမှတ်ဖို့ အစိုးရအဖွဲ့တစ်ရပ်လုံးရဲ့ထောက်ခံ အတည်ပြုချက်ရယူဖို့ လိုအပ်ကောင်း လိုအပ်ခဲ့မှာဖြစ်ပေမယ့် တကယ်တမ်းမှာတော့ မစ္စတာဂျွန်ဆင်မရှိတဲ့ အတောအတွင်းမှာ မစ္စတာရက်ဘ်၊ ထိပ်တန်းဝန်ကြီးတစ်ဦးဖြစ်တဲ့ မစ်ချယ်ဂုဗ်နဲ့ ကျန်းမာရေးဝန်ကြီး မတ်ဟန်းကော့တို့က ခေါင်းဆောင်နေရာကို တာဝန်ကြီးစွာနဲ့ ခွဲဝေယူထားရပါတယ်။

### ရောဂါဖြစ်ပွားမှုအဆိုးဆုံးနိုင်ငံတစ်ခုဖြစ်

ဆေးရုံမှာ ရောဂါကူးစက်ခံရတဲ့လူနာတွေ သေဆုံးမှုမြင့်တက်နေမှုနဲ့အတူ ကိုဗစ်-၁၉ ပေ့ါစတစ်လူနာတွေ မတန်တဆ တိုးပွားလာနေတဲ့အချိန်မှာပဲ မစ္စတာဂျွန်ဆင်ဟာလည်း အထူးကြပ်မတ်ကုသဆောင်မှာ အရေးပေါ်ကုသမှုခံယူနေခဲ့ရပါတယ်။ ဗြိတိန်ဟာ ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အဆိုးရွားဆုံးခံစားရတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး နေ့စဉ်နေ့တိုင်းလိုလို လူတွေရာနဲ့ချီ သေဆုံးနေရပါတယ်။ အမှန်တကယ်သေဆုံးသူ အရေအတွက်ဟာလည်း လူမှုအဖွဲ့အစည်းအတွင်းမှာ စာရင်းကောက်ယူ ဖော်ပြထားတဲ့ ပမာဏထက်ပိုပြီး မြင့်တက်လာနိုင်ဖွယ်ရှိနေတယ်လို့ သိရပါတယ်။

### ဝေဖန်ထိုးနှက်မှုတွေရင်ဆိုင်နေရ

အစိုးရအဖွဲ့အတွင်းမှာ မစ္စတာဂျွန်ဆင် မပါဝင်နိုင်တဲ့ အချိန်အတွင်းမှာ တာဝန်ယူဆောင်ရွက်နေတဲ့ ဝန်ကြီးအဖွဲ့တွေဟာ အကာအကွယ်ဝတ်စုံ(PPE) မလုံလောက်မှု၊ ဗိုင်းရပ်စ်စစ်ဆေးစမ်းသပ်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်နိုင်မှု၊ အထူးသဖြင့် ရှေ့တန်းစစ်မျက်နှာတစ်ခုအနေနဲ့ တာဝန်ဆောင်ရွက်နေကြရတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ လူမှုစောင့်ရှောက်ရေးဝန်ထမ်းလုပ်သားတွေနဲ့ပတ်သက်ပြီး ဝေဖန်ထိုးနှက်တိုက်ခိုက်မှုပေါင်းများစွာကို ခေါင်းခံ ရင်ဆိုင်နေရပါတယ်။

### အယုတ်၊ အလတ်၊ အမြတ်မရွေး

အစိုးရအဖွဲ့ဟာ မြန်ဆန်သွက်လက်တဲ့ ဆောင်ရွက်မှု ရှိသင့်သလောက်မရှိဘူးလို့ ဗြိတိန် ဆေးဝါးကုသမှုအဖွဲ့အစည်းရဲ့ ကောင်စီဥက္ကဋ္ဌ ချာအန်နက်ပေါလ်က စကိုင်းနယူးရုပ်သံသို့ ဝေဖန်ပြောကြားခဲ့ပါတယ်။ ဗိုင်းရပ်စ်ဟာ အယုတ်၊ အလတ်၊ အမြတ်မရွေး ဆင်းရဲချမ်းသာမရွေး ခွဲခြားမှုမရှိဘဲ ဒုက္ခပေးတတ်တဲ့ သဘောသဘာဝကို ဖော်ပြနေပါတယ်။

> **“အစိုးရအဖွဲ့အတွင်းမှာ မစ္စတာဂျွန်ဆင် မပါဝင်နိုင်တဲ့အချိန်အတွင်းမှာ တာဝန်ယူဆောင်ရွက်နေတဲ့ ဝန်ကြီးအဖွဲ့တွေဟာ အကာအကွယ်ဝတ်စုံ(PPE) မလုံလောက်မှု၊ ဗိုင်းရပ်စ်စစ်ဆေးစမ်းသပ်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်နိုင်မှု၊ အထူးသဖြင့် ရှေ့တန်းစစ်မျက်နှာတစ်ခုအနေနဲ့ တာဝန်ဆောင်ရွက်နေကြရတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ လူမှုစောင့်ရှောက်ရေးဝန်ထမ်းလုပ်သားတွေနဲ့ပတ်သက်ပြီး ဝေဖန်ထိုးနှက်တိုက်ခိုက်မှုပေါင်းများစွာကို ခေါင်းခံရင်ဆိုင်နေရပါတယ်”**

### အပြစ်တင်စွပ်စွဲ

ရောဂါကူးစက်မှုစတင်ဖြစ်ပွားတဲ့ အစောပိုင်းမှာ မစ္စတာဂျွန်ဆင်ရဲ့ တုံ့ပြန်ဆောင်ရွက်မှုတွေ အထူးသဖြင့် ဥရောပအိမ်နီးချင်းနိုင်ငံတွေက တင်းကျပ်တဲ့ စည်းကမ်းလမ်းညွှန်ချက်တွေ စတင်လုပ်ဆောင်လိုက်ပြီးတဲ့နောက်မှာမှ ဗြိတိန်ကို လော့ခ်ဒေါင်းချတာတွေ၊ စည်းကမ်းလမ်းညွှန်ချက် ထုတ်ပြန်ခဲ့တာတွေအတွက် ၎င်းရဲ့လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ဝေဖန်ခံခဲ့ရပါတယ်။ အတိုက်အခံ အလုပ်သမားပါတီခေါင်းဆောင် ကီရာစတာမာက အစိုးရအဖွဲ့ဟာ အချိန်လွန်မှ လော့ခ်ဒေါင်းချတယ်၊ အချိန်လွန်မှ ဗိုင်းရပ်စ်စစ်ဆေးမှုတွေလုပ်တယ်၊ အချိန်လွန်မှ အကာအကွယ်ဝတ်စုံတွေ၊ ကိရိယာတွေ ထုတ်ပေးတယ်ဆိုပြီး ပြစ်တင်စွပ်စွဲလျက်ရှိပါတယ်။

### အမြန်ဆုံး ရှင်းပြနိုင်ဖို့လို

ဝန်ကြီးချုပ်အနေနဲ့ ပြိုလဲသွားတဲ့ နိုင်ငံ့စီးပွားရေးကို ဘယ်လိုပြန်ပြီး ဦးမော့လာအောင်လုပ်မယ်၊ ဗိုင်းရပ်စ်ပျံ့နှံ့တာကို တစ်ဖက်က ထိန်းချုပ်ဖို့လုပ်နေရင်း တစ်ဖက်က စီးပွားရေး ဘယ်လို ပြန်လည်ပတ်မယ်ဆိုတာတွေနဲ့ ပတ်သက်ပြီး ဘယ်လိုစီစဉ်နေသလဲဆိုတာတွေကို အမြန်ဆုံး ရှင်းပြနိုင်ဖို့လိုလိမ့်မယ်လို့ ၎င်းက ပြောပါတယ်။

### တောင်းဆိုမှုများပြား

ဗြိတိန်တစ်နိုင်ငံလုံး အဝင်အထွက်၊ အသွားအလာကန့်သတ်ပိတ်ဆို့ထားမှုကို မတ်လ ၂၃ ရက်က စတင်ချထားခဲ့ပြီး မေ ၁၆ ရက်မှာ အချိန်ထပ်တိုးခဲ့ပါတယ်။ လာမယ့် မေ ၇ ရက်မှာတော့ ဒီကိစ္စကို ပြန်လည်စဉ်းစားသုံးသပ်ရမှာ ဖြစ်ပါတယ်။ အခုအခါမှာတော့ လက်ရှိလုပ်ဆောင်ထားတဲ့ လော့ခ်ဒေါင်းချမှုကနေ ပြန်ထွက်မယ့် နည်းဗျူဟာအစီအမံတစ်ရပ်ကို တောင်းဆိုမှုပိုများလာနေပါတယ်။ စည်းကမ်းလမ်းညွှန်ချက် ထုတ်ပြန်ထားတာတွေ ဘယ်တော့ ရုပ်သိမ်းမလဲဆိုတာနဲ့ ပတ်သက်ပြီး လူသိရှင်ကြား ခန့်မှန်းပြောဆိုမှုတွေကို အစိုးရအဖွဲ့ဝန်ကြီးတွေက ငြင်းဆန်ထားပါတယ်။

### သေချာပေါက်မပြောနိုင်သေး

ပြီးတော့ ဗြိတိန်ဟာ ကပ်ရောဂါကျရောက်မှုရဲ့ အရှိန်အမြင့်ဆုံးကာလကို ကျော်လွန်သွားပြီလားဆိုတာကို ကျွမ်းကျင်သူတွေကတောင် သေချာပေါက်မပြောနိုင်သေးဘူးလို့ ၎င်းတို့က ဖြေရှင်းချက်ပေးထားပါတယ်။

ကပ်ရောဂါဖြစ်ပွားမှုရဲ့ နောက်ဆက်တွဲဖြစ်တဲ့ စီးပွားရေးထိခိုက်မှုက ပိုပြီးဆိုးလာတဲ့အတွက် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ရဲ့ အာဏာရ ကွန်ဆာဗေးတစ်ပါတီ အပါအဝင် ပြည်သူတစ်ရပ်လုံးက ရှေ့ဆက်မယ့် အစီအမံတွေကို ပိုပြီး ရှင်းရှင်းလင်းလင်း သိခွင့်ရဖို့ လိုလားနေကြပါပြီ။

ပိတ်ဆို့မှု ချမှတ်ထားပေမယ့်လည်း စီးပွားရေးလုပ်ငန်းတချို့ ပြန်ဖွင့်ဖို့ စလုပ်နေပြီဖြစ်တဲ့အတွက် အစိုးရအနေနဲ့ အခက်အခဲကြားမှာ သတ္တိရှိရှိနဲ့ အကောင်းဆုံးလုပ်ဆောင်ချက်တစ်ခုကိုပြသဖို့ လိုအပ်နေပြီလို့ ကွန်ဆာဗေးတစ်အကြီးအကဲဟောင်း ဒန်ကန်စမစ်က ပြောကြားခဲ့ပါတယ်။ ။

အေအက်ဖ်ပီ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

COIVD-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲအတည်ပြုလူနာများအား ကုသပေးနေမှု

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၆၈ |
| ၂ | တောင်ဥက္ကလာအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၃၉ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၆ |
| ၄ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၅ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၃ |
| ၆ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၂ |
| ၇ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီး | ၂ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၉ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၁၀ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၁၁ | ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့ | ၁ |
| ၁၂ | ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | ၁ |
| | စုစုပေါင်း | ၁၃၀ |

၁။ (၂၅-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်အဖြစ် ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၈၂) ခုနှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) (DMR) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၀) ခု စုစုပေါင်း (၁၃၂)ခုတို့တွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြု လူနာ (၁၄၄) ဦး ရှိပြီဖြစ်ပါသည်။

၃။ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာအမှတ် (၀၂၇) သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး၊ ၎င်းထံမှ ဓာတ်ခွဲနမူနာများကို စစ်ဆေးခဲ့ရာ နှစ်ကြိမ်ဆက်တိုက် COVID-19 ရောဂါပိုး မတွေ့ရှိရတော့သဖြင့် ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၀) ဦး (ဆေးရုံမှ ဆင်းခွင့်ရရှိပြီးသူ – ၉ ဦး) ရှိပြီ ဖြစ်ပါသည်။ သေဆုံးသူ (၅)ဦးရှိပြီ ဖြစ်ပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၃၀) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပါသည်။ ၎င်းလူနာ (၁၃၀) ဦးအနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၂) ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၁) ဦးရှိကာ ကျန် (၁၂၇) ဦး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၅။ (၂၄-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၅-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၁၀)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (ပထမအသုတ်)
(၂၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၅-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၁၃၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၁၃၂) ဦး |



**သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက ကလေးမြို့ ဘိုးဘွားရိပ်သာအတွက် အခြေခံစားသောက်ကုန်များ လှူဒါန်း**

**စစ်ကိုင်း မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းသီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ(၁၃) ဘိုးဘွားရိပ်သာအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို မေ ၂၅ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီးမှ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရိက္ခာပြတ်တောက်ခြင်းမရှိစေရေး အဆိုပါဘိုးဘွားရိပ်သာတွင်ရှိသည့် အဘိုး ၁၀ ဦး၊ အဘွား ၁၅ ဦးအတွက် ဆန်တစ်တင်းအိတ် ၂၅ အိတ်၊ ဆီ ၂၅ ဘူး၊ ဆား ၂၅ ထုပ်၊ ပဲ ၂၅ ထုပ်၊ ကြက်သွန်နီ ၂၅ ပိဿာ တစ်အိတ်တို့ကို အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညသေဠမှ သီတဂူဆရာတော်ကြီးကိုယ်စား လာရောက်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇာခြည်အေး(မြန်မာ့အလင်း)**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အင်ကြင်းဈေးတွင် ကိုဗစ်– ၁၉ ရောဂါ မဖြစ်ပွားစေရေး ပုံကျဆိုင်ခန်းများကို ခြောက်ပေခွာ နေရာချထားပေး

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် အင်ကြင်းဈေးရှိ ပုံကျဈေးသည်များအား ဈေးမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားစေရေးအတွက် ဆိုင်ခန်းတစ်ခန်းနှင့်တစ်ခန်း ခြောက်ပေခွာ၍ နေရာချထားပေးမှုကို ယနေ့ မေ ၂၅ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ နေရာချထားပေးရာတွင် ဈေးများဌာန ဒုတိယဌာနမှူး ညွှန်ကြားရေးမှူး ဦးမောင်မောင်စံ၏ ကြီးကြပ်မှုနှင့်အတူ ဈေးတာဝန်ခံ ဦးသိန်းဇော်နှင့်ဝန်ထမ်း ၁၂ ဦးက သားငါးတန်း၊ ကုန်စိမ်းတန်း၊ ကုန်စုံတန်း စသဖြင့် စနစ်တကျ နေရာချထားပေးခြင်းဖြစ်ပြီး ဈေး၏အရှေ့ဘက် မြေနေရာကို ယနေ့နံနက်မှ စတင်ပြီး စက်ယန္တရားများအသုံးပြု၍ မြေညှိခြင်းများဆောင်ရွက်လျက်ရှိရာ အဆိုပါ မြေညှိခြင်းပြီးစီးပါက ပုံကျဈေးသည် ၃၀၀ ကို ထပ်မံ၍ နေရာချထားပေးမည်ဖြစ်ကြောင်းနှင့် နေပြည်တော်အဝန်းအဝိုင်းရှိ ခေတ္တပိတ်ထားသည့် ကျေးလက်ဈေးများမှ ဈေးသည်များသည် ယခု အင်ကြင်းဈေးသို့ လာရောက်ရောင်းချလျက်ရှိသည့်အတွက် ဈေးတွင် ဈေးဝယ်သူ၊ ဈေးရောင်းချသူများဖြင့် အချိန်ပြည့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အတူ ဓနသိဒ္ဓိရပ်ကွက်ရှိ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းက ယနေ့နံနက်တွင် ဈေးသို့ လာရောက်သော ဈေးဝယ်သူများနှင့် ဈေးရောင်းချသူများကို နှာခေါင်းစည်း အခု ၅၀၀ ဝေငှခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# လေးစားဂုဏ်ပြုအပ်သော ဆေးဝန်ထမ်းများ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းက သူနာပြုဆရာမ သုံးဦးတို့မှာ ကိုရိုနာဗိုင်းရပ်စ်ပိုးရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ဝါရှင်တန်ပြည်နယ်က သူနာပြု ၂၅ ဦးလည်း သံသယအနေနဲ့ ခွဲခြားစောင့်ကြည့်ခံရတယ်။ သူတို့စောင့်ရှောက်မှုပေးနေတဲ့ လူနာအချို့ဟာ ကိုရိုနာပိုးရှိကြောင်း စစ်ဆေးခြင်းမပြုရမီ သေဆုံးခဲ့ရလို့ဖြစ်ပါတယ်။ နယူးယောက်ပြည်နယ် Lawrence Hospital,Bronxville က သူနာပြုဆရာမအချို့ဟာလည်း ကိုရိုနာပိုးရှိကြောင်း စစ်ဆေးတွေ့ရှိရတဲ့လူနာကို စောင့်ရှောက်ပေးရတာမို့ quarantine လုပ်ခြင်း ခံကြရပါတယ်။**

ဒီဖြစ်စဉ်တွေဟာ ၂၀၂၀ ပြည့်နှစ် မတ်လဆန်းမှာ ဖြစ်ခဲ့တာဖြစ်ပါတယ်။ ဆေးဘက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုများ၊ ဓာတ်ခွဲခန်းပညာရှင်များနဲ့ ဆေးရုံဝန်ထမ်း အများစုတို့ဟာ မိမိတို့ တာဝန်ကျရာဖြစ်စေ၊ မိမိတို့ ဆန္ဒအရ ရွေးချယ်ရလို့ဖြစ်စေ ဒီလိုအန္တရာယ်များတဲ့ အလုပ်ကို လုပ်ကြရပါတယ်။ သူတို့ဟာ အလွန်ကူးစက်နိုင်ခွင့်၊ အသက်အန္တရာယ် ထိခိုက်နိုင်ခွင့်တွေအထိ ကြုံတွေ့နေကြရပါတယ်။ ၂၀၀၂ ခုနှစ် ဆားစ်ရောဂါ ကူးစက်ပြန့်ပွားနေချိန်က ကူးစက်ခံရသူတို့ရဲ့ ငါးပုံ တစ်ပုံဟာ ကျန်းမာရေးဝန်ထမ်းများဖြစ်ကြောင်း သိရပါတယ်။ ဒီဝန်ထမ်းတွေ ထိခိုက်သွားရင် ကူးစက်ရောဂါများ ကုသမှုတွေကိုလည်း ထိခိုက်သွားစေနိုင်ပါတယ်။ ဒီဝန်ထမ်းအများစုတို့မှာ အတွေ့အကြုံ၊ ကျွမ်းကျင်မှုတို့အပြင် စေတနာ၊ အနစ်နာ၊ စာနာမှုတရားတွေရှိနေလို့ ဖြစ်ပါတယ်။



**“ဆရာဝန်များအပါအဝင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများဟာ အလွန်အန္တရာယ်များ လှမှန်း ကောင်းစွာသိရှိကြပေမယ့် စေတနာ၊ အနစ်နာခံမှုများစွာနဲ့ အများအတွက် ပေးဆပ်နေကြသူများ ဖြစ်ကြပါတယ်။ သူတို့ရဲ့ ရဲရင့်တဲ့စိတ်ဓာတ်ကို သိပ်လေးစား တန်ဖိုးထားမိပါတယ်။ သူတို့သာ ခုလိုအချိန် ရှေ့တန်းကို မထွက်ခဲ့ကြရင် ပြင်းထန်တဲ့ ကူးစက်ကပ်ရောဂါကြီးကို ကြောက်မက်ဖွယ် ရင်ဆိုင်ရရုံမက လူသားများစွာ ထိခိုက်ဆုံးရှုံးနိုင်တာ ဖြစ်ပါတယ်”**

### အားထားရတဲ့ တစ်ကိုယ်ရေသုံး အကာအကွယ်များ

အထူးသဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုးကို ရင်ဆိုင်ကြရာမှာ ရောဂါပိုးပြင်းထန်စွာ ခံစားနေရသူကို အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ပေးရချိန်နဲ့ လူနာရဲ့ အဆုတ်ကနေ သလိပ်နမူနာ စစ်ဆေးဖို့ယူရချိန်တွေဖြစ်ကြောင်း Saint Louis University, Institute of Biosecurity က သူနာပြုညွှန်ကြားရေးမှူး Terri Rebmann ဆိုသူက ပြောပါတယ်။ ဒါဟာ သိပ်ကို ကူးစက်နိုင်တဲ့ အခြေအနေတွေပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်မှာ တစ်ကိုယ်ရေသုံး အကာအကွယ်များဖြစ်တဲ့ နှာခေါင်းစည်း၊ လက်အိတ်၊ ဝတ်ရုံ အကာအကွယ်များဟာ ဆရာဝန်၊ သူနာပြုတို့အတွက် အားထားရတဲ့ ကာကွယ်မှုအစီအမံများ ဖြစ်ပါတယ်။

CDC အမေရိကန် ကူးစက်ရောဂါထိန်းချုပ်မှု အဖွဲ့ကြီးက နှာခေါင်းစည်းတပ်ရာမှာ N95 တို့ကိုသာ သုံးရမယ်လို့ ညွှန်ကြားထားပါတယ်။ အထူးကြပ်မတ်နေရသူများ အတွက် တိကျတဲ့လုံခြုံမှုတွေ လိုအပ်ပါတယ်။ လူနာတွေ ဆီကထွက်တဲ့ ဘယ်အမှုန်အမွှားတွေကမှ မကူးစက်စေနိုင်ဖို့ ဖြစ်ပါတယ်။ ဒီနှာခေါင်းစည်းတွေကို သုံးရာမှာလည်း စနစ်တကျသုံးပါလို့ Rebmann က ဆိုပါတယ်။ အရေးကြီးတာက ရောဂါကာကွယ်ရေးဝတ်စုံများကို အလုံအလောက်ပေးထားဖို့နဲ့ ရောဂါကာကွယ်ရေး ဝတ်စုံများနဲ့သာ လူနာအနီးကပ်ဖို့ ဖြစ်ပါတယ်။ ကိုရိုနာဟာ သိပ်ကူးလွယ်တဲ့ပိုး ဖြစ်ပါတယ်။ ကူးစက်မှုတွေများလာတဲ့ အမေရိကန်နိုင်ငံမှာတောင် သူနာပြုများရဲ့ သုံးပုံတစ်ပုံမှာသာ ရောဂါကာကွယ်ရေးဝတ်စုံတွေ ပြည့်စုံခဲ့တယ်လို့လည်း National Nurses United သူနာပြုများအဖွဲ့ကြီးက ဆိုပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကို ရင်ဆိုင်ရာမှာ ပိုးတွေ့ကြောင်း မစစ်ဆေးရသေးမီ လူနာနဲ့ ထိတွေ့ဆက်ဆံရတဲ့ ဆေးဝန်ထမ်းတွေ အထိနာတတ်ပါတယ်။ ပိုးမတွေ့သေးပေမယ့် ပိုးရှိနေသူတွေကို စောင့်ရှောက်နေမိရင်း ဆရာဝန်တွေ၊ သူနာပြုတွေ သိပ်ကူးစက်လွယ်ပါတယ်။ ဒီအချိန်မှာ ရောဂါကာကွယ်ရေးဝတ်စုံလည်း ဝတ်ဆင်ကြလေ့မရှိကြပါဘူး။ ဒါကြောင့် ပိုးစစ်ဆေးမှုကို အလျင်အမြန်လုပ်ပေးဖို့လည်း အရေးကြီးပါတယ်။

H1N1 ဖြစ်ပွားစဉ်က အဲဒီလိုအခြေအနေမျိုးကြောင့် ဆေးဝန်ထမ်းအများစု ကူးစက်ခံခဲ့ရဖူးပါတယ်။

အမေရိကန်နိုင်ငံ Michigan Health Care Systems ဆိုတဲ့ ကျန်းမာရေးစောင့်ရှောက်မှုဌာနကြီး နှစ်ခုက ဝန်ထမ်း ၂၂၀၀ ခန့်မှာ ကိုရိုနာပိုးရောဂါလက္ခဏာ (သို့မဟုတ်) စစ်ဆေးပြီး ပိုးတွေ့ရသူများရှိနေကြောင်း သိရပါတယ်။ ဒီလိုဖြစ်တာဟာ အားထားရတဲ့ ကျန်းမာရေးဝန်ထမ်းစွမ်းအားကို များစွာထိခိုက်စေတာ ဖြစ်ပါတယ်။ အဲဒီမှာပါဝင်တဲ့ Beaumont Health, Michigan မှာဆို ဝန်ထမ်း ၃၈၀၀၀ ခန့်ထဲက ၁၅၀၀ တို့ကို Home Stay လုပ်ထားရပါတယ်။ သူတို့မှာ ကိုဗစ်-၁၉ လက္ခဏာပျောက်မှ အလုပ်လာပါလို့ ပြောထားရတယ်လို့ သိရပါတယ်။ ရှေ့တန်းက ဝန်ထမ်းတွေ နေထိုင်မကောင်းဘူးဆိုတာနဲ့ Home Stay လုပ်ရမယ်ဆိုတဲ့ CDC ရဲ့ ညွှန်ကြားချက်အရ ဖြစ်ပါတယ်။ သူတို့ဟာ အိမ်မှာ အနည်းဆုံး ခုနစ်ရက်ခန့် နေရပြီး ရောဂါလက္ခဏာ လုံးဝမရှိတာကလည်း သုံးရက်လောက်ရှိမှ အလုပ်ဆင်းကြရပါတယ်။ နေကောင်းသွားသူအများစုဟာ အလုပ်ပြန်ဝင်ကြတာပါပဲ။ သူတို့မိတ်ဆွေဝန်ထမ်းတွေ အလုပ်ပိနေတာကို စာနာကြလို့ ဖြစ်ပါတယ်လို့ Beaumont Health မှ Mark Gary က ပြောပါတယ်။ ထူးခြားမှုများတွေ့ရတာက ဆေးဝန်ထမ်းအများစုတို့မှာ ကိုရိုနာပိုးနဲ့ ပတ်သက်မှုတွေ များလာတာ ဖြစ်ကြောင်း သိရပါတယ်။

Henry Ford Health System, Detroit မှာ ဆေးဝန်ထမ်း ၃၀၀၀၀ ကျော်ရှိရာ ဝန်ထမ်း ၆၀၀ မှ ၇၀၀ ခန့်တို့မှာ ကိုရိုနာပိုးတွေ့ရပါတယ်။ Michigan Health System မှာလည်း အလားတူ ပိုးတွေ့သူတွေ များလာနေပြီး ပြည်နယ်အားလုံးထဲမှာ တတိယအများဆုံးဖြစ်နေကြောင်း သိရပါတယ်။



အလားတူ တရုတ်နိုင်ငံရဲ့ ကိုဗစ်-၁၉ ဖြစ်စဉ်မှာ ကူးစက်ခံရသူတို့ရဲ့ ၃ ဒသမ ၈ ရာခိုင်နှုန်းခန့်တို့ဟာ ဆေးဝန်ထမ်းတွေ၊ အီတလီနိုင်ငံရဲ့ ဖေဖော်ဝါရီလအထိ ကူးစက်ခံရသူ တို့ရဲ့ ၈ ဒသမ ၆ ရာခိုင်နှုန်း (၂၆၂၉ဦး) တို့ဟာ ဆေးဝန်ထမ်းတွေဖြစ်ကြောင်းလည်း သိရပါတယ်။

### ကိုဗစ်-၁၉ ကြောင့် ဆရာဝန်ပေါင်း ၁၀၀ ကျော် သေဆုံး

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်က အသက် ၆၀ အရွယ်ရှိ Dr. Franco Gabrin အမည်ရှိ အရေးပေါ် ဆေးကုသရေး ဆရာဝန်ကြီးဟာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသွားကြောင်း ၄-၃-၂၀၂၀ News Week မဂ္ဂဇင်းမှာ Soon Kim ဆိုသူက ဖော်ပြထားပါတယ်။ အခုအချိန်အထိ ကမ္ဘာတစ်ဝန်း ဆရာဝန်ပေါင်း ၁၀၀ ကျော် ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ရပြီး ထက်ဝက်ကျော်ဟာ အီတလီနိုင်ငံကဖြစ်ကြောင်း သိရပါတယ်။

ဆရာဝန်များအပါအဝင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများဟာ အလွန်အန္တရာယ်များလှမှန်း ကောင်းစွာသိရှိကြပေမယ့် စေတနာ၊ အနစ်နာခံမှုများစွာနဲ့ အများအတွက် ပေးဆပ်နေကြသူများ ဖြစ်ကြပါတယ်။ သူတို့ရဲ့ ရဲရင့်တဲ့ စိတ်ဓာတ်ကို သိပ်လေးစား တန်ဖိုးထားမိပါတယ်။ သူတို့သာ ခုလိုအချိန် ရှေ့တန်းကို မထွက်ခဲ့ကြရင် ပြင်းထန်တဲ့ ကူးစက်ကပ်ရောဂါကြီးကို ကြောက်မက်ဖွယ် ရင်ဆိုင်ရရုံမက လူသားများစွာ ထိခိုက်ဆုံးရှုံးနိုင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း ကိုဗစ်-၁၉ ဟော့လို့ ပြောလိုက်တာနဲ့ မိမိတို့ဆန္ဒအလျောက် ပါဝင်ကူညီစောင့်ရှောက်ဖို့၊ လူနာအများကို ပြုစုစောင့်ရှောက်ဖို့ အလျင်အမြန်ထွက်လာခဲ့တဲ့ ဆေးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများစွာကို တွေ့ရတာ အလွန်ဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်မြို့ ဆေးရုံကြီးမှာ မိမိအတွက် မစဉ်းစားဘဲ လူနာအတွက်သာ ဦးစားပေးကုသပေးရင်း ရောဂါပိုးကူးစက်ခံရတဲ့ မေ့ဆေးဆရာဝန်မကြီးကို များစွာလေးစားမိပါတယ်။ ဆရာဝန်များ ကိုယ်စားလည်း ဂုဏ်ယူမိပါတယ်။

ဆရာဝန်မကြီးနဲ့တကွ စေတနာရှင်ဆေးဝန်ထမ်းများ ကျန်းမာဘေးကင်းစွာဖြင့် လူသားများအကျိုး၊ နိုင်ငံသားများအကျိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းဂုဏ်ပြုအပ်ပါတယ်ခင်ဗျား။ ။

---

## ဆားလင်းကြီးမြို့၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေး အသိပညာပေး

**ဆားလင်းကြီး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့နယ်အဆင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးအသိပညာပေးခြင်းများ နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ဆားလင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးအသိပညာပေးခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆားလင်းကြီး-ညောင်ပင်ကြီးလမ်း အပါအဝင် လူသွားလူလာများသည့် လမ်းဆုံနေရာများတွင် ခရီးသွားပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များ၊ မြို့နယ်မှ ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များကို လိုက်နာကြရန် အသိပညာပေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် အပူချိန်တိုင်းပေးခြင်းနှင့် လက်သန့်ဆေးရည်များဖြင့် လက်သန့်စင်စေခြင်း စသည်တို့ကိုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇော်လင်း(ဆားလင်းကြီး)

# နေပြည်တော်စည်ပင်ဧည့်ရိပ်သာရှိ Quarantine Center ၌ ဝန်ထမ်း ၄၈၄ ဦး ဝင်ရောက်လျက်ရှိ

နေပြည်တော် မေ ၂၃

**အနယ်နယ်အရပ်ရပ်မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည့် ဝန်ထမ်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာရှိ Quarantine Center မှ လက်ခံလျက်ရှိရာ ယနေ့အထိ Quarantine ဝင်ရောက်နေသည့် ဝန်ထမ်း ၄၈၄ ဦးရှိကြောင်း နေပြည်တော်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းမာလာကြိုင်ထံမှ သိရသည်။**



နေပြည်တော်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းမာလာကြိုင်

"ဒီ Quarantine Center ကို မတ်လ ၂၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နေရပ်ပြန်တွေနဲ့ နယ်စပ်ကနေ ပြန်လည်ရောက်ရှိလာသူတွေကို ထားပါတယ်။ နေရပ်ပြန် ၆၂၀ ကို ဒီမှာထားပြီး စောင့်ကြည့်ခဲ့ပါတယ်။ စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်ပြီးသူတွေ နေရပ်ပြန်သွားပါပြီ။ လက်ရှိမှာ ဆယ်ယောက်လောက် ကျန်ပါတယ်။ နေရပ်ပြန်တွေ နေထိုင်ခဲ့တဲ့ နေရာတွေကို စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်းနဲ့ သန့်ရှင်းရေးဆောင်ရွက်ပြီးမှ နောက်လူတွေကို ထားမှာဖြစ်ပါတယ်။

"စည်ပင်ဧည့်ရိပ်သာမှာ Quarantine ဝင်ရောက်နေတဲ့ ဝန်ထမ်း ၄၈၄ ဦး ရှိနေပါတယ်။ နောက်ရက်တွေမှာ ထပ်မံရောက်ရှိလာဖို့ ရှိပါတယ်။ မေလ ၁၇ ရက်ကတည်းက စရောက်ကြတာပါ။ ဒီကိုရောက်တဲ့သူတွေထဲမှာ ထူးထူးခြားခြား ဖျားနာတာ မရှိပါဘူး။ Quarantine ဝင်တဲ့သူတွေကို တစ်ခန်းကို နှစ်ယောက်နှုန်းထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာရှိ Quarantine Center သို့ ဝင်ရောက်မည့် ဝန်ထမ်းများကို ၂၄ နာရီ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့နှင့်အတူ နေထိုင်ခဲ့သည့်သူများစာရင်း၊ သွားရောက်နေထိုင်ခဲ့သည့် အရပ်ဒေသ၊ နေထိုင်ခဲ့သည့်ကာလနှင့် ပြန်လည်စီးနင်းခဲ့သည့် မော်တော်ယာဉ်တို့ကို တာဝန်ကျဝန်ထမ်းများက စနစ်တကျ စာရင်းသွင်းဆောင်ရွက်ကြသည်။

"လက်ရှိ Quarantine ဝင်နေတဲ့ ဝန်ထမ်းတွေကို နေ့စဉ် ကျန်းမာရေးစစ်ဆေးမှု နှစ်ကြိမ်လုပ်ပါတယ်။ နံနက် ၆ နာရီခွဲနဲ့ ညနေ ၅ နာရီခွဲတို့မှာ အဖျားတိုင်းတာခြင်းနဲ့ ကျန်းမာရေးစစ်ဆေးခြင်းတွေကို ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး သူတို့ကိုထားတဲ့ အခန်းထဲမှာ နေထိုင်ခြင်း ရှိ/မရှိကို ကျန်းမာရေးဝန်ထမ်းတွေအပြင် တာဝန်ရှိသူတွေက ကင်းလှည့်စောင့်ကြပ်ကြည့်ရှုပါတယ်။ ဒါ့အပြင် Quarantine ဝင်ရောက်နေသူ အချင်းချင်း စည်းကမ်းလိုက်နာအောင် သတင်းပို့စေတာတွေလည်း ရှိပါတယ်။

"Quarantine ဝင်တယ်ဆိုတာ ရောဂါကာကွယ်ပြီးသွားတာ မဟုတ်ပါဘူး။ Quarantine ဝင်ပြီးသွားပြီဆိုပြီး နေချင်သလိုနေ၊ စားချင်သလိုစားလို့ မရပါဘူး။ ကိုဗစ်-၁၉ ရောဂါ ဘယ်အချိန်ပပျောက်မလဲ မသိသေးပါဘူး။ ပပျောက်သွားတဲ့ကာလအထိ လူတိုင်းက ကိုယ့်အသိ၊ ကိုယ့်သတိနဲ့ နေထိုင်မှ ရောဂါကင်းဝေးမှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေစိတ်ပူတဲ့ အချက်အနေနဲ့ကတော့ Quarantine ဝင်လိုက်လို့ သူတို့ကို ပတ်ဝန်းကျင်က ခွဲခြားဆက်ဆံမလား ဆိုတာပါ။ Quarantine ဝင်ပြီးသား ဝန်ထမ်းတွေ Quarantine ရက်ပြည့်လို့ ရုံးလုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်တဲ့ အခါ Quarantine ဝင်ပြီးသူတွေကို ခွဲခြားဆက်ဆံဖို့မလိုသလို ရောဂါဖြစ်ပွားတဲ့ ဒေသက ပြန်လာတဲ့သူတွေကိုလည်း ခွဲခြားဆက်ဆံဖို့ မလိုပါဘူး"



"ဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး ပြည်သူလူထုနဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေကပါ စိတ်ပူပန်မှုရှိနေပါတယ်။ Quarantine ဝင်တယ်ဆိုတာ ရောဂါကာကွယ်ပြီးသွားတာ မဟုတ်ပါဘူး။ Quarantine ဝင်ပြီးသွားပြီဆိုပြီး နေချင်သလိုနေ၊ စားချင်သလိုစားလို့ မရပါဘူး။ ကိုဗစ်–၁၉ ရောဂါ ဘယ်အချိန်ပပျောက်မလဲ မသိသေးပါဘူး။ ပပျောက်သွားတဲ့ကာလအထိ လူတိုင်းက ကိုယ့်အသိ၊ ကိုယ့်သတိနဲ့ နေထိုင်မှ ရောဂါကင်းဝေးမှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေစိတ်ပူတဲ့ အချက်အနေနဲ့ကတော့ Quarantine ဝင်လိုက်လို့ သူတို့ကို ပတ်ဝန်းကျင်က ခွဲခြားဆက်ဆံမလား ဆိုတာပါ။ Quarantine ဝင်ပြီးသား ဝန်ထမ်းတွေ Quarantine ရက်ပြည့်လို့ ရုံးလုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်တဲ့အခါ Quarantine ဝင်ပြီးသူတွေကို ခွဲခြားဆက်ဆံဖို့မလိုသလို ရောဂါဖြစ်ပွားတဲ့ဒေသက ပြန်လာတဲ့သူတွေကိုလည်း ခွဲခြားဆက်ဆံဖို့ မလိုပါဘူး။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ လိုက်နာရမယ့်အချက်တွေကို လိုက်နာပြီး Social Distancing, Mask အသုံးပြုခြင်းနဲ့ လက်ကို စနစ်တကျ မကြာခဏဆေးကြောခြင်းတို့ကိုသာ ပြုလုပ်ပေးရမှာပါ" ဟု ဒေါက်တာ ဝင်းမာလာကြိုင်က ပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လက်ရှိ Quarantine ဝင်ရောက်နေသည့် ဝန်ထမ်းများကို စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်သည့်အခါ ၎င်းတို့နေထိုင်ရာ နေအိမ်များ၌ ၇ ရက်တာ အသွားအလာအကန့်အသတ်ဖြင့် ထပ်မံနေထိုင်ရမည်ဖြစ်ကြောင်း၊ မိသားစုနှင့် ဖက်လဲတကင်း နေထိုင်မှုမပြုရန်၊ နှာခေါင်းစည်းတပ်ဆင်ပြီး နေထိုင်ရန်၊ လက်ကို မကြာခဏဆေးကြောရန် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ Quarantine ဧရိယာအတွင်းသို့ Quarantine ဝင်မည့်သူများ ပို့ဆောင်ပေးသည့် မော်တော်ယာဉ်များကို ကျန်းမာရေးဝန်ထမ်းများက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် Quarantine ဝင်ရောက်ကြသည့် ဝန်ထမ်းများ စားသောက်မှုအဆင်ပြေစေရန် သက်ဆိုင်ရာဌာနများနှင့် သက်ဆိုင်သူ မိသားစုများက ပေးပို့လာသည့် စားသောက်ဖွယ်ရာများကို Quarantine Center ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက တစ်နေ့လျှင်သုံးကြိမ် အခန်းအရောက် လိုက်လံပို့ဆောင်ပေးလျက်ရှိသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာရှိ Quarantine Center သို့ Quarantine ဝင်ရောက်မည့် ဝန်ထမ်းများ ထပ်မံရောက်ရှိရန် ရှိနေသေးကြောင်း သိရသည်။

သတင်း – မျိုးမြင့်၊ ဟန်လင်းနိုင်
ဓာတ်ပုံ – ကျော်ဇင်ထိုက်

## ခေါင်လန်ဖူးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်

**ခေါင်လန်ဖူး မေ ၂၃**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ရီဒမ်းကျေးရွာအဝင်နှင့် ခေါင်လန်ဖူးမြို့အဝင်တွင် ကျန်းမာရေးစစ်ဆေးရေးဂိတ်ကို မေ ၁ ရက်မှစ၍ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ပြည်သူများ ဖြတ်သန်းသွားလာရာ၌ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လူဝင်လူထွက်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်း ဒေသခံပြည်သူများနှင့် မိမိဒေသသို့ ပြန်လာသောပြည်သူများကို ကိုဗစ်–၁၉ ရောဂါကူးစက်ခံရခြင်းမှ ကင်းဝေးနိုင်စေရန်နှင့် ရောဂါအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ထားနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ အနေဖြင့် ခေါင်လန်ဖူးမြို့စည်ပင်သာယာဈေးနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အသိပညာပေး ဗီနိုင်းနှင့် ပိုစတာများ ကပ်ခြင်း၊ လက်ကမ်းစာစောင်များဝေခြင်းတို့ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဂွမ်ဆိုင်းလီဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါလုပ်ငန်းများကို ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စေတနာ့ဝန်ထမ်းများနှင့် မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

## ဝက်လက်မြို့နယ်၌ အသွားအလာကန့်သတ်သည့် နေရာများတွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရွှေဘို မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ကိုဗစ် –၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ဝက်လက်မြို့နယ် မီးသတ်ဦးစီးဌာနက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မေ ၂၄ ရက်က ဝက်လက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမောင်းနိန် ဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးတို့သည် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ဝက်လက်မြို့နယ်ရှိ သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်သည့်နေရာများဖြစ်သည့် ပုဏ္ဏားကျေးရွာ (အ.မ.က)စာသင်ကျောင်း၊ ရွာတန်းကျေးရွာ (အ.လ.က – ခွဲ ) စာသင်ကျောင်း၊ သဖန်းကုန်းကျေးရွာ (အ.ထ.က ) စာသင်ကျောင်း၊ ရွာနန်းကျေးရွာ (အ.ထ.က – ခွဲ ) စာသင်ကျောင်း၊ ပေါက်ကန်ကျေးရွာ (အ.ထ.က ) စာသင်ကျောင်း၊ တချမ်းသာကျေးရွာ ( အ.မ.က ) စာသင်ကျောင်း၊ ကူကောင်းကျေးရွာ (အ.လ.က – ခွဲ ) စာသင်ကျောင်း၊ သုံးဆင့်ကန်ကျေးရွာ (အ.မ.က ) စာသင်ကျောင်း၊ တမာကန်ကျေးရွာ (အ.မ.က – မူလွန်) စာသင်ကျောင်း၊ မူးကြိုးကျေးရွာ (အ.မ.က – မူလွန်) စာသင်ကျောင်း၊ ဥယျာဉ်သာကျေးရွာ (အ.လ.က ) စာသင်ကျောင်း၊ ယင်းတောကျေးရွာ (အ.လ.က) စာသင်ကျောင်း၊ ထနသ်ာကျေးရွာ (အ.မ.က – မူလွန်) စာသင်ကျောင်းတို့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အသုံးပြုရန် သတ်မှတ်ထားသော ပိုးသတ်ဆေးကို အချိုးအစားတိကျစွာ ရောစပ်၍ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်၊ ကာကွယ် တားဆီးနိုင်ရေးအတွက် နေပြည်တော်ပြင်ပ သီးခြားဒေသများမှ ဝင်ရောက်လာသူများအား စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၃

**ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ် တားဆီးနိုင်ရေးအတွက် နေပြည်တော် အတွင်း နေထိုင်ကြသည့် အများပြည်သူများ လိုက်နာနိုင်ရန် အမိန့်ကြေညာချက်တစ်ရပ်ကို နေပြည်တော်ကောင်စီ က ဧပြီလ ၁၉ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။**

ထိုသို့ အမိန့်ကြေညာချက် ထုတ်ပြန်ပြီးနောက် နေပြည်တော် ရှစ်မြို့နယ်သို့ ဝင်ရောက်နိုင်သည့် အမြန်လမ်းမကြီး (C) လမ်းဆုံဂိတ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း လယ်ဝေးမြို့နယ် သာဝတ္ထိဂိတ်၊ နေပြည်တော် တောင်ညိုဂိတ်နှင့် နေပြည်တော် တပ်ကုန်းအထွက်ဂိတ်တို့၌ ပူးပေါင်းအဖွဲ့များဖြင့် နေပြည်တော် ပြင်ပအခြားဒေသများမှ ဝင်ရောက်ကြမည့်သူများအား အချိန်ပြည့် စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ (C) လမ်းဆုံဂိတ်အနေနဲ့ လက်ရှိမှာ ကိုဗစ်-၁၉ Positive ဖြစ်နေတဲ့ မြို့နယ်တွေက လာတဲ့သူတွေ နေပြည်တော်ကို ဝင်မယ်ဆိုရင် ၂၁ ရက် Quarantine ဝင်ရမှာဖြစ်တယ်လို့ ရှင်းပြပါတယ်။ နေပြည်တော်ကို လုံးဝမဝင်ရဘူး မဟုတ်ပါဘူး။ Positive ဖြစ်နေတဲ့ မြို့နယ်တွေက ဆိုရင်တော့ Quarantine စင်တာတွေကို ပို့ပါတယ်။ Positive မဖြစ်တဲ့မြို့နယ်တွေက သူတွေဆိုရင်တော့ သူတို့သွားမယ့် နေရပ်လိပ်စာ၊ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို စနစ်တကျမှတ်တမ်းရယူပြီးတော့ ခွင့်ပြုပေးပါတယ်။ ဒါပေမယ့် မနက် ၄ နာရီကနေ ည ၁၀ နာရီအထိပဲ ဝင်ထွက်ခွင့်ပေးထားပါတယ်။ ကျန်းမာရေးနဲ့ နာရေးကိစ္စတွေအတွက်တော့ ခြွင်းချက်အနေနဲ့ ခွင့်ပြုပါတယ်" ဟု နေပြည်တော် အမြန်လမ်း (C) လမ်းဆုံဂိတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဝန်ထမ်းတွေဆိုရင် နေပြည်တော် စည်ပင်သာယာရေးမှာ Quarantine ၂၁ ရက် ဝင်ဖို့ ဂိတ်တာဝန်ရှိသူတွေနဲ့ စုပေါင်းပြီး စည်ပင်ဧည့်ရိပ်သာ စောင့်ကြည့်ရေးစင်တာကို သေချာလိုက်လံပို့ဆောင်ပေးပါတယ်။ ဒီနေ့ (C) လမ်းဆုံဂိတ်ကနေ ပြန်ဝင်လာတဲ့ ဝန်ထမ်းတွေရှိပါသေးတယ်။ ဝန်ထမ်းမဟုတ်တဲ့ သူတွေကိုတော့ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့ကို အကြောင်းကြားပြီး သူတို့ကို Quarantine ထားမယ့်နေရာအရောက် လိုက်လံပို့ ဆောင်ပေးပါတယ်။ Positive ဖြစ်တဲ့ ဧရိယာတွေက လာတဲ့သူတွေဆိုရင် နေပြည်တော်ကို ဝင်ချင်တယ်ဆိုရင် Quarantine ဝင်ရမယ်ဆိုတော့ လှည့်ပြန်သွားကြတာတွေ များပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

နေပြည်တော်သို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြသူများအား နေပြည်တော် ဝင်ပေါက်ဂိတ်များ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများက အပူချိန်တိုင်းကိရိယာများဖြင့် အပူချိန်စမ်းသပ်ခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများအား အသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပူးပေါင်းအဖွဲ့များမှ တာဝန်ရှိသူများကလည်း မှတ်တမ်းရယူခြင်း၊ စာရင်းရေးသွင်းခြင်းတို့အပါအဝင် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်သို့ ဝင်ရောက်နိုင်သည့် ဝင်ပေါက်ကြီး လေးပေါက်အပြင် အခြားဝင်ပေါက်ငယ်များမှ စစ်ဆေးခံမှုမပြုဘဲ ဝင်ရောက်မှုမရှိစေရန် ရဲကင်းများ ချထားပြီး တာဝန်ရှိသူများက စနစ်တကျစောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှု မပြတ်လပ်စေရေးအတွက် သားငါးနှင့် အခြားကုန်စည်များကို (C) လမ်းဆုံဂိတ်တွင် ကုန်စည်များ အတင်အချပြုလုပ်ပြီး သယ်ယူပို့ဆောင်လျက်ရှိရာ စားသောက်ကုန်နှင့် အခြားကုန်စည်များ ပုံမှန်စီးဆင်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ သာဝတ္ထိဂိတ်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာရှိတဲ့အတွက် ကုန်တင်ကားတွေ၊ ဆီဘောက်ဆာကားတွေ၊ အခြားလုပ်ငန်းသုံးကားတွေနဲ့ အိမ်စီးကားတွေက ဒီဂိတ်ကို အမြဲဖြတ်သန်းနေတာပါ။ လက်ရှိ ကိုဗစ်-၁၉ ဖြစ်တဲ့အတွက် ဝင်ထွက်ပေါက်တွေကို ကျန်းမာရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စစ်ဆေးတယ်။ ကျန်းမာရေးအဖွဲ့တွေရဲ့ လုံခြုံရေးကိုလည်း ဆောင်ရွက်ပေးရတယ်။ ဂိတ်ကိုရောက်ရှိလာတဲ့ ယာဉ်မောင်းနဲ့ ယာဉ်ပေါ်ပါ လာသူအားလုံးကို အမည်စာရင်းနဲ့ အချက်အလက်အပြည့်အစုံကိုလည်း ရဲတပ်ဖွဲ့တွေက သီးခြားကောက်သလို ကျန်းမာရေးဌာနက ဝန်ထမ်းတွေကလည်း စာရင်းကောက်ပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အပူချိန်မြင့်တာတို့၊ တစ်ခုခုထူးခြားတာရှိရင် ကျွန်တော်



ရဲအုပ် အောင်ဇော်လင်း



ကျန်းမာရေးမှူး ဦးအောင်မြင့်ကျော်

တို့က လူမှုအဖွဲ့အစည်းနဲ့ ပူးပေါင်းပြီး သယ်ယူပို့ဆောင်ရေးအတွက် အဆင်သင့်ဖြစ်အောင် လုပ်ထားပါတယ်။ ဝန်ထမ်းတွေဆိုရင်လည်း စည်ပင်ဧည့်ရိပ်သာ၊ ပြည်သူတွေဆိုရင်တော့ သက်ဆိုင်ရာ Quarantine ထားရှိမယ့် နေရာတွေကို ပို့ဆောင်ပေးပါတယ်။ အဲဒီလို ပို့တဲ့အခါမှာလည်း ကျွန်တော်တို့ ရဲတပ်ဖွဲ့က လုံခြုံရေးလိုက်ပါ ဆောင်ရွက်ပေးရပါတယ်။ အခုဂိတ်က ပုံမှန်ကုန်ကားကြီးတွေ တစ်နေ့ကိုဖြတ်တာ အစီးရေနှစ်ရာဝန်းကျင်ထိရှိပါတယ်။ ကျန်တဲ့အိမ်စီးကား၊ ကျောက်တင်တဲ့ ကားတွေရှိမယ်။ များတာကတော့ ကျောက်တင်ကားနဲ့ အိမ်စီးကားလေးတွေများတယ်။ ကားလေးတွေက ဒီနားတစ်ဝိုက်က နေရာတွေကိုပဲ ဖြတ်သန်းသွားလာနေကြတာတွေပဲ ရှိတယ်" ဟု လယ်ဝေးမြို့မရဲစခန်းမှ သာဝတ္ထိ စစ်ဆေးရေးဂိတ် တာဝန်ခံရဲအုပ် အောင်ဇော်လင်းက ပြောသည်။

သာဝတ္ထိဂိတ်မှ တာဝန်ကျ ကျန်းမာရေးမှူး ဦးအောင်မြင့်ကျော်က "ကျွန်တော်တို့ သာဝတ္ထိဂိတ်က နေပြည်တော်ထဲကို ဝင်လာတဲ့ကားမှန်သမျှ ကျန်းမာရေးနဲ့ပတ်သက်ပြီး အဖျားတိုင်းတာတာ ဆောင်ရွက်ပါတယ်။ အဲဒီမှာ အဖျားရှိတဲ့ သူတွေဆိုရင် သက်ဆိုင်ရာ Quarantine နေရာတွေကို ပို့ပေးပါတယ်။ ဝန်ထမ်းတွေပါလာခဲ့ရင်လည်း စည်ပင်ဧည့်ရိပ်သာကို ပို့ပေးပါတယ်။ နေပြည်တော်လာတဲ့ ကားမဟုတ်ဘဲ ဖြတ်သန်းသွားမယ့် ကုန်ကားတွေဆိုရင် ဒီကဝင်လာတဲ့သူတွေကို စာရင်းပြုစုပြီး အဖျားတိုင်းပြီးတဲ့အခါ အထွက်ဂိတ်တွေကို လှမ်းပြီးတော့ အကြောင်းကြားပါတယ်။ အဲဒီလို အကြောင်းကြားတဲ့အတွက် တစ်ဖက် ဂိတ်ကတာဝန်ရှိသူတွေကလည်း ဒီကဖြတ်လာတဲ့ကားဟာ ဂိတ်ကဖြတ်သန်းသွားတယ်၊ လူဘယ်နှစ်ဦးပါတယ် ဆိုတာကအစ အကြောင်းပြန်ကြားပါတယ်။ ဒီဂိတ်အနေနဲ့ကတော့ လူစီးကားတွေထက် ကုန်ကားတွေများပါတယ်။ ဂိတ်ကဖြတ်သွားတဲ့သူတွေထဲမှာ ဆိုးဆိုးရွားရွားဖျားနာပြီး အပူချိန်မြင့်မားနေတာမျိုး မတွေ့ရသေးပါဘူး" ဟု ပြောသည်။

နေပြည်တော်အဝင် ဂိတ် လေးဂိတ်မှ တာဝန်ရှိသူများအနေဖြင့် နေပြည်တော်ဧရိယာအတွင်းရှိ ကျေးရွာများမှ ပြည်သူများ မြို့ထဲသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လိုပါက ဝင်ထွက်သွားလာနိုင်ရေး စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပြီး မြို့ဧရိယာများအတွင်းမှ အကြောင်းအမျိုးမျိုးဖြင့် ပြင်ပသို့ သွားရောက်လိုပါက စနစ်တကျသွားလာနိုင်ရေးလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ-ကျော်ဇင်ထိုက်**

> "(C)လမ်းဆုံဂိတ်အနေနဲ့ လက်ရှိမှာ ကိုဗစ်-၁၉ Positive ဖြစ်နေတဲ့ မြို့နယ်တွေက လာတဲ့သူတွေ နေပြည်တော်ကို ဝင်မယ်ဆိုရင် ၂၁ ရက် Quarantine ဝင်ရမှာဖြစ်တယ်လို့ ရှင်းပြပါတယ်။ နေပြည်တော်ကို လုံးဝမဝင်ရဘူး မဟုတ်ပါဘူး။ Positive ဖြစ်နေတဲ့ မြို့နယ်တွေက ဆိုရင်တော့ Quarantine စင်တာတွေကို ပို့ပါတယ်။ Positive မဖြစ်တဲ့မြို့နယ်တွေက သူတွေဆိုရင်တော့ သူတို့သွားမယ့် နေရပ်လိပ်စာ၊ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို စနစ်တကျမှတ်တမ်းရယူပြီးတော့ ခွင့်ပြုပေးပါတယ်။ ဒါပေမယ့် မနက်၄နာရီကနေ ည ၁၀ နာရီအထိပဲ ဝင်ထွက်ခွင့်ပေးထားပါတယ်"



နေပြည်တော်တိုးဂိတ်(C) လမ်းဆုံ၌ နေပြည်တော်သို့ ဝင်ရောက်လာသူများအား အပူချိန်တိုင်း စစ်ဆေးစဉ်။



လယ်ဝေးမြို့နယ် သာဝတ္ထိဂိတ်၌ ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်ပေါ်ပါသူအား အပူချိန်တိုင်း စစ်ဆေးစဉ်။

# သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများတွင် သောက်သုံးရေ ရှားပါးမှုကြောင့် ရေလှူဒါန်း

**သထုံ မေ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ယခင်နှစ်အချိန်ထက် စောစွာ ရေရှားပါးလာမှုကြောင့် မတ်လပထမပတ်က စတင်၍ သုဝဏ္ဏဝတီမြို့ရှိ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ ရေလိုအပ်နေသည့် နေရာများသို့ သောက်သုံးရေများကို လှည့်လည်၍ အခမဲ့ လှူဒါန်းပေးသည် ။

ပင်လယ်နားနီး အောက်ကွင်းကျေးရွာအုပ်စုများဖြစ်သော ထိန်ပင်၊ တောကြီး၊ ဆိပ်ကျွန်း၊ မရမ်းကုန်း၊ ကတိုက်ကြီး၊ ကတိုက်လေး၊ ခနေကတိုက်ကျေးရွာများအပြင် သိမ်ဆိပ်-ပိန္နဲတောလေးကေ(မြို့နယ်ချင်းဆက်လမ်း)ပေါ်ရှိ ဝီယော်၊ ထုံးဘိုကြီး၊ ထုံးဘိုလေး၊ ဝမ်းဘဲအင်း၊ လေးကေ စသောကျေးရွာများနှင့် မြို့အနီးပတ်ဝန်းကျင်ရှိ နောင်ဘို၊ ဇရစ်ချောင်ကျေးရွာများသို့ စေတနာရှင်ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ရေသယ်ယာဉ်များဖြင့် အခမဲ့ လိုက်လံလှူဒါန်းပေးနေကြောင်း သိရသည်။

"ဒီနှစ်က အရင်နှစ်တွေထက် ရေတွင်း ရေတွေ နည်းလာတာ အချိန်စောတယ်၊ သင်္ကြန်ကျပြီး တစ်လခွဲလောက်မှ မိုးကျတာဆိုတော့ မိုးမကျခင် တစ်လလောက်တော့ ရေရှားတဲ့ဒဏ်ကို ခံရမယ်"ဟု ဝင်းပကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

"ကျွန်တော်နဲ့ သူငယ်ချင်းတွေ စုပေါင်းပြီး သင်္ကြန်မတိုင်မီကတည်းက ကားတစ်စီးနဲ့ ရေလိုက်လှူပေးနေတာပါ။ ကားတစ်စီးကို ရေလီတာ ၄၀၀၀ ပါ ပါတယ်။ အချိန်ရရင် ရသလောက် တစ်နေ့ကို ငါးခေါက်ကနေ အများဆုံး ခုနစ်ခေါက်အထိ နေ့စဉ် ရေလိုအပ်တဲ့ ကျေးရွာတွေက ဆက်သွယ် အကူအညီတောင်းလာလို့ ရွာအရောက် ကူညီပေးနေတာပါ။ ဒီနေ့ နောင်ဘိုကျေးရွာကို သွားရောက်လှူဒါန်းပေးမှာပါ။ ရေပြဿနာကို ပြေလည်လာတဲ့အချိန်အထိ လှူဒါန်းပေးမှာပါ " ဟု ကျိုက္ကော်ရပ်ကွက်မှ ရေအလှူရှင်တစ်ဦးဖြစ်သူ ကိုကျော်ဝေက ပြောသည်။




သုဝဏ္ဏဝတီမြို့ရှိ ကျေးရွာတစ်ရွာ၌ ရေလှူဒါန်းနေစဉ်။

သိမ်ဆိပ်ရပ်ကွက်ရှိ နေ့စဉ်ရေဂါလန် နှစ်သောင်းခန့် ပေးဝေလျက်ရှိသော စေတနာလူမှုကူညီရေး စက်ရေတွင်းမှလည်း ရေလိုအပ်နေသူ မည်သူမဆို သုံးဘီးဆိုင်ကယ်၊ ကားများနှင့် လာရောက်ယူဆောင်နိုင်ကြောင်း အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုကျော်ထိုက်က ပြောသည် ။

အဆိုပါ ဒေသများတွင် ယခုနှစ်သည် ယခင်နှစ်များထက် ရေရှားပါးမှုကို ပိုမိုခံစားရနိုင်ဖွယ်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ခွန်(ဝင်းပ)

# ခိုလမ်မြို့ ပြည်သူ့ဆေးရုံသို့ အသက်ရှူအထောက်အကူပြုကိရိယာနှင့် ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်း

**ခိုလမ် မေ ၂၅**

ခိုလမ်မြို့အမှတ် ( ၂ ) ရပ်ကွက်နေ ဦးလုံးစောပေတနှင့် ဇနီးဒေါ်ပါအုံ မိသားစုတို့က ငွေကျပ် ၁၅၂၀၀၀၀ တန်ဖိုးရှိအသက်ရှူအထောက်အကူပြုကိရိယာ တစ်စုံနှင့် ဆေးငွေ့ ရှူစက် နှစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၅၀၀၀၀ ကို ယမန်နေ့က ခိုလမ်မြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းမှုကို ဆေးရုံအုပ်ကြီး ဒေါက်တာ လင်းထင်ကျော်၊ လက်ထောက်ဆရာဝန် ဒေါက်တာ အောင်ကျော်စိန်နှင့် သူနာပြု ဆရာမများက လက်ခံယူပြီး အလှူရှင်မိသားစုအား ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်း လွှာပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ခင်လေးဝင်း (ပြန်/ ဆက်)




# အောင်လံမြို့ သီတဂူဇောတိကစက္ခုဒါနဆေးရုံ၌ စောင့်ကြည့်ခံထားရှိသူများအား နေအိမ်သို့ ပြန်လည်စေလွှတ်

**အောင်လံ မေ ၂၅**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သီတဂူဇောတိကစက္ခုဒါနဆေးရုံ၌ စောင့်ကြည့်ခံထားရှိသူများအား နေအိမ်သို့ ပြန်လည်စေလွှတ်ရန် ဆောင်ရွက်မှုကို ယမန်နေ့က ပြုလုပ်သည်။

ယင်းဆောင်ရွက်မှုနေရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးလွင်တို့က အောင်လံမြို့ ရွာထောင်ရပ်ကွက်ရှိ သီတဂူဇောတိကစက္ခုဒါနဆေးရုံ၌ ပြည်တွင်း/ ပြည်ပမှ ပြန်ရောက်လာသူ ၄၂ ဦးအနက် ယနေ့နံနက်ပိုင်းက သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ၂၁ ရက်ပြည့်သူ ၃၆ ဦးကို မိမိနေအိမ်သို့ ပြန်လည်စေလွှတ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အတိုင်း မိမိနေအိမ်တွင်လည်း ခုနစ်ရက်ပြန်လည် နေထိုင်ရန်၊ နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်အသုံးပြုရန်၊ လူစည်ကားရာနေရာများ သွားလာ ခြင်းကို ရှောင်ကြဉ်ရန်၊ အိမ်သားများနှင့်လည်း ရောနှောနေထိုင်ခြင်းမပြုဘဲ တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာတွင် နေထိုင်ရန်၊ လက်ကို မကြာခဏဆေးရန် စသည့်အချက်များ မှာကြားသည်။

ထို့နောက် ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူကျပ်ခြင်းများ ဖြစ်ပေါ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်တို့ကို မှာကြားခဲ့ပြီး ၂၁ ရက် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသည်မှာ မှန်ကန်ကြောင်း အသိအမှတ်ပြု ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မျိုးသိန်း (ပြန်ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅- ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၃၀/၄၆၅ | ကျပ် | ၄၆၀/၄၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၄၀/၄၇၀ | ကျပ် | ၄၇၅/၅၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၃၀ | ကျပ် | ၃၄၀/၃၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၇၀ | ကျပ် | ၄၉၅/၅၃၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၈ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၅ . ၅၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၇ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၇ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၂ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၆၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၀၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၁၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၇၉ | ၁၅၇၉၂၅၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၅၅၁၉ | ၁၉၈၆၈၄၀၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း


| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


ကိုတင်နှင့် ငချွန်
HTOO
ဟော့ချာတိတ်...အမှိုက်ကိုစည်းမဲ့ကမ်းမဲ့ မစွန့်ပစ်ရဘူးလေ...
အမှိုက်ပုံးထဲကို စနစ်တကျစွန့်ပစ်ရမယ်ကွ...
သူများတွေ စွန့်ပစ်ထားတဲ့ အမှိုက်ပုံမှာလာပစ်မိတာ...
ကျွန်တော့်မှာ အပြစ်ရှိလားဗျာ
ရှိတာပေါ့...စည်းကမ်းဆိုတာ လူတိုင်းလိုက်နာသင့်တဲ့အရာကွ...
ဘယ်သူစည်းကမ်းပျက်ပျက် ကိုယ်မပျက်သင့်တဲ့ အပြင် စည်းကမ်းမလိုက်နာသူတွေကိုလည်း
စည်းကမ်းလိုက်နာတတ်ဖို့ သတိပေး ပြောဆိုရမယ်...ဒါမှ...
ဒါကိုတော့ ကျွန်တော် တာဝန်မယူပါရစေနဲ့...
ကျွန်တော့်ပြော စကား နားထောင်ကြမှာမဟုတ်လို့ပါ...
ဘာကြောင့်လဲဟ...
ဒီနေရာအမှိုက်လာပုံတာ ကျွန်တော့်အိမ်က လူတွေဖြစ်နေလို့...အိမ်မှာ ကျွန်တော်က အငယ်ဆုံး ဆိုတော့...
ကောင်းရော


ဖိုးသာဝိုး
အပြင်က ပြန်လာပြီဆိုရင်... ပထမဦးဆုံး
'MASK'ကို အမှိုက်ပုံးထဲစနစ်တကျ စွန့်ပစ်ပါ...
ပစ်လိုက် ပါပြီရှင်...
ပြီးရင်...လက်ကို ဆပ်ပြာနဲ့စင်ကြယ်အောင် ဆေးကြောပါ...
ဆေး ပါပြီ...ရှင့်
သားမှာလိုက်တဲ့ လက်ဖက်ရည်နဲ့ပေါက်စီထုပ်ကို ပေးလို့ရပါပြီ...
ဒါမျိုးကျ သိတယ်...ဟွန့်
ပြီးပြီ ဆိုရင်...


အိမ်မှာနေရင်း - ဝိုင်းလေးနဲ့ ဉာဏ်စမ်းကြရအောင် -
HOME STAY
အဲဒါ - ဘာဖြစ်မလဲ -
လူသားတွေကို အလင်းရောင်ပေးတဲ့နေမင်းကြီး -
အဲ နောက် တစ်ပုံ -
ဘာဖြစ်မလဲ -
တစ်မျိုးသားလုံးသူညွှန့်တုံးစေတဲ့ ဓါတ်ကြွ - မူးယစ်ဆေး -
ဒီတစ်ခါ တော့ -
သတ်းတွေစုပေါင်း ကာကွယ် - တွန်းလှန်ရမယ် ကိုဗစ် - 19 -
ပြီ


လူတော်ဖြစ်ချင်ရင် မကောင်းတဲ့အကျင့်တွေကို သိအောင်လုပ်ရမယ်-
မျိုးကြီးဆိုတဲ့ ကောင်က- အပျင်းကြီးတယ်-
အမှားမကောင်းတဲ့ အကျင့်ထဲက ကိုယ့်မှာ မကောင်းတဲ့ အကျင့်တွေကို သိအောင်လုပ်ရမှာ
ကိုယ့်မှာ မကောင်းတဲ့ အကျင့်ရှိရင်- ကောင်းအောင် ပြင်ရမယ်-
ဒါမှ လူတော် ဖြစ်မှာပေါ့ မြေးရဲ့
ဟုတ်ကဲ့ဘိုး



သားငယ်..မင်းဘယ်ထွက်ဖို့ ချောင်းနေတာလဲ..
မရတော့ဘူးကွာ..ငါပျင်းလာပြီ..မနေနိုင်တော့ဘူး
ငါခိုးထွက်ပြီး အခြေအနေ ကြည့်ချင်တယ်..
ပြီးတော့ ငါ့ဝတ်စုံက ကာကွယ်ပြီးသားလေ
အခုတလော ဆို PPE ဝတ်စုံ လိုလို ဘာလိုလို ...
ဟိတ်ကလေး မင်းဝတ်စုံက နှာခေါင်းနဲ့ပါးစပ်ကို မလုံဘူး အခုပြန် MASK တပ်
ဗျာ..
အိုး မှားပါတယ် မျက်နှာတစ်ခုလုံး ပိတ်ပြီ..



သက်စု ၂၀၂၀
စိတ်ကြိုက်ပဲ၊ စားချိန် စာကြည့်ချိန် အားလုံးဘေးချိတ် အိပ်ချင်မှအိပ်၊ ထချင်မှထ ၊၊
သိပ်ပျော်နေတာပေါ့လေ၊၊ ငါတို့လည်း လေးငါးရက်တော့ စိတ်ကြိုက်နေပစ်လိုက်သေးတာ ပါပဲ ၊၊
ဒါပေမယ့် ကြာကြာမနေနိုင် ဘူး၊ ပျင်းလာတယ်ဟာ ၊၊၊ သံပတ်အရှိန်ကုန်သွားသလို
ဟုတ်ပါ့၊ အခု နင်ဘာလုပ်လဲ၊
ဆော့ဆော့ထ၊ မျက်နှာသစ်၊ သွားတိုက် ရေချိုး၊ မိဘကူ၊ ညစာစား၊ စာကြည့်၊ သွားတိုက်၊ အိပ်ရာဝင်
ဟဲဟဲ
ငါတို့ကတော့ အချိန်ကို အကျိုးရှိအောင် သုံးတယ်၊၊ မေမေနဲ့ အချုပ်အလုပ် သင်နေတာ ၊၊၊
ငါလည်း အလကားဖြုန်းပါ့မလား ကြီးကြီးဆီက မုန့်လုပ်နည်း သင် နေပါတယ်ဟ၊ စားသွားဦး ၊၊၊
ဘာမုန့်လဲ၊
မုန့်လုံး ရေပေါ်၊

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းများနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ


အပိုင်း(၁)










ပထမဦးစွာ အင်တာနက် ဖွင့်ထားပေးရပါမယ်။





Chrome(သို့မဟုတ်) Firefox(သို့မဟုတ်)အခြား မိမိဖုန်းထဲရှိ Browser ကို အသုံးပြုရပါမယ်။





လိပ်စာမှာ sawsawshar.gov.mm ဆိုပြီး ရိုက်ထည့်ရပါမယ်။





ဒီလိုပုံစံတွေ့ရပြီး Download ကို နှိပ်ရပါမယ်။





Ok ကို နှိပ်ရပါမယ်။





Open ကို နှိပ်ပေးရပါမယ်။




INSTALL ကို နှိပ်ပေးရပါမယ်။





OPEN ကို နှိပ်ပြီး အက်ပလီကေးရှင်းကို ဖွင့်လို့ရပါပြီ




ALLOW ကို နှိပ်ပေးရပါမယ်။




လက်ခံပါသည် (Accept) ကို နှိပ်ရပါမယ်။





စောစောရှာ အက်ပလီကေးရှင်းရဲ့ ပင်မ မျက်နှာပြင်ကို ရောက်ရှိပြီဖြစ်ပါတယ်။ (ဒီအက်ပလီကေးရှင်းကို သုံးစွဲခြင်းအားဖြင့် ရောဂါရှိသူနှင့် ထိတွေ့ခဲ့မှုရှိ/မရှိကို စောစီးစွာ သိရှိနိုင်ပြီး စောစီးစွာရှာဖွေနိုင်သည့်အတွက် ကုသနိုင်မည်ဖြစ်သည်။)


စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှ


# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းများနှင့် Tablet များတွင် ထည့်သွင်း အသုံးပြုပုံ




၁၂ ဆက်လက်၍ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး စိစစ်ခြင်း(Verify)ကို ပြုလုပ်ပေးရပါမယ်။





၁၃ 09 နဲ့စပြီး မိမိအသုံးပြုမည့် ဖုန်းနံပါတ်ကို ရိုက်ထည့်ပြီး ရှေ့ဆက်(Next)နှိပ်ပေးရပါမယ်။ ထို့နောက် မိမိဖုန်းထဲသို့ပေးပို့လာသည့် တစ်ခါသုံးစကားဝှက်(xxxxx)ကို ရိုက်ထည့်ပြီး အတည်ပြုပါ (Verify)နှိပ်ပေးရပါမယ်။ (Verify Successfully ဆိုရင်စိစစ်ခြင်း(Verify)လုပ်ငန်းစဉ် အောင်မြင်ပါသည်။)





၁၄ ဒုတိယဆက်လက်ဆောင်ရွက်သင့်တာကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး မိမိရဲ့ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းပေးရမှာဖြစ်ပါမယ်။ (ထည့်သွင်းပြီးပါက မိမိဖုန်းထဲတွင် စောစောရှာ အက်ပလီကေးရှင်း အောင်မြင်စွာထည့်သွင်းပြီးဖြစ်ပါသည်။)


## အပိုင်း(၂) တည်နေရာစာရင်းအသုံးပြုခြင်း





၁၅ မိမိဖုန်းထဲရှိ တည်နေရာ (Location)ကို ဖွင့်ထားပါက ဖုန်းတည်ရှိရာနေရာကို သတ်မှတ်ချိန်ရောက်တိုင်း ရောက်တိုင်း မှတ်တမ်းယူပြီး ဖုန်းထဲမှာ အရင်သိမ်းပါတယ်။ ပြီးလျှင် သိမ်းထားသည့် ဒေတာများကို ဆာဗာကို သတ်မှတ်အချိန် ရောက်တိုင်း ရောက်တိုင်း ပေးပို့နေပါတယ်။ Home Screen ရဲ့ ညာဘက်မှာရှိတဲ့ Location List Page ကို နှိပ်လိုက်ပါက အဲဒီမှာ မိမိရဲ့တည်နေရာမှတ်တမ်းကို တွေ့ရပါလိမ့်မယ်။




၁၆ Manual Location ရယူလိုပါက GPS Check In ကို နှိပ်၍ ရယူနိုင်ပါတယ်။ နောက်ပိုင်းမှာ QR Check In နဲ့လည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။




၁၇ Location တစ်ခုချင်းစီကို မိမိမှတ်သားလိုတဲ့ အချက်အလက်များ ထည့်သွင်းလိုပါက အဆိုပါ Location ကို နှိပ်ပြီး ဖြည့်သွင်းနိုင်ပါတယ်။ အဆိုပါ Location အချက်အလက်တွေကို သတ်မှတ်တဲ့အချိန်တိုင်း ဆာဗာကို ပေးပို့နေမှာ ဖြစ်ပါတယ်။





၁၈ အကယ်၍ Manual ပို့ချင်တယ်ဆိုရင် ညာဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုသွားပြီး တင်ပို့ပါ (Submit)ကိုနှိပ်၍ ဆက်လက်ဆောင်ရွက်ပါက အဆိုပါအချက်အလက်များကို ဆာဗာကို တစ်ကြိမ်ပို့လိုက်မှာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၄ သို့

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းများနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ


စာမျက်နှာ ၂၃ မှ

## အပိုင်း(၃)တည်နေရာမြေပုံ ကြည့်ရှုခြင်း





အသုံးပြုလို့ရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး မြေပုံ(Map)ကို နှိပ်လိုက်ပါက မိမိသွားရောက်ထားတဲ့ Location များကိုအမှတ်အသားများနဲ့ ပြနေပါလိမ့်မယ်။

## အပိုင်း(၄)ကျန်းမာရေးအခြေအနေသတင်းပေးပို့ခြင်း





အသုံးပြုလို့ရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး သတင်းပို့ပါ(Report) ကို နှိပ်လိုက်ပါက မိမိရဲ့ခံစားနေရတဲ့ ကျန်းမာရေးအခြေအနေကို အမှန်ခြစ်ပေး၍ အတည်ပြုပါ (Submit) ကိုနှိပ်ပြီး ပေးပို့နိုင်ပါတယ်။


## အပိုင်း(၅)အထောက်အကူပြုအချက်အလက်များ




စောစောရှာအက်ပလီကေးရှင်းရဲ့ ညာဘက်အပေါ်ထောင့်မှာ မိမိအတွက် လိုအပ်တဲ့အချက်အလက်များကို ဖော်ပြထားပါတယ်။ ပထမဦးဆုံး ဖော်ပြထားတာကတော့ မိမိအသုံးပြုနေတဲ့ ဗားရှင်း၊ ဆက်လက်ပြီး ဆက်သွယ်ရန် (Contact) ကိုနှိပ်လိုက်ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်တွေ၊ ဌာနတွေကို ဖော်ပြထားပါတယ်။




Terms & Condition များကို ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။




အောက်ဆုံးမှာရှိတဲ့ About ကိုနှိပ်ပြီး ဝင်ရောက်ကြည့်ရှုပါက စောစောရှာ အက်ပလီကေးရှင်း ထုတ်ဝေမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာ၊ ဌာနတံဆိပ်များနဲ့ အသုံးပြုသူ တစ်ဦးစီအတွက် UUID နံပါတ်တွေကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

**စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**

# သမီးလှကျွန်း (ခ) လိပ်ကျွန်း ကမ်းခြေတစ်လျှောက် ပင်လယ်ရေနှင့် မျောပါလာသော ပလတ်စတစ်အမှိုက်များ သန့်ရှင်းရေးပြုလုပ်

ဟိုင်းကြီးကျွန်း မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ပြင်ရှိ ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးစခန်း တည်ရှိရာ သမီးလှကျွန်း (ခ) လိပ်ကျွန်း၏ ကျွန်းပတ်လည် ပင်လယ်ကမ်းခြေတစ်လျှောက် ပလတ်စတစ်အမှိုက်များကို ယမန်နေ့က လိပ်ထိန်းသိမ်းရေးစခန်း တာဝန်ခံအရာရှိနှင့် ဝန်ထမ်းမိသားစုများက စုပေါင်းကောက်ယူရှင်းလင်းသည်။



လိပ်ထိန်းသိမ်းရေးစခန်းမှ ဝန်ထမ်းမိသားစုများ လိပ်ကျွန်း (ခ) သမီးလှကျွန်း ကမ်းခြေတစ်လျှောက် ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းနေစဉ်။

လိပ်ကျွန်း (ခ) သမီးလှကျွန်း၏ ပတ်ဝန်းကျင်တွင်ရှိသော ကမ်းခြေဒေသများမှ ဒေသခံများစွန့်ပစ်လိုက်သည့်အမှိုက်များ၊ ပင်လယ်ပြင်ခရီးသွားလာကြသူများက စွန့်ပစ်လိုက်သည့် အမှိုက်များနှင့် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ရေလုပ်သားများက စွန့်ပစ်လိုက်သော ရေလုပ်ငန်းသုံး အသုံးအဆောင်ပစ္စည်းများတွင် ပလတ်စတစ် အမှိုက်များ အများဆုံးပါဝင်နေပြီး နေ့စဉ်နှင့်အမျှ ပင်လယ်ရေနှင့်အတူ မျောပါလာကာ ကျွန်းပတ်လည် ပင်လယ်ကမ်းခြေတစ်လျှောက် တင်ကျန်နေခဲ့ကြောင်း၊ ယင်းပလတ်စတစ်အမှိုက်များက ပင်လယ်ပြင်မှ ကျွန်းပေါ်သို့ တက်ရောက် ဥချနေသော လိပ်မကြီးများ၏ ဥချမှုလုပ်ငန်းစဉ်ကို အနှောင့်အယှက် ဖြစ်စေသည့်အပြင် ပင်လယ်ပြင် ရေထုညစ်ညမ်းမှုကိုပါ ဖြစ်စေသည့်အတွက် ကျွန်းပေါ်နေ ဝန်ထမ်းမိသားစုများနှင့် စုပေါင်းကောက်ယူကာ သတ်မှတ်နေရာတစ်ခု၌ ပြန်လည်စွန့်ပစ်သည့် လုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း လိပ်စခန်းတာဝန်ခံအရာရှိ ဦးဖုန်းမော်က ပြောသည်။

သမီးလှကျွန်းသည် ၂၀၇ ဧကကျယ်ဝန်းပြီး အမြဲစိမ်းတောနှင့် ရွက်ပြတ်တောတို့ ရောနှောပေါက်ရောက်သည့် ကျွန်းတစ်ကျွန်းဖြစ်ကြောင်း၊ ကျွန်းပတ်လည် ပင်လယ်ကမ်းခြေမှာ တစ်မိုင်ပတ်လည်ခန့်ရှိကြောင်း သိရှိရသည်။ ဟိုင်းကြီးကျွန်းဒေသရှိ ပင်လယ်လိပ်များ တက်ရောက်ဥချမှု အများဆုံးနေရာတစ်ခုဖြစ်ပြီး လွန်ခဲ့သော ငါးနှစ်ခန့်က တစ်နှစ်ပျမ်းမျှ ဥကျင်း ၁၀၀ ကျော်ဥချခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဥကျင်း ၈၀ ခန့်သာ တက်ရောက်ဥချတော့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် လိပ်မကြီးများ ကျွန်းပေါ်သို့ တက်ရောက်ဥချမှု ကျဆင်းလာနေကြောင်း သိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

# ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်) မှ ဆေးရုံသုံးပစ္စည်း ကျပ်သိန်း ၄၀ ကျော် ပေးအပ်လှူဒါန်း



ကျောင်းကုန်း မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်) မှဆေးရုံသုံးပစ္စည်းများပေးအပ်လှူဒါန်းမှုကို ယမန်နေ့က ပြည်သူ့ဆေးရုံ အရေးပေါ်ဌာန၌ ကျင်းပသည်။

ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်) မှ အောက်ဆီဂျင်စက်တစ်လုံး၊ ဦးစိန်ဝင်း - ဒေါ်မာမာကြူ (မြန်ကောင်းစံ သယ်ယူပို့ဆောင်ရေး)မှ အောက်ဆီဂျင်စက် တစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁ သိန်းလှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ (ဓာတ်ပုံ)

အလားတူ မေ ၈ ရက်က ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ကျောင်းကုန်းမြို့နယ် ကျန်းမာရေးအထောက်အကူပြုကော်မတီသို့ အပူတိုင်းစက် ၁၀ လုံးအပါအဝင် ကျပ်သိန်း ၂၀ ကျော် လှူဒါန်းခဲ့ကြောင်း မြို့နယ်ဆရာဝန်ကြီးထံက သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# သဘာဝဘေးကြောင့်ပျက်စီးသွားသည့် နေအိမ် ၂၂ လုံးအတွက် ထောက်ပံ့

မိုးညှင်း မေ ၂၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း မေ ၂၁ ရက်ကစတင်၍ လေပြင်းတိုက်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အတွင်းအမိုးလန်ပျက်စီးသွားသည့် နေအိမ်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ အိမ်တိုင်ရာရောက်ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ဆယ်မိုင်ကျေးရွာ၌ ထောက်ပံ့ပေးအပ်သည်။

မိုးညှင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ဦးငယ်တို့က ဆယ်မိုင်ကျေးရွာရှိ အမိုးလန်ပျက်စီးသွားသည့်နေအိမ် ငါးလုံးအတွက် အိမ်ထောင်စု တစ်စုလျှင် အမိုးအကာအတွက် တာပေါ်လင်မိုးကာ နှစ်ချပ်၊ ကျန်းမာရေးတစ်ကိုယ်ရေသုံးပစ္စည်းများပါသည့် ဂျပ်ဖာ တစ်ဖာ၊ ဆေးရည်စိမ်ခြင်ထောင် တစ်လုံးနှင့် ခြုံစောင်တစ်ထည်စီကို မိသားစုများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျော်ကျော်ထွေး (ပြန်/ဆက်)



ချင်းပြည်နယ် တီးတိန်မြို့၌ ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထွမ်းဇုမ်းရိပ်သာ အစိုးရ မူလတန်းကြိုကျောင်းများကို ပိုးသတ်ဆေးဖျန်းစဉ်။

(ထိုသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးခုပ်ဆောမ်းပြောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခြင်းဖြစ်ပြီး ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်တွင်း ပြည်ပမှ ပြန်လာသူများအား ထားရှိသည့် အသွားအလာကန့်သတ်သည့် နေရာများကို ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။)

ဒိုင်းဒိမ့်(ပြန်/ဆက်)



## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ရေကူးမယ်ဆိုရင် ရေပေါ်မှာ ပေါ်နေနိုင်တဲ့ ပင်လယ်ရှိတယ်

ကေ-ဂျူဝယ်လ်

**ရေပေါ်မှာ ကလေးတို့ မှောက်လိုမှောက် လှန်လိုလှန် ရေအောက်ထဲကို နစ်မြုပ်မသွားတဲ့ ပင်လယ်ကြီးတစ်ခု ရှိတယ်ဆိုတာ ကလေးတို့ သိကြသလား။ စိတ်ဝင်စားဖို့ သိပ်ကောင်းတာပဲနော်။ ရေပေါ်မှာ အိပ်နေရင်း စာဖတ်လို့ရမယ်၊ ဂိမ်းဆော့လို့ရမယ်၊ ရေမကူးရဘဲနဲ့ ရေပေါ်မှာပေါ်နေတဲ့ ပင်လယ်က တကယ်ရှိပါတယ် ကလေးတို့ရေ။ သူ့ကို ပင်လယ်သေ ဒါမှမဟုတ် ဆားငန်ပင်လယ်လို့ ခေါ်ကြသတဲ့။**



သူ့ကို ဟိုးရှေးရှေးတုန်းကတော့ အနံ့အသက်လည်း မကောင်းဘူး။ အန္တရာယ်လည်းရှိတယ်။ ကမ်းခြေက သဲတွေကလည်း ဖြူဖြူလေးတွေမဟုတ်ဘဲ အမည်းရောင်တွေ၊ ငါးလေးတွေလည်း မရှိဘူးဆိုပြီး ဘယ်သူမှ မလာကြပါဘူး။ အမှန်က လျှို့ဝှက်ချက်တွေအပြည့်နဲ့ အဲဒီနေရာကြီးဟာ အတော်လေးစိတ်ဝင်စားစရာ ကောင်းတဲ့ အရာပဲဆိုတာကို သူတို့တွေက မသိကြသေးဘူးလေ။ ရှေးဟောင်းဒဏ္ဍာရီထဲမှာတော့ မြို့ကြီးနှစ်မြို့ဟာ အဲဒီပင်လယ်သေကြီးရဲ့အောက်မှာရှိတယ်လို့ အဲဒီမှာနေတဲ့သူတွေက ယူဆကြတယ်။

အဲဒီပင်လယ်ကြီးဟာ အစ္စရေး၊ ဂျော်ဒန်နဲ့ ပါလက်စတိုင်းနိုင်ငံတွေနဲ့ ထိစပ်နေပြီး ၄၁၆၅၀ ကီလိုမီတာ ကျယ်ဝန်းပါတယ်။ ဂျော်ဒန်မြစ်က သူ့ဆီကို စီးဝင်တဲ့ တစ်ခုတည်းသော မြစ်ပေါ့ကွယ်။ ပင်လယ်သေထဲက ရေတွေဟာ အတော်လေးလည်း ငန်တာကိုတွေ့ရသတဲ့။ ဂျော်ဒန်မြစ်ဟာ မြောက်ဘက်ကနေ စီးဆင်းလာခဲ့ပြီး ပင်လယ်မျက်နှာပြင်အောက် ပေပေါင်း ၁၃၇၀ လောက် နိမ့်တဲ့ ကမ္ဘာ့အနိမ့်ဆုံးနေရာကို ရောက်လာခဲ့တယ်။ အဲဒီနေရာမှာ ဘေးနှစ်ဖက်က တောင်တန်းတွေကာဆီးထားတာပေါ့။ အဲဒီတော့သူက ရေထပ်ပြီး မစီးဆင်းနိုင်တော့ဘဲ ရပ်တန့်သွားပြီး ရေတွေစုပြုံလာရာကနေ ရေပြင်ကျယ်ကြီး ဖြစ်လာရတာ။



ပင်လယ်သေ ဒါမှမဟုတ် ဆားငန်ပင်လယ်လို့ ခေါ်ကြတဲ့ အဲဒီပင်လယ်ကြီးရဲ့ ရေတွေထဲမှာ မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ်နဲ့ ဆိုဒီယမ်ကလိုရိုက်ဒ်လို့ခေါ်တဲ့ ဓာတ်သတ္တုတွေ ပါဝင်ကြပါတယ်။ ဂျော်ဒန်မြစ်အပြင် အခြားမြစ်လက်တက်ကလေးတွေနဲ့ ရေပူစမ်းတွေကနေ စီးလာတဲ့ ရေတွေထဲမှာကိုက ဆားငန်စေတဲ့ အဲဒီသတ္တုတွေ ပါဝင်နေတော့ ပင်လယ်သေကြီးက ပိုပိုပြီးငန်လာတော့တာပေါ့ကွယ်။ ဂျော်ဒန်မြစ်ကတင် နှစ်စဉ် ဆားတန်ချိန် ရှစ်သိန်းခွဲလောက်ကို ပင်လယ်သေကြီးဆီကို သယ်ဆောင်လာခဲ့တာပေါ့။

ပင်လယ်သေရှိတဲ့နေရာဟာ ကမ္ဘာကြီးရဲ့ အနိမ့်ဆုံးအပိုင်းလည်းဖြစ်တော့ ထပ်ပြီးနိမ့်လို့ စီးဆင်းဖို့ဆိုတာ နေရာလည်းမရှိတော့ဘဲ တောင်တန်းတွေက ကာဆီးထားလိုက်တော့ ရေတွေစုပြုံနေတာလေ။ ရေတွေဟာ ဘယ်ကိုမှ စီးလို့ မရတော့တာ သေချာသွားတဲ့အခါ ဘေးကလည်း ပူပြင်းတဲ့ကန္တာရလို နေရာမျိုးဆိုတော့ အငွေ့ပြန်တော့တာပဲ။ အငွေ့ပြန်တယ်ဆိုတာကတော့ အပေါ်ကို အငွေ့အဖြစ်နဲ့ တက်သွားတာကိုပြောတာ။ ကလေးတို့ကို ဥပမာပြောရရင် ဟင်းအိုးတွေကို အဖုံးလုံအောင်ပိတ်ပြီး ဟင်းချက်ကြမယ်ဆိုရင် အထဲက ရေတွေ ဟာ အငွေ့အဖြစ်နဲ့ ဟင်းအိုးအပြင်ကို ထွက်သွားပြီး ဟင်းအိုးထဲကရေတွေကို ခန်းအောင်လုပ်လို့ရတာမျိုးပေါ့ကွယ်။ အဲဒီလိုနဲ့ ရေတွေက အငွေ့ပြန်သွားလို့ ရပေမယ့်လည်း ရေထဲမှာပါလာတဲ့ ဆားငန်စေတဲ့ ဓာတ်သတ္တုတွေကတော့ အငွေ့ပြန်လို့မရဘဲ ကျန်နေတဲ့ရေထဲမှာ စုပြုံနေရတာမို့ ရေကငန်သလို သိပ်သည်းဆတွေ ပြောင်းလာတဲ့ရေအငန်ဓာတ်ကြောင့် ကလေးတို့က အဲဒီနေရာမှာ ရေချိုးမယ်ဆိုရင် ရေအောက်ကို ဘယ်လိုနည်းနဲ့မှ မမြုပ်တော့ဘူးပေါ့ကွယ်။

ဆားငန်ရေထဲမှာ ရေချိုးတာက ပင်ပန်းနွမ်းနယ်မှုတွေ၊ အဆစ်အမြစ်ကိုက်ခဲတာတွေကို သက်သာစေပြီး သန့်ရှင်းစင်ကြယ်စေတယ်လို့ ယူဆကြတဲ့အတွက် နှစ်တိုင်းပဲ လူတွေလာရောက်အပန်းဖြေနေကြတာပေါ့။ ဆားငန်လွန်းတဲ့အတွက် အဲဒီပင်လယ်သေထဲမှာ ငါးလေးတွေ၊ ပုစွန်လေးတွေ အသက်မရှင်နိုင်သလို သစ်ပင်တွေလည်း မပေါက်ကြဘူး။ ဒါကြောင့် ရေကူးလို့တော့ တော်တော်လေးကောင်းမှာ ဖြစ်ပေမယ့် ပါးစပ်ထဲကို ဆားငန်ရေတွေ ဝင်သွားရင်လည်း အတော်လေးနေရခက်မှာအမှန်ပါပဲမို့ သတိထားဖို့တော့ လိုပါတယ်။ ကလေးတို့ ကြီးပြင်းလာတဲ့အခါ ဆားငန်ပင်လယ်ကြီးထဲမှာ ရေပေါ်ပေါ်နေရင်း အပန်းဖြေရေကူးဆော့ကစားနိုင်ကြပါစေလို့ မမက ဆုတောင်းပေးလိုက်ပါတယ်။

## လောကဝတ် (Etiquette)

မမမေ

# မျဉ်းကြောင်းလေးတွေကို ဂရုစိုက်ပေးပါ

**ဒီကာလကြီးကတော့ အားလုံးအိမ်ထဲမှာပဲနေနေကြတဲ့ ကာလကြီးပေါ့ကလေးတို့ရေ။ မပျင်းမရှိနဲ့ အိမ်မှာနေကြဖို့ အိမ်အလုပ်တွေကို ကူလုပ်မယ်၊ ပျော်စရာကောင်းတဲ့ ကစားနည်းတွေကို ကစားရင်းအချိန်ဖြုန်းလို့ရတဲ့အပြင် ကလေးတို့အတွက် သင်ယူသင့်တဲ့ လောကနီတိတွေကိုလည်း အချိန်ပေးပြီး သင်ယူလို့ရတဲ့ အချိန်ကောင်းလေးလို့ မမ ကတော့ ထင်ပါတယ်။ ဒီတစ်ပတ်မှာ မမပြောပြချင်တာက အကွာအဝေးကို ပိုင်းခြားပေးတဲ့ မျဉ်းလေးတွေအကြောင်း ဖြစ်ပါတယ်။**

မမတို့ကတော့ လူကြီးတွေမို့ အိမ်အတွက် ဈေးဝယ်ထွက်ကြရသလို အလုပ်ကိစ္စတွေနဲ့လည်း အပြင်တွေကို သွားကြရတယ်။ ကလေးတို့သာ အိမ်မှာနေနေကြရပေမယ့် မဖြစ်မနေ မေမေတို့၊ ဖေဖေတို့နဲ့အတူတူ အပြင်ထွက်စီးပွားရှာနေကြရတဲ့ ကလေးလေးတွေလည်း ရှိတာကို တွေ့နေရသေးတယ်။ အဲဒီလိုသွားကြတဲ့အခါ နေရာတော်တော်များများမှာ တားမြစ်ထားတဲ့ စည်းကလေးတွေကို အခုလို ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်တဲ့အချိန်မှာ မြင်တွေ့ရတယ်။

### ခြောက်ပေအကွာ

အဲဒါကတော့ လူတစ်ယောက်နဲ့တစ်ယောက် ခြောက်ပေအကွာနေကြဖို့ တားမြစ်ထားတဲ့ စည်းကလေးတွေပဲပေါ့။ ဈေးဝယ်စင်တာတွေရဲ့ ပိုက်ဆံရှင်းတဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာမှာရပ်ကြဖို့ မျဉ်းကလေးတွေ တားပေးထားသလို စက်လှေကားစီးရင်လည်း စက်လှေကားမှာ တစ်ဦးနဲ့တစ်ဦး ခြောက်ပေကွာနေဖို့ မှတ်သားပေးထားတာကို တွေ့ရတယ်။

ရပ်ကွက်ထဲက ဈေးဆိုင်တွေမှာလည်း ခုံတွေနဲ့ တားထားပြီး ဈေးရောင်းသူက ခြောက်ပေအကွာကနေ လှမ်းရောင်းပြီး ဝယ်တဲ့သူက သတ်မှတ်အကွာအဝေးကနေ လှမ်းပြီးဝယ်ရတယ်။ ဘာကြောင့်လဲဆိုရင် အခုဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါက လူတစ်ယောက်နဲ့တစ်ယောက် ခြောက်ပေကွာမှ ရောဂါမကူးစက်မှာ ဖြစ်တာကြောင့်ပေါ့ကွယ်။

မမတို့ နိုင်ငံခြားကို ခရီးသွားတဲ့အခါ မြေအောက်ရထားဘူတာရုံတွေဆီသွားတဲ့ အချို့လှေကားထစ်တွေမှာ အဝါရောင်အထစ်ကလေးတွေထည့်ထားတယ်။ ကားလမ်းပလက်ဖောင်းဘေးတွေမှာလည်း အဝါရောင်မျဉ်းလိုင်းတွေ တွေ့ရတယ်။ ထူးခြားတာက အဲဒီအဝါရောင်လိုင်းလေးတွေအထဲမှာ ခြေထောက်နဲ့နင်းကြည့်ရင် ပုံစံနှစ်မျိုးရှိတယ်။ တစ်ခုက အရှည်လိုက်မျဉ်းလိုင်းတွေထည့်ထားပြီး တစ်ခုကတော့ အစက်အစက်တွေထည့်ထားတာ။ အဲဒီလိုင်းလေးတွေပေါ်မှာ မသန်စွမ်းသူတွေရဲ့ တွန်းလှည်းလေးတွေ သွားကြသလို မျက်မမြင်တွေဟာလည်း အဝါရောင်လိုင်းလေးတွေထဲမှာ သွားလို့ရတယ်။ သူတို့က ခြေထောက်တွေနဲ့စမ်းကြည့်ပြီး လိုင်းပါတဲ့မျဉ်းတွေမှာဆိုရင် တည့်တည့်လျှောက်လို့ရတယ်။ လိုင်းမပါဘဲ အစက်တွေအတုံးလေးတွေကို နင်းမိတယ်ဆိုရင်တော့ လမ်းဆုံလမ်းခွ၊ ကားလမ်းမပေါ်ရောက်နေတယ်ဆိုတာကို သိနိုင်တယ်။ အဲဒီအဝါရောင်လိုင်းလေးတွေထဲမှာ သာမန်လူကောင်းတွေကတော့ မသွားကြဘဲ အားနည်းသူတွေသွားနိုင်ဖို့ ရှောင်ပေးကြပါတယ်။ ကလေးတို့လည်း ကိုဗစ်-၁၉ ရောဂါကြီးမဖြစ်တော့တဲ့အခါ လမ်းသွားရင်းနဲ့ သီးသန့်အမှတ်အသားလေးတွေကို သေသေချာချာလေ့လာကြည့်ရင်း စည်းကမ်းလေးတွေကို လိုက်နာဖို့ ကြိုးစားကြည့်ကြပါဦးနော်။










# တရုတ်နိုင်ငံအတွင်းသို့ ယာဉ်မောင်းလဲလှယ်သည့်စနစ်ဖြင့်သာ ဝင်ခွင့်ပြုသဖြင့် ကုန်ကားများသွားရောက်နိုင်မှု ထက်ဝက်လျော့ကျ

**မူဆယ် မေ ၂၅**

ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံမှ ကုန်တင်ယာဉ်များကို တရုတ်နိုင်ငံအတွင်းသို့ တိုက်ရိုက် ဝင်ရောက်ခွင့်မပြုဘဲ ယာဉ်မောင်းလဲလှယ်သည့်စနစ်ဖြင့်သာ ဝင်ခွင့်ပြုသဖြင့် ကုန်ကားဝင်ရောက်မှု ထက်ဝက်လျော့ကျပြီး အစီးရေ ၃၀၀ ဝန်းကျင်သာ ဝင်ရောက်နိုင်ကြောင်း မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်မှ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သက်ဦးက မေ ၂၄ ရက်တွင် ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မပျံ့နှံ့အောင် ကာကွယ်ထိန်းသိမ်းရန်အတွက် နယ်စပ်ဒေသ စီမံခန့်ခွဲရေးကို တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိပြီး မေ ၁ ရက်မှစ၍ မူဆယ်ခရိုင်နှင့် ထိစပ်လျက်ရှိသော ဂိတ်ပေါက်များဖြစ်သည့် မန့်ဝိန်းဂိတ်၊ ဆင်ဖြူဂိတ်၊ နန်းတော်ဂိတ်၊ ကျင်စန်းကျော့ဂိတ်၊ ပန်ဆိုင်း(ကြူကုတ်)ဂိတ်နှင့် မန့်ဟီးရိုးဂိတ်တို့မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ လူဝင်လူထွက် ခွင့်မပြုတော့ဘဲ သစ်သီးကားများ ကုန်သွယ်မှုပြုနေသည့် ကျင်စန်းကျော့ဂိတ်မှသာ ကုန်တင်ယာဉ်များကို အဝင်/အထွက် ခွင့်ပြုထားသည်။

အဆိုပါ ကုန်တင်ယာဉ်များကို အဝင်/အထွက် ခွင့်ပြုထားသည့် ကျင်စန်းကျော့ဂိတ်တွင်လည်း ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုများကြောင့် ယခင်က မြန်မာယာဉ်မောင်းများ တိုက်ရိုက်မောင်းဝင်သော စနစ်အစား မေ ၂၀ ရက်မှစ၍ တရုတ်နိုင်ငံဘက်ခြမ်းရှိ အစားထိုးယာဉ်မောင်းဖြင့်သာ ဝင်ခွင့်ပြုသည့်စနစ်ကို တရုတ်နိုင်ငံကျန်းမာရေးဌာနက ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။

ထိုသို့ အစားထိုးယာဉ်မောင်းဖြင့်သာ ဝင်ခွင့်ပြုသောကြောင့် ယခင်က တစ်ရက်လျှင် မြန်မာကုန်ကား အစီးရေ ၆၀၀ ခန့် ကျင်စန်းကျော့ဂိတ်မှတစ်ဆင့် တရုတ်ဘက်သို့ ဝင်ရောက်နိုင်ခဲ့သော်လည်း ယခုအခါ တစ်ရက်လျှင် ကုန်ကား အစီးရေ ၃၀၀ ဝန်းကျင်သာ ဝင်ရောက်နိုင်တော့ကြောင်း ဒုတိယ ဥက္ကဋ္ဌက ပြောသည်။

"အစားထိုးယာဉ်မောင်း ဖြစ်သွားတာနဲ့ တစ်ရက်ကို အစီး ၅၀၀၊ ၆၀၀ ဝင်တာကနေ တစ်ရက်ကို အစီး ၂၀၀၊ ၃၀၀ ပဲ ဝင်တဲ့အနေအထားပေါ့၊ ကားတွေက ထပ်ထပ်သွားတယ်၊ နောက်ကရောက်တဲ့ အသစ်တွေက နောက်မှာ ဆက်တန်းစီတော့ အစောပိုင်းကဆို အစီးရေ ၁၅၀၀၊ ၂၀၀၀ လောက် ဖြစ်သွားတဲ့ အနေအထားမှာ ဝင်ရတာက အစီး ၂၅၀ နဲ့ ၃၀၀ ဆိုတော့ အဆင်မပြေတော့ဘူး၊ အသီးတွေက အောက်က(မြန်မာနိုင်ငံအတွင်းပိုင်းမှ) တင်ပို့တယ်၊ ဒီဘက်မှာက ထွက်ပေါက်က တစ်ပေါက်တည်း ဖြစ်နေတော့ ဒီကြန့်ကြာမှုက လမ်းပိုင်းမှာ တော်တော်လေး ထပ်သွားတယ်၊ ပြီးရင် ကျော်တက်တဲ့ကားတွေနဲ့ဆိုတော့ ယာဉ်ပိတ်ဆို့မှုတွေလည်း ဖြစ်သွားပြီး ကြန့်ကြာမှုတွေ ပိုပြီးတော့ ဖြစ်တာပေါ့"ဟု ဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

သို့ဖြစ်၍ အစိုးရအနေဖြင့် ယာဉ်လမ်းကြော ရှင်းလင်းစေရန်အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဖြင့် စနစ်တကျ လုပ်ဆောင်ပေးသင့်ကြောင်းလည်း ၎င်းက ထပ်မံပြောကြားသည်။

ထို့အပြင် အစားထိုး ယာဉ်မောင်းဖြင့် မောင်းနှင်ခြင်းကြောင့် မိမိကားကို သူများအား ပေးမောင်းရခြင်း၊ ကားများ၏ ဖွဲ့စည်းပုံ မတူခြင်းကြောင့် မောင်းနှင်မှုများတွင် အဆင်မပြေခြင်း စသည့် အခက်အခဲများလည်းရှိနေကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

---

## မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ သောက်သုံးရေရရှိရေးဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မင်းဘူး မေ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာ အသုံးပြုနိုင်ရန်နှင့် နွေရာသီကာလ သောက်သုံးရေ ရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်လို့ စိုင်ရှင်ကျေးရွာ၊ ကမ်းနီကျေးရွာ၊ ပိုက်သင်ကျေးရွာနဲ့ ဇီးဖြူကုန်းကျေးရွာတို့က အိမ်ခြေ ၉၇၀၊ လူဦးရေ ၄၃၀၀ ခန့်နဲ့ ကျွဲနွား တိရစ္ဆာန်များအတွက်ပါ သောက်ရေသုံးရေ လုံလောက်စေမှာဖြစ်ပါတယ်။ မင်းဘူးမြို့နယ်အတွင်းမှာ ကျေးရွာပေါင်း ၁၅၀ ရှိပြီး သောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်လာရင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၅ ၂၁၅၆၄၊ ၀၉ ၂၅၆၂၃၀၉၀၇ နဲ့ ၀၉၄၀၁၅၁၉၇၈၄ တို့ကို ဆက်သွယ်ပြီး အကူအညီ တောင်းခံနိုင်ပါတယ်"ဟု မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပြောသည်။

ရေရရှိရေးလုပ်ငန်းများမှာ စိုင်ရှင်ကျေးရွာတွင် အနက် ပေ ၂၈၀ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ကမ်းနီကျေးရွာ၌ အနက် ပေ ၃၄၀ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ ပိုက်သင်ကျေးရွာ၌ အနက် ပေ ၃၄၀ ရှိ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း၊ ဇီးဖြူကုန်းကျေးရွာ၌ အနက် ပေ ၂၄၀ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၇၇ ဒသမ ၅၀၇ သန်းဖြင့် လင်းမြတ်မင်းကုမ္ပဏီက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**သူရိန်(မင်းဘူး)**

---

## ရန်ကုန်မြို့၌ ကြက်သားဈေး အနည်းငယ်မြင့်တက်လာ

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကို စတင်တွေ့ရှိသည့်အချိန်က ကြက်သားအသား တစ်ပိဿာလျှင် ကျပ် ၄၀၀၀ နှင့် ခြံဖမ်းဈေးနှုန်းမှာ ကျပ် ၂၅၀၀ ခန့်သာ ရှိရာမှ လက်ရှိအချိန်တွင် ခြံဖမ်းဈေးနှုန်းမှာ ကျပ် ၃၀၀၀ ခန့်အထိ တက်လာသလို အသားဈေးနှုန်းမှာလည်း အနည်းငယ်တက်လာကြောင်း သိရသည်။

ယခင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောင်းချသည့် ကြက် ဘဲဒိုင်များသို့ ကြက်ခြံများမှ ကြက်ကောင်ရေ တစ်သိန်းကျော် တင်သွင်းသော်လည်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက်တွင် ကြက်တင်သွင်းမှုမှာ ကောင်ရေ ၃၀၀၀၀ ကျော်အထိ လျော့ကျသွားကာ ထိုသို့ အကောင်ရေလျော့ပြီး ရောင်းချမှုကြောင့် ကြက်သားဈေး အနည်းငယ် မြင့်တက်လာခြင်းဖြစ်ကြောင်းနှင့် ဈေးကွက်အတွင်း ကြက်သားပြတ်လပ်မှုမရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ဈေးနှုန်းသတ်မှတ်ခြင်းကို လုပ်ဆောင်ခြင်းမပြုဘဲ ဈေးကွက်ပေါက်ဈေးကို မွေးမြူသူများ ချိန်ဆနိုင်ရန် သက်ဆိုင်ရာ ကြက်ဘဲဈေးများနှင့် ကြက်သားဒိုင်များထံမှ ကောက်ယူရရှိသည့် ဈေးနှုန်းများကို နေ့စဉ်ထုတ်ပြန်ပေးနေကြောင်း၊ မေ ၂၄ ရက်က အသားတိုးကြက် ခြံဖမ်းဈေးနှုန်းမှာ ကျပ် ၂၈၀၀ မှ ၂၉၀၀၊ မွေးထီး ခြံဖမ်းဈေးနှုန်းမှာ ကျပ် ၂၅၀၀ မှ ၂၇၀၀၊ မွေးမ ခြံဖမ်းဈေးနှုန်းမှာ ကျပ် ၂၅၀၀ မှ ၂၇၀၀၊ တိုင်းရင်းကြက် ခြံဖမ်းဈေးနှုန်းမှာ ကျပ် ၇၄၀၀ နှင့် ဘဲ ခြံဖမ်းဈေးနှုန်းမှာ ကျပ် ၂၈၀၀ မှ ၂၉၀၀ ခန့်ရှိပြီး ကြက်ခြံ၏ ခရီးအကွာအဝေးနှင့် ကြက်အရွယ်အစား အကြီးအသေးပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ ကြက်သားဈေးမှာ လက်လီ တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

**အောင်သူရ**

---

## အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မကွေးတိုင်းဒေသကြီး၌ လေးနှစ်အတွင်း သစ်ပင်မျိုးစုံ ခြောက်သိန်းခန့် စိုက်ပျိုးနိုင်ခဲ့

**မကွေး မေ ၂၅**

အပူပိုင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ လေးနှစ်အတွင်း အထူးစိမ်းလန်း စိုပြည်ရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့ဗဟိုပြုလုပ်ငန်း စသည့် အစီအစဉ်များဖြင့် သစ်ပင် ခြောက်သိန်းခန့် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ သိရသည်။

လေးနှစ်တာကာလအတွင်း၌ အထူး စိမ်းလန်း စိုပြည်ရေးလုပ်ငန်း အစီအစဉ်ဖြင့် အထူးစိမ်း တစ်အုပ်တစ်မ စိုက်ပျိုးမှု အပင် ၃၉၇၅၀၊ ကွက်လပ်ဖြည့် စိုက်ပျိုးမှု အပင် ၇၃၂၀၀၊ ဖြည့်စွက်စိုက်ပျိုးမှု အပင် ၂၇၀၀၀၊ ကွန်တိုပေါင်စိုက်ပျိုးမှု အပင် ၅၀၀ နှင့် တောထိန်း ကွက်လပ်ဖြည့်စိုက်ပျိုးမှု ၇၇၄၂၅ ပင်၊ စုစုပေါင်း သစ်ပင် ၂၁၇၈၇၅ ပင်ကို စိုက်ပျိုးခဲ့ကြောင်း၊ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ စိုက်ပျိုးမှုမှာ တစ်ရွာ တစ်ဧက၊ တစ်အိမ်ထောင် ကျွန်း သုံးပင်နှင့် သစ်မာပင် ၂၀ နှုန်းဖြင့် စုစုပေါင်း ၃၃၆၆၁၂ ပင်ဖြစ်ပြီး ပြည်သူ့ဗဟိုပြုလုပ်ငန်း အစီအစဉ်ဖြင့် စိုက်ပျိုးမှုမှာ အပင် ၄၂၀၀၀ ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစွန်ထွေးက "ဖန်လုံအိမ်ခါတ်ငွေ့ကြောင့် ကမ္ဘာ့လေထု ညစ်ညမ်းတာနဲ့ ရာသီဥတုပူပြင်းတာကို ကာကွယ်နိုင်ဖို့က သစ်ပင်စိုက်ပျိုးတဲ့နည်းတစ်ခုပဲ ရှိပါတယ်။ လာမယ့် မိုးရာသီမှာ စိုက်ဧက ၁၉၀၀ ထူထောင်ပြီး ပျိုးပင်ပေါင်း ၁၂၄၄၂၅ ပင် စိုက်ပျိုးပါမယ်။ စိုက်ခင်း အကြိုလုပ်ငန်းတွေ ဆောင်ရွက်ထားပြီးပါပြီ"ဟု ပြောသည်။

မကွေးတိုင်းဒေသကြီး၌ လေးနှစ်တာကာလအတွင်း ကျေးရွာသုံးစိုက်ခင်း ၃၃၈၈ ဒသမ ၄၇ ဧက၊ ရေဝေရေလဲစိုက်ခင်း ဧက ၁၈၁၀၊ တောင်တန်းစိုက်ခင်း ဧက ၁၇၅၀၊ အခြားစိုက်ခင်း ဧက ၇၄၀၊ စုစုပေါင်း ၇၆၈၈ ဒသမ ၄၇ ဧကကို အကောင်အထည်ဖော်ခဲ့ပြီး သဘာဝတောကျန် ဧက ၈၀၀၀၀ ကိုလည်း ထိန်းသိမ်းမှုများ ဆောင်ရွက်ထားခဲ့ကြောင်း ညွှန်ကြားရေးမှူးထံမှ သိရသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီးအတွင်းမှ အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းဇုန်များဖြစ်သည့် ပခုက္ကူမြို့နယ်(တန့်ကြည်တောင်)၊ ချောက်မြို့နယ်(ရွှေပုံတောင်)၊ ရေနံချောင်းမြို့နယ်မှ Greening Complex Zone၊ တောင်တွင်းကြီးမြို့နယ် (ဗိသနိုး)တို့၌လည်း နိုင်ငံတကာနှင့် ပူးပေါင်း၍ Climate Change Center(CCC) လုပ်ငန်းများကို ငွေကျပ်သန်း ၇၀၀ အသုံးပြု၍ လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးစွန်ထွေးထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ပျိုးထောင်ထားသော သစ်ပင်များ

---

## ပွင့်ဖြူမြို့နယ်အတွင်း စိုက်ပျိုးထားသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပွင့်ဖြူ မေ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲဇလီ ရေလွှဲဆည်မှ ဆည်ရေများဖြင့် တောင်သူများ စိုက်ပျိုးထားသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံ နွေနှမ်းစိုက် တောင်သူများထံမှ သိရသည်။

ယခုနှစ် နွေနှမ်းစိုက်ရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ အချိန်မီ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကာ မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးမှတစ်ဆင့် ဖြန့်ဝေပေးခဲ့ပြီးနောက် မတ် ၁ ရက်တွင် မြောက်မုန်းမြောင်းမကြီးမှတစ်ဆင့် စိုက်ပျိုးရေများ ထပ်မံဖြန့်ဝေပေးခဲ့ကြောင်း၊ တောင်သူများ စိုက်ပျိုးရေ အပြည့်အဝ ရရှိစေရေးအတွက် ရေဖြန့်ဝေပေးသည့် ရေလက်တံမြောင်းများ ကောင်းမွန်အောင် လက်တံမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း ဆည်ရေလုပ်သားများအဖွဲ့က စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာမှ နွေနှမ်းများ စိုက်ပျိုးထားသည့် တောင်သူတစ်ဦးက "ကျွန်တော်တို့ မြို့နယ်အတွင်းက ဒေသခံတောင်သူတွေဟာ မဲဇလီရေလွှဲဆည်ရေနဲ့ နှစ်စဉ် နွေနှမ်းစိုက်ပျိုးကြပြီး အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိပါတယ်။ စိုက်ပျိုးတဲ့ နှမ်းမျိုးတွေကတော့ စမုံနက်နှမ်း၊ သိပ္ပံနှမ်းနက်နဲ့ ဆင်းရတနာ-၄(နှမ်းဖြူမျိုး)တွေဖြစ်ပြီး အများဆုံး စိုက်တာကတော့ စမုံနက်နှမ်းဖြစ်ပါတယ်။ စမုံနက်နှမ်းက ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေ အကျိုးအမြတ် ပိုမိုရရှိပါတယ်။ နောက်ပြီး ကျွန်တော်တို့ ဖလံတောကျေးရွာနဲ့ မုန်တောကြီးကျေးရွာတွေက တောင်သူတွေဟာ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ မြို့နယ် အော်ဂဲနစ်စိုက်ပျိုးရေးနှင့် တောင်သူ့ရေးရာဖွံ့ဖြိုးရေးအဖွဲ့(OAFADG)ရဲ့ နည်းပညာ ပံ့ပိုးကူညီမှုအတိုင်း အလေးထား စိုက်ပျိုးကြတာဖြစ်လို့ ထွက်ရှိတဲ့နှမ်းဟာ အခြားကျေးရွာတွေကထွက်တဲ့ နှမ်းတွေထက် ပိုကောင်းပြီး ဈေးကွက်မှာလည်း ဈေးပိုရပါတယ်။ ဒီနှစ်မှာလည်း တောင်သူတွေ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းနေပြီး အရင်နှစ်တွေလို ဈေးနှုန်းကောင်းဖို့ပဲ တောင်သူတွေက မျှော်လင့်နေကြပါတယ်"ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်တွင် နွေနှမ်း ၄၀၀၇၇ ဧကနှင့် နွေစပါး ဧက ၁၄၃၈၀ ကို လျာထား စိုက်ပျိုးသွားမည်ဖြစ်ပြီး တောင်သူများ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အပြည့်အဝ ရရှိစေရေးအတွက် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိဦးမြတ်ဇော်သိန်း၏ ဦးဆောင်မှုဖြင့် ဆည်ရေလုပ်သားများအဖွဲ့က ရေဖြန့်ဝေမှုကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# တနင်္သာရီတိုင်းဒေသကြီးသို့ဝင်မည့်သူများအား မွန်ပြည်နယ်နယ်စပ် ရေဖြူမြို့၌ ကျန်းမာရေးစစ်ဆေးမှုများ ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**ရေဖြူ ဧပြီ ၂၅**
တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် နယ်စပ် ရေဖြူမြို့နယ်ရှိ မလွဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်မည့်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများကို တင်းကျပ်စွာ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခြား တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်မည့် ပြည်သူများအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ ခရီးစတင်ထွက်ခွာလာသည့် ဒေသနှင့် သွားရောက်မည့် ဒေသကို မှတ်တမ်းရယူခြင်း၊ မြို့နယ်အတွင်းနေထိုင်မည့် နေရပ်လိပ်စာကို စိစစ်ခြင်းများ ပြုလုပ်ပြီးမှ တိုင်းဒေသကြီးအတွင်း ဝင်ခွင့်ပြုကြောင်းနှင့် ဝင်ခွင့်ရသူများသည် သွားရောက်မည့် သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာများတွင်လည်း သတ်မှတ်နေရာ၌ သီးသန့်ထား စောင့်ကြပ်ကြည့်ရှုမှု ၂၁ ရက်နှင့် နေအိမ်၌ သီးသန့်ထား စောင့်ကြပ်ကြည့်ရှုမှု ၂၇ ရက် စောင့်ကြည့်ခြင်းကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။


မလွဲတောင် စစ်ဆေးရေးဂိတ်၌ တိုင်းဒေသကြီးအတွင်း ဝင်မည့်သူများအား စစ်ဆေးနေစဉ်

မလွဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အဆိုပါ ကျန်းမာရေးအခြေအနေ စစ်ဆေးမှုများကို ရေဖြူမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နေ့စဉ်အလှည့်ကျ ဆောင်ရွက်နေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တပ်မတော်က ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**မိုင်းပန် ဧပြီ ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးတွင် အသုံးပြုရန် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများမှ စုပေါင်းလှူဒါန်းသော အထောက်အကူပြုပစ္စည်းများဖြစ်သည့် PPE ဝတ်စုံ အစုံ ၁၂၀၊ နှာခေါင်းစည်း ၂၅၀၊ မျက်မှန် ၁၅ ခု၊ လက်အိတ်အစုံ ၂၀၀၊ လက်သန့်ဆေးရည်ဘူးများနှင့် ခွဲစိတ်ခန်းသုံး လက်အိတ်များကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်က ဧပြီ ၂၄ ရက်တွင် မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ခိုင်ထံ လာရောက်လှူဒါန်းခဲ့သည်။ တိုင်းမှူးသည် ပြည်သူ့ဆေးရုံရှိ ဝန်ထမ်းများအတွက် ကြက်ဥနှင့် ရွှေဖီဦးလက်ဖက်ရည်ထုပ်များ၊ လူနာများအတွက် ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများကိုလည်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကိုဆန်း(မိုင်းပန်)**

# မိုးနဲမြို့ ပြည်သူ့ဆေးရုံသို့ အသက်ရှူအထောက်အကူပြုကိရိယာ လှူဒါန်း

**မိုးနဲ ဧပြီ ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးတွင် အသုံးပြုရန်အတွက် ပြည်နယ်/ခရိုင်/မြို့နယ် လမ်းဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းလှူဒါန်းခဲ့သော အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံးကို လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းတို့က မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇင်မိဟန်တို့ထံ ဧပြီ ၂၄ ရက်က လာရောက်လှူဒါန်းခဲ့သည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# မင်္ဂလာတောင်ညွန့်မြို့နယ် လမ်းမကြီးများ၌ ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဧပြီ ၂၅**
ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ လမ်းမကြီးများနှင့် ရပ်ကွက်လမ်းများအတွင်း၌ ပိုးသတ်ဆေးများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် သက်ဆိုင်ရာ မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဖျန်းပေးလျက်ရှိရာ ဧပြီ ၂၄ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ အဆင့်မြင့်မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေးများဖျန်းခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဧပြီ ၂၃ ရက်ကလည်း သိမ်ဖြူလမ်း၊ မြယာကုန်းလမ်း၊ ဗိုလ်မင်းရောင်လမ်း၊ မြန်မာ့ဂုဏ်ရည်လမ်း စသည့် လမ်းများကြီးများနှင့် ဖို့မြေရပ်ကွက်ရှိ (၁၀၁) လမ်းတို့တွင် မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အဆင့်မြင့် မီးသတ်ယာဉ် နှစ်စီး၊ LUF-60(Robotic Fire Fighting Vehicle) ယာဉ် တစ်စီး၊ အရှေ့ပိုင်း ခရိုင်အတွင်းရှိ မြို့နယ်များမှ မီးသတ်ရေသယ်ယာဉ် ခြောက်စီး၊ မေတ္တာညွန့် လူမှုကူညီရေးအသင်းမှ ဆေးဖြန်းယာဉ် တစ်စီး၊ နာရေးကူညီမှုအသင်း(ရန်ကုန်) သီးသန့် မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ်တစ်စီးနှင့် ဆေးဖျန်းယာဉ်တစ်စီးတို့ဖြင့် ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။ **သစ္စာ**


မင်္ဂလာတောင်ညွန့်မြို့နယ် လမ်းမကြီးတစ်ခုတွင် ပိုးသတ်ဆေးဖျန်းစဉ်။

# တရုတ်နိုင်ငံ ကြက်ခြေနီအသင်းက ကျန်းမာရေးအထောက်အကူပစ္စည်းများ ပေးအပ်လှူဒါန်း

**မူဆယ် ဧပြီ ၂၅**
မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကြက်ခြေနီအသင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံး ကျန်းမာရေးအထောက်အကူ ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းမှ ဧပြီ ၂၄ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

မူဆယ်မြို့ရှိ မြန်မာ-တရုတ်နယ်စပ် ရွှေနန်းတော်ဂိတ်၌ပြုလုပ်သည့် လှူဒါန်းပွဲတွင် တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ကြက်ခြေနီအသင်းမှ ခေါင်းဆောင် မစ္စတာဟယ်ဖျင့်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်မြောက်ပိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ အုပ်ချုပ်ရေးအထောက်အကူ အရာရှိ ဒေါ်သန္တာမိုးထံသို့ တရုတ်ယွမ်ငွေ ခြောက်သိန်းခွဲခန့် တန်ဖိုးရှိသော နှာခေါင်းစည်း အခု ၁၀၀၀၀၊ ပိုးသတ်ဆေးပုံး ၈၆ ပုံးနှင့် တရုတ် တိုင်းရင်းဆေးပုလင်း ၁၀၈၀၀ တို့ကို လှူဒါန်းခဲ့သည်။ **သန့်ဇင်(မူဆယ်)**


ဆေးပစ္စည်းများကို တရုတ်နိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက လှူဒါန်းနေစဉ်။

# တာချီလိတ်မြို့နယ်၌ ကျန်ခဲ့သော ထိုင်းနိုင်ငံသား ခုနစ်ဦးအား မယ်ဆိုင်မြို့သို့ ပြန်ခွင့်ပြု

**တာချီလိတ် ဧပြီ ၂၅**
ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ရေးအတွက် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား နယ်စပ်ဝင်ပေါက်ထွက်ပေါက်များကို ထိုင်းနိုင်ငံဘက်မှ ပိတ်လိုက်ပြီးနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ကျန်ရစ်ခဲ့သော ထိုင်းနိုင်ငံသား အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ခုနစ်ဦးအား ထိုင်းနိုင်ငံအစိုးရ၏ မေတ္တာရပ်ခံချက်အရ ဧပြီ ၂၄ ရက်နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ တာဝန်ရှိသူများက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)မှတစ်ဆင့် ထိုင်းနိုင်ငံဘက်သို့ ပြန်ခွင့်ပေးလိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ပေါက်များကို ပိတ်ပင်ခြင်း၊ အဝင်အထွက် ကန့်သတ်ခြင်းများ ပြုလုပ်စဉ် တာချီလိတ်မြို့၌ နေထိုင်လျက်ရှိသည့် အဆိုပါ ထိုင်းနိုင်ငံသားများသည် တာချီလိတ်မြို့၌ ကျန်နေခဲ့ကြခြင်းဖြစ်ရာ ၎င်းတို့အား နေရပ်ထိုင်းနိုင်ငံသို့ ပြန်ခွင့်ပြုရန်အတွက် ထိုင်းအစိုးရ၏ မေတ္တာရပ်ခံချက်အရ ၎င်းတို့အား ယခုကဲ့သို့ ပြန်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့်လည်း နယ်စပ်ကိုဖြတ်သန်း၍ ပြန်လည်ဝင်ရောက်လာသည့် အဆိုပါ နိုင်ငံသားများကို ထိုင်းနိုင်ငံ၌ ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်ပြီးမှ နေအိမ်ပြန်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ယာဆေး(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ထိုင်းမှပြန်လာသူသုံးဦးအား စောင့်ကြည့်ကာလပြည့်မြောက်၍ နေအိမ်များသို့ ပြန်လည်စေလွှတ်

**ပွင့်ဖြူ ဧပြီ ၂၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပြည်ပနှင့် အခြားမြို့များမှ ပြန်လည်ဝင်ရောက်လာသူများအား မြို့နယ်အတွင်း အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်၍ စနစ်တကျ ကြပ်မတ်စောင့်ကြည့်လျက်ရှိရာ ဧပြီ ၂၄ ရက်တွင် မြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ထားရှိသည့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ သုံးဦးအား သတ်မှတ် စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်မြောက်၍ နေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်ထံမှ သိရသည်။

ထိုသို့ သတ်မှတ်စောင့်ကြည့်ကာလ ၂၁ ရက် ပြည့်၍ နေရပ်သို့ ပြန်လည်စေလွှတ်ခြင်းမပြုမီ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မိမိတို့မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးအတွက် ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကာလဖြစ်၍ နေအိမ်သို့ ပြန်လည်ရောက်ရှိပါက အပြင်သွားလာခြင်းများ မပြုလုပ်ကြရန်နှင့် ထပ်မံ၍ မိမိတို့နေအိမ်တွင် ခုနစ်ရက်ကြာ စနစ်တကျ နေထိုင်သွားကြရန် ၎င်းတို့သုံးဦးအား ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမိုးသစ်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက နေရပ်သို့ ပြန်လည်စေလွှတ်မည့်သူ သုံးဦးအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးကာ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များနှင့် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ ပြည်ပနိုင်ငံများနှင့် အခြားမြို့များမှ ပြန်လည်ရောက်ရှိလာသူများအား သတ်မှတ်ထားသော နေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြည့်လျက်ရှိရာ စုစုပေါင်း ၁၃၆ ဦးနှင့် နေအိမ်တွင် သီးသန့်ထား စောင့်ကြည့်နေသူ ၁၃၂ ဦး ကျန်ရှိနေကြောင်း၊ ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုများကို ပွင့်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိပြီး ပွင့်ဖြူမြို့နယ်အတွင်း၌ ယနေ့အထိ စိုးရိမ်ဖွယ်ရာ သံသယလူနာ တစ်ဦးမျှမရှိသေးကြောင်း ပွင့်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးစိုးနိုင်ထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက် သမားတော်ကြီးများ ဦးဆောင်၍ (ယာယီ) ကျန်းမာရေးစစ်ဆေးမှုဌာန ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်နေပြီး အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ ဦးဆောင်၍ (ယာယီ)ကျန်းမာရေး စစ်ဆေးမှုဌာန ဖွင့်လှစ်လျက်ရှိသည်။

အင်းစိန်မြို့နယ် အထွေထွေ ရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သောအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် (ယာယီ) ကျန်းမာရေး စစ်ဆေးမှုဌာနကို ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ပထမဆုံးဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဧပြီ ၂ ရက်ကစတင်၍ အများပြည်သူများအတွက် အခမဲ့ ကျန်းမာရေး စောင့်ရှောက်ပေးနေသည့်နေရာလည်းဖြစ်သည်။ အဆိုပါဆေးခန်းကို အင်းစိန်မင်းကြီးလမ်းမပေါ်ရှိ ဘိုကုန်းဈေးအနီး အင်းစိန်မြို့နယ်ခန်းမတွင် တနင်္လာနေ့မှ စနေနေ့အထိ နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ဖွင့်လှစ်ထားသည်။

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီး (၂) လွှတ်တော် ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က အင်းစိန်မြို့နယ်ခန်းမ၌ ဖွင့်လှစ်ထားသော အင်းစိန် (ယာယီ) ဆေးခန်းသို့ သွားရောက်၍ လုပ်ငန်းလည်ပတ်နေမှုများ၊ တာဝန်ခွဲဝေချထားမှုများကို ကြည့်ရှုပြီး ကျန်းမာရေး အသိတရားရှိရှိထိတွေ့လုပ်ကိုင်ဆောင်ရွက်နိုင်ရေးစသည်တို့ကို မှာကြားသည်။

အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ ဧပြီ ၂၄ ရက်နေ့အထိ ၂၃ ဦးမြောက်ရှိပြီ ဖြစ်ပြီး ရောဂါပိုးတွေ့ရှိသူတို့၏ နေအိမ်နှင့် လမ်းတို့ကို အသွားအလာကန့်သတ်ခြင်းများ ဆောင်ရွက်ထားရှိရာ ရောဂါပိုး တွေ့ရှိသူများနှင့် ထိတွေ့ခဲ့သူများဟု ယူဆရသူများကို အသွားအလာကန့်သတ်စောင့်ကြည့်နေရာများသို့ ပို့ဆောင်ကာ အသွားအလာ ကန့်သတ်ခြင်းများ ဆောင်ရွက်ထားရှိလျက်ရှိသည်။

အင်းစိန်မြို့နယ် အတွင်းရှိ ဈေးများကိုလည်း စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းသန်း၊ အတွင်းရေးမှူး EO ဦးဝင်းနိုင်၊ ဈေးဌာနမြောက်ပိုင်းခရိုင်မှ ဌာနစုမှူး ဒေါ်ယဉ်ယဉ်စန်း၊ ဈေးတာဝန်ခံများနှင့် တာဝန်ရှိသူများသည် ဈေးရောင်းသူများ၊ဈေးဝယ်လာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက် မပြန့်ပွားစေရန် ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ လက်အိတ်များ ဝတ်ဆင်ခြင်းများကို နေ့စဉ်ဈေးများတွင် အလှည့်ကျလိုက်လံ စစ်ဆေးလျက်ရှိသည်။

ထို့ပြင် အင်းစိန်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်များအတွင်းရှိ လမ်းများ၊ လူစည်ကားရာနေရာများတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ ရောဂါကာကွယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇွဲထက်ကို (ပြန်/ဆက်)**



(ယာယီ) ကျန်းမာရေးစစ်ဆေးမှုဌာနတွင် ကျန်းမာရေးစစ်ဆေးကုသပေးစဉ်။

## ဆေးကုသမှုခံယူနေသော လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများကို စားသောက်ဖွယ်ရာများ လှူဒါန်း

**ဟိုင်းကြီးကျွန်း ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ တိုက်နယ်ဆေးရုံများ၌ ဆေးကုသမှုခံယူနေကြသော လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ယနေ့နံနက်ပိုင်းက ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်ရွှေထွန်း ဦးဆောင်သော တပ်မတော်သားများက စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။

ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံနှင့် ကျောက်ချောင်းတိုက်နယ်ဆေးရုံတို့တွင် တက်ရောက်ဆေးကုသမှုခံယူနေကြသော လူနာများကို ကြက်သားဆန်ပြုတ်၊ ကြက်ဥပြုတ်များ လှူဒါန်းပေးအပ်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ကြက်ဥနှင့် တပ်မတော်စိုက်ခင်းက ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။

❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။

❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။

❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။

❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။

❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။

❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။

❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။

❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။

❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။

❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အမြို့မြို့အနယ်နယ်၌ လေပြင်းတိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ဧပြီ ၂၁ ရက်မှစတင်၍ လေပြင်းတိုက်ခြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စုစုပေါင်းငွေကျပ် ၅၆၃၆၂၂၀၀ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရင်းဇယားများအရ သိရသည်။

ယခုလ ၂၁ ရက်မှစတင်၍ လေပြင်းတိုက်ခြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ်အတွင်း လူနေအိမ်များ၊ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးနှင့် ဝန်ထမ်းအိမ်ရာများ အမိုးလန်ပျက်စီးခြင်း၊ မှန်တံခါးများ ကွဲအက်ခြင်း၊ လျှပ်စစ်မီးတိုင်ကျိုးပဲ့ပျက်စီးမှုများနှင့် သစ်ကိုင်းကျိုးကျခြင်းများ ဖြစ်ပေါ်ခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစစ်ဆေးတွက်ချက်ကာ စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းစစ်ဆေးဆောင်ရွက်ချက်အရ လူနေအိမ် ၁၂၃ လုံး အမိုးလန်ပျက်စီးမှုအတွက် ငွေကျပ် ၁၇၉၄၅၂၀၀၊ ဘာသာရေးအဆောက်အအုံ သုံးလုံး၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၊ ဌာနဆိုင်ရာအဆောက်အအုံ ရှစ်လုံးအတွက် ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၉၆၃၀၀၀၀ နှင့် လျှပ်စစ်မီးတိုင်နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၉၆၃၀၀၀၀ ရှိကြောင်း သိရသည်။

ယခုဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေများရရှိနိုင်ရေး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက အထက်ဌာနများသို့ စာရင်းဇယားများ ပေးပို့ဆောင်ရွက်ထားကြောင်းနှင့် ခွင့်ပြုမိန့်ကျလာပါက အလျင်အမြန် ထောက်ပံ့ကူညီဆောင်ရွက်မည် ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**ကျော်ကျော်ထွေး (ပြန်/ဆက်)**



မိုးညှင်းမြို့နယ်၌ လေပြင်းတိုက်မှုကြောင့် သစ်ပင်များ ကျိုးကျနေမှုကို တွေ့ရစဉ်။

**မိုင်းဆတ်**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့၌ ဧပြီ ၂၃ ရက်က လေပြင်းတိုက်မှုကြောင့် နေအိမ် ၁၄ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်မှုကြောင့် မိုင်းဆတ်မြို့နယ်အတွင်းရှိ မယ်ပုလုံကျေးရွာအုပ်စု မယ်ကျန်းကျေးရွာ (“ဝ”အထူးဒေသ-၂နယ်မြေ) တွင် သွပ်မိုးအုတ်ညှပ်နေအိမ် နှစ်လုံးနှင့် သွပ်မိုးဝါးထရံကာနေအိမ် ကိုးလုံး၊ မအို့ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာတွင် အုတ်ညှပ်၊ သွပ်မိုး တစ်ထပ်အိမ် တစ်လုံး၊ ဆန်ကန်ကျေးရွာအုပ်စု ဟိုဟွေ့ကျေးရွာတွင် သွပ်မိုး၊ဝါးထရံကာနေအိမ်တစ်လုံးနှင့် သက်ငယ်မိုး၊ ဝါးထရံကာနေအိမ်တစ်လုံး၊ လားဟူစာပေနှင့် ယဉ်ကျေးမှုခန်းမတို့ အမိုးလန် ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း၊ လေဘေးသင့်ပြည်သူများကို နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ခေတ္တနေရာချထားပေးကြောင်း သိရသည်။

**မြင့်မောင် (ပြန်/ဆက်)**

**ကနီ**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း ဧပြီ ၂၃ ရက်က လေပြင်းတိုက်မှုကြောင့် မျှိုင်းကျေးရွာအုပ်စု မျှိုင်းတောရွာ နေအိမ်တစ်လုံးအမိုးများ လန်သွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး လေဘေးသင့်ခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

**ခင်ဝင်းကြည်(ပြန်/ဆက်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဦး (သံတွဲ)

B.E. (Civil)
ဒု - ညွှန်မှူး (ငြိမ်း)
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာန
အသက် (၇၁)နှစ်

သံတွဲမြို့၊ ရွာသစ်ရပ်နေ (ဦးသိန်းမောင် - ဒေါ်သန်းမြင့်) တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်နွဲ့နွဲ့အေး၏ ခင်ပွန်း၊ မသန္တာဦး၊ ကိုမိုးဇက်၊ (ကိုအောင်ကိုကိုဦး) တို့၏ ဖခင်၊ မြေး သုံးယောက်တို့၏ အဘိုး၊ သူငယ်ချင်း ကိုကျော်ဦး ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဇနီး ဒေါ်ခိုင်နွယ်ဦး မိသားစု
ပြန်ကြားရေးဝန်ကြီးဌာန

---

## ဒုတိယဗိုလ်မှူးကြီးထွေးမောင်(ငြိမ်း)

ကြည်း ၁၁၁၆၅၊ OTS အမှတ်စဉ်(၃၆)
အသက် (၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရတနာမွန် (၃)လမ်း၊ ရတနာမွန် အိမ်ရာ၊ တိုက် (၁၆)၊ အခန်း(၂၀၁)နေ (ဦးဘိုးကျင်-ဒေါ်မယ်အုံ)တို့၏သား၊ (ဒေါ်မြစန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇော်ထွေး-ဒေါ်ဆွေဇင်ထွန်း၊ ဒုတိယဗိုလ်မှူးကြီး ရဲဇော်ထွေး-ဒေါက်တာဝင်းပပအောင်၊ ဦးမိုးဇော်ထွေး-ဒေါ်အိသွယ်မိုးတို့၏ဖခင်၊ မချိုလှဲ့နွယ်နှင့် မောင်မျိုးသန့်စင်တို့၏အဘိုးသည် ၂၅-၄-၂၀၂၀ရက်(စနေနေ့) ညနေ ၆နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)၌ ဇွဲပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ ရက်(တနင်္လာနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးရဲဇော်ထွေး - ဒေါက်တာဝင်းပပအောင် တို့၏ ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးထွေးမောင်(ငြိမ်း)သည် ၂၅-၄-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**
**တပ်မတော်နည်းပညာတက္ကသိုလ်**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးသိန်းဝင်း (အထက်တန်းရှေ့နေ)

ကျွဲပွဲမြို့၊ အုတ်တွင်းမြို့နယ်
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဗဟိုအလုပ်အမှုဆောင်
ဥက္ကဋ္ဌ-အုတ်တွင်းမြို့နယ် ဥပဒေအထောက်အကူပေးရေးအဖွဲ့
ဥက္ကဋ္ဌ-အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးကော်မတီ
ဥက္ကဋ္ဌ-တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အုတ်တွင်းမြို့နယ်
အသက်(၆၆)နှစ်

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ ဈေး(၂)ရပ်ကွက်၊ အမှတ်(၃)နေ (ဦးအောင်ထွေး-ဒေါ်အေးမြင့်)တို့၏သား၊ ဒေါ်နွဲ့နွဲ့ကြည်(မြရတနာပွဲရုံ)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးသော်ဇင်ဝင်း(ငြိမ်း)-Dr.ခင်သီတာဝင်း၊ ဦးပိုင်ဇင်ဝင်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်သန္တာဦး (အထက်တန်းပြ-ကျွဲပွဲမြို့)၊ ဗိုလ်ကြီးကောင်းထိုက်(တဆသ)-ဒေါ်မေဇင်ဝင်း(မေစတိုး)၊ ဦးအာကာဝင်းတို့၏ဖခင်၊ မောင်ကောင်းခန့်သော်ဇင်၊ မသုသုသော်ဇင်၊ မရွှန်းထိုက်အိန္ဒြာ၊ မောင်နေပိုင်ခေတ်ဦးတို့၏အဘိုး သတင်းထောက် ဦးသိန်းဝင်းသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၉:၁၅ နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျွဲပွဲမြို့နယ်နေအိမ်မှ ကျွဲပွဲအရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## သတင်းထောက်ဦးသိန်းဝင်း (ကျွဲပွဲမြို့)

အသက်(၆၆)နှစ်

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့နေ ဒေါ်နွဲ့နွဲ့ကြည်(မြရတနာပွဲရုံ)၏ခင်ပွန်း၊ ရေးဖော်ရေးဖက် ချစ်သူငယ်ချင်း သတင်းထောက် ဦးသိန်းဝင်း(အထက်တန်းရှေ့နေ) သည် ၂၄-၄-၂၀၂၀ရက်က ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးသိန်းဝင်းကောင်းရာသုဂတိလားပါစေ။

**သတင်းစာဆရာ ဦးကျော်လှ(သား)ကိုဝင်းကျော်နှင့်သမာဓိမိသားစု**
**ကုန်သည်ကြီးလမ်း၊ တောင်ငူမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဝင်း(ကျွဲပွဲ)

မေမြို့ T.H.S(1973), E.T.E.C(Civil),
HGP ဥက္ကဋ္ဌ၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊
အုတ်တွင်းမြို့နယ်၊
ဥက္ကဋ္ဌ၊ အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးကော်မတီ၊
ဒုတိယဥက္ကဋ္ဌ၊ မေမြို့ T.H.S အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
အသက်(၆၆)နှစ်

မေမြို့ T.H.S ကျောင်းသားဟောင်းများ၏ လေးစားရပါသော ဆရာ/ဆရာမများ၏အကျိုးကို အထူးကြိုးပမ်းခဲ့ပါသော ဦးသိန်းဝင်း(၁၉၇၃)သည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၉:၁၅နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကောင်းမြတ်သောဘုံဘဝသို့ အမြန်ဆုံးရောက်ရှိပါစေ။

**မေမြို့ T.H.S ဆရာ/ဆရာမများ၊ ကျောင်းသားဟောင်းများနှင့် အာစရိယပူဇော်ပွဲ**
**ဖြစ်မြောက်ရေးကော်မတီအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း) အသက်(၈၄)နှစ်

ကြည်း-၈၄၃၆
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စက်မှုလယ်ယာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန

မန္တလေးမြို့၊ ကျွဲဆည်ကန်၊ ချမ်းမြသာယာရပ်ကွက်(၅)လမ်း၊ အမှတ်(ဃ/၆၄)နေ ဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း)(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)သည် ၂၂-၄-၂၀၂၀ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**
**အငြိမ်းစားနှင့်ဝန်ထမ်းဟောင်းများအသင်း**

---

## ဒေါ်ခင်သန်းစု (B.Sc, Dip Ed)

စီမံကိန်းမှူး(ငြိမ်း)ပညာရေးစီမံကိန်းဌာနခွဲ
အခြေခံပညာဦးစီးဌာန
အထပြ(ငြိမ်း)၊ အထက(၁)ကမာရွတ်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်း (အထက်)၊ အမှတ်(၄၂၁)နေ ဦးဘိုကြီး၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ဝင်းခိုင်-ဒေါ်ဇင်ဝါမေ၊ ဒေါ်ခင်လေးဖြူ၊ ဦးသန်းထွန်းနိုင်-ဒေါ်မြသီတာတို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၅-၄-၂၀၂၀ရက် နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်များနှင့်ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၀ရက် (သောကြာနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်တင်တင်အောင်

အသက်(၈၂)နှစ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ(၁၆)လမ်း၊ အမှတ်(၈၄၀)နေ [ဦးဖေအောင်(ကာကွယ်ရေးအတွင်းဝန်)-ဒေါ်မမကြီး]တို့၏သမီး၊ ဦးဝင်းကို-ဒေါ်ခိုင်ရွှေဝါ၊ ဦးကျော်သူစိုး-ဒေါ်တိုးရွှေဝါ၊ ဦးတင်ထွန်းအောင်-ဒေါ်ဝေသဇင်မျိုး၊ ဒေါ်မေခက်ဝါတို့၏မိခင်၊ မဖြိုးဟေမာဝင်းကို၊ မောင်အောင်မျိုးကျော်၊ မစိုးရတနာတိုး၊ မဇင်ယုယထွန်း၊ မောင်မြင့်ကျော်သူတိုး၊ မယွန်းနဒီအောင်တို့၏အဘွားသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) ည ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သိန်း

မြန်မာ့ကုန်တိုက်၊ ကုန်သွယ်ရေးဦးစီးဌာန-ငြိမ်း
အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၄)လမ်း၊ အမှတ်(၁၀)၊ ပထမထပ်နေ ဦးကျော်သိန်း(စီးပွားကူးသန်း၊ မြန်မာ့ကုန်တိုက်-ငြိမ်း)၏ဇနီး၊ ကိုမိုးကျော်-မစန္ဒာရှိန်၊ ကိုမျိုးကျော်-မမိုးကြည်ဖြူ (မဇင်ဇင်ကျော်)၊ မဥမ္မာကျော်တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၀-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ (၂၄)လမ်း၊ တြိရတနာဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## Captain ဦးလှဦး

အသက်(၆၇)နှစ်
(75/Eco)
MT SINGA BERLIAN

မော်လမြိုင်မြို့၊ မောင်ငံအလယ်တန်းရပ်နေ (ဦးတင်ဦး-ဒေါ်လှသိန်း) တို့၏သားကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးထူးစိန်-ဒေါ်ဖွားညွှန့်)တို့၏ သားသမက်၊ E-3၊ ဓမ္မဒါနလမ်း၊ နတ်ချောင်း တာမွေမြို့နယ်နေ ဒေါ်ယုဇန(79/Eco)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုဝေနွယ် (Bo Aung Kyaw-MPT)၏ ကျေးဇူးရှင်ဖခင်၊ ဦးလှဦး (75/Eco)သည် ၂၅-၄-၂၀၂၀ ရက် နံနက် ၈ နာရီတွင် မလေးရှားနိုင်ငံ၌ MT SINGA BERLIAN သင်္ဘောပေါ်တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးကိုကိုအောင်(ခ)ကိုဖက်တီး

Hi Internet
အသက် (၄၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် (၈၁)နေ (ဦးအောင်သန်း)-ဒေါ်သန်းငွေးတို့၏သား၊ မခိုင်ခိုင်ဦး၏မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၁)ရပ်ကွက်၊ အမှတ် (၂၅၁/ခ)၊ မြဝတီလမ်းနေ ဦးသန်းထွန်း-ဒေါ်တင်စောတို့၏ သားသမက်၊ ဒေါ်သိန်းသိန်းဦး ၏ချစ်လှစွာသော ခင်ပွန်းသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁:၄၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးပေါ်ထွန်း

အသက်(၈၆)နှစ်
('ပန်းရိုးမ' လျှပ်စစ်နှင့်ကုန်မာရောင်းဝယ်ရေး)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၁၃၈) (ပထမထပ်)၊ ရွှေတိဂုံဘုရားလမ်းတွင်နေထိုင်သော (ဦးထွန်းတင်-ဒေါ်အေးတင်)တို့၏သားကြီး၊ ဒေါ်ညွှန့်စိန်(ပန်းရိုးမ လျှပ်စစ်နှင့် ကုန်မာရောင်းဝယ်ရေး)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးတင်ထွန်းဦး-ဒေါ်မိုးမိုးသန့်၊ (ရဲအုပ်သိန်းဝင်းနိုင်-ဒေါက်တာစိုးစိုးသန့်)၊ (ကိုမြတ်မိုးထွန်း)တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဒေါက်တာဆုလှဲ့ဇင်၊ မရွှန်းလဲ့ဖြူ၊ မရွှေယမင်းဦး၊ မဆောင်းနှင်းဖြူတို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၅-၄-၂၀၂၀ ရက် (စနေနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၄-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲပိုင်းတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းဝင်း(သူရဲသမိန်)

ပေါင်းလောင်းအသင်း၊ စိတ်ပညာကျောင်းသူဟောင်း(၁၉၆၉)
အသက် (၇၂)နှစ်

(ဦးသာဟန်-ဒေါ်နှင်းရှင်)တို့၏သမီး၊ (ဦးထွန်းရှင်-ဒေါ်ပို)တို့၏ချွေးမ၊ (ဦးဆန်း) ၏ ဇနီး၊ (ဦးအောင်ဖေ-ဒေါ်သိန်းကြွယ်)၊ (ဦးအုန်း-ဒေါ်သိန်းနွဲ့)၊ (ဦးကျော်သိန်း- ဒေါ်တင်)၊ (ဦးစံသိန်း-ဒေါ်စန်းမြင့်)၊ (ဦးမြင့်သိန်း-ဒေါ်စန်းတင့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ် (၅)လမ်း၊ အမှတ် (၄၆)နေ ကပ္ပတိန် ဇော်ထွန်း-ဒေါ်ခင်ကေသီဆန်း (Mercure Yangon Kaba Aye)၊ (မောင်သစ်လွင်မောင်)တို့၏ မိခင်ကြီး၊ မောင်ဝေယံထွန်း၊ မောင်တေဇထွန်းတို့၏ အဘွားသည် ၂၅-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၅:၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ အကွက်အမှတ် (၃၀/ခိုလောင်းရပ်)၊ ဦးပိုင်အမှတ် (၆/ဃ)၊ ဧရိယာ ၀ဒသမ၁၀၈ဧကေ၊ အမှုတွဲအမှတ် ၂၇၁-၅/၂၀၁၂-၂၀၁၃(အေ)၊ ဦးရင်ဟုံပင်း ၁၃/လရန(နိုင်)၀၅၄၂၁၈ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား ဦးရင်ဟုံပင်းမှ သားဖြစ်သူ ဦးရင်ကွာဟွာ ၁၃/လရန(နိုင်)၀၅၃၇၇၂သို့ စာချုပ်အမှတ် ၁၁၀၊/၂၀၂၀ ဖြင့် အပြီးအပိုင်ပေးကမ်းခဲ့ပြီးဖြစ်၍ ဦးရင်ကွာဟွာအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့၊ အမှတ် ၃ ရပ်ကွက်နေ (ဦးမောင်လင်း)-ဒေါ်ခင်လှရီ ၈/ဆမန(နိုင်)၀၀၈၃၁၃ တို့၏သား မောင်ထွန်းလင်း ၈/မမန(နိုင်)၂၄၅၂၉၇ သည် မိဘစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ခင်လှရီ**

---

## Myanmar Tatung Company Limited

မြန်မာတာ့ထုံ ကုမ္ပဏီလီမိတက်

၂၀၁၉ စက်တင်ဘာလ ၃၀ ရက်နေ့ ၌ ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ Myanmar Tatung Company Limited(မြန်မာတာ့ထုံ ကုမ္ပဏီ လီမိတက်) အား (၃၀.၉.၂၀၁၉)မှစ၍ မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးစိန်ဝင်း (B.Com,R.A,CPA) အားတရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်ထားပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ မှ ရရန် နှင့် ပေးရန် ရှိသည် များကို အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ ထံ တောင်းခံခြင်း နှင့် ပေးသွင်းခြင်းများကို ဆက်သွယ် ဆောင်ရွက် နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

Wang His Sheng
Director
(Authorized Person)
Myanmar Tatung Company Limited
မြန်မာတာ့ထုံ ကုမ္ပဏီလီမိတက်

ဦးစိန်ဝင်း(B.Com,RA,CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ
01-400164

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရက်ကွက်(၈)၊ အကွက်အမှတ်(၂၆/လုံလေ့ရပ်)၊ ဦးပိုင်(၉/ဃ ၁)၊ ဧရိယာ (၀ဒသမ၁၆၉)ဧကရှိ အမှုတွဲအမှတ် ၃၄၀-၅/၂၀၀၉-၂၀၁၀(အေ)ဖြင့် ဒေါ်ကျိန်မေလင့် အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ဒေါ်ကျိန်မေလင့်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးကျန်ကျုံးဖူမှ မြို့နယ်စာချုပ်စာတမ်းအမှတ်(၉၈၊/၂၀၂၀)ဖြင့် ဦးကျန်းလော်ချိန် ၁၃/လကန(နိုင်)၀၀၆၂၈၁ ထံသို့ ရောင်းချပြီးဖြစ်၍ ၎င်းမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရက်ကွက်(၈)၊ အကွက်အမှတ်(၂၆/လုံလေ့ရပ်)၊ ဦးပိုင်(၉/ဃ ၂)၊ ဧရိယာ (၀ဒသမ၁၆၅)ဧကရှိ အမှုတွဲအမှတ် ၁၆၁-၅/၂၀၁၂-၂၀၁၃(အေ)ဖြင့် ဒေါ်ကျိန်မေလင့်-မောင်ထင်လင်း အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ဒေါ်ကျိန်မေလင့်-မောင်ထင်လင်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးကျန်ကျုံးဖူမှ မြို့နယ်စာချုပ်စာတမ်းအမှတ် (၉၉၊/၂၀၂၀)ဖြင့် ဦးကျန်းလော်ချိန် ၁၃/လကန(နိုင်) ၀၀၆၂၈၁ထံသို့ ရောင်းချပြီးဖြစ်၍ ၎င်းမှ အမည်ပြောင်းမြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် ၅၉၊ အခန်း ၁၀၂နေ ဦးလှမြင့်-မကုလားမတို့၏သား မောင်ဝင်းထွန်း ၁၄/ညတန(နိုင်)၁၂၆၀၅၀သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်း မရှိသည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစပြီး အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်း၏အရှုပ်အရှင်းကိစ္စအဝဝသည် မိဘ၊ ညီအစ်ကို မောင်နှမများနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးလှမြင့်-မကုလားမ**

---

## သစ်ပင်
## နည်းလာ
## တို့ကမ္ဘာ
## လွန်စွာ
## ပူအေး
## ဥတုဘေး

# ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ်၊ ၄၃/၂၀၂၀**

**၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၄ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် အချို့သောမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) မင်္ဂလာဒုံမြို့နယ်၊
(ခ) တာမွေမြို့နယ်၊
(ဂ) ဗိုလ်တထောင်မြို့နယ်။

၃။ အဆိုပါ မြို့နယ် ၃ မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများ မပါ)
(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာသွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း(mask) တပ်ရန်၊
(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊
(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန် ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၅-၄-၂၀၂၀ ရက်၊ ည ၁၀:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ » ၁၅

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် အမျိုးသားမှတ်ပုံတင်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်လျက်ရှိသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ပေါင်မြို့နယ်တွင် ဧပြီ ၃၀ ရက်နောက်ပိုင်း ပြန်လာမည့် နေရပ်ပြန် ၅၀၀ ခန့်ကို ကန့်သတ်ထားရှိရန် နေရာလေးနေရာ စီစဉ်ထား

ပေါင် ဧပြီ ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ဧပြီ ၃၀ ရက်နောက်ပိုင်း ပြန်လာမည့်နေရပ်ပြန် ၅၀၀ ကို အသွားအလာကန့်သတ်မှုထားရန်အတွက် နေရာလေးနေရာ စီစဉ်ပေးထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"လောလောဆယ်တော့ ပေါင်မြို့နယ်မှာဆိုလို့ရှိရင် နေရပ်ပြန်တွေအတွက် နေရာလေးနေရာ စီစဉ်ပေးထားတယ်။ အဲဒီနေရာလေးနေရာမှာ လူဦးရေ ၅၀၀ နေထိုင်ဖို့ စီစဉ်ပေးထားတယ်။ နောက်ပြီးတော့ ဒီ အ.ထ.က ပေါင်ကျောင်းမှာက လူဦးရေ ၂၀၀ နဲ့ ကျန်တဲ့ကျောင်းသုံးကျောင်းမှာတော့ လူဦးရေ ၁၀၀ စီစဉ်ပေးထားပါတယ်။ လာမယ်ဆိုရင် သူတို့နေဖို့ ထိုင်ဖို့ရယ်၊

စာမျက်နှာ ၉ ကော်လံ ၁ ❖

## ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကာလအတွင်း ရေထွက်ပစ္စည်းများ ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့တင်ပို့လျက်ရှိ


ကော့သောင်း ဧပြီ ၂၅

ကိုဗစ်–၁၉ ရောဂါထိန်းချုပ်မှုကာလအတွင်း တနင်္သာရီတိုင်းအတွင်းရှိ မြို့များမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများအား ကော့သောင်းခရိုင် ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချမှု ယခုရက်ပိုင်းအတွင်း ပိုမိုများပြားလျက်ရှိကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

နိုင်ငံနှင့်အဝန်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး တနင်္သာရီတိုင်းအတွင်း ထိုင်းနိုင်ငံသို့ ကုန်စည်ကူးသန်းရောင်းဝယ်ရာ နယ်စပ်ဂိတ်များ ဖြစ်သည့် ထားဝယ်ခရိုင် ထီးခီးနယ်စပ်ဂိတ်နှင့် မြိတ်ခရိုင် မောတောင်နယ်စပ်ဂိတ်များကို ပိတ်သိမ်းထားပြီး နှစ်နိုင်ငံအပြန်အလှန်ကုန်စည် တင်ပို့ရောင်းချမှုလုပ်ငန်းများကို မြန်မာနိုင်ငံ ကော့သောင်းခရိုင်နှင့် ထိုင်းနိုင်ငံ နနောင်းစဖန်ပလားနယ်စပ်ဂိတ်တစ်ခုတည်းမှ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ကုန်စည်တင်ပို့ရောင်းချ ခွင့်ပြုထားခြင်းဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များဖြစ်သည့်

စာမျက်နှာ ၉ ကော်လံ ၅ ●





## ဒါးလော့အား ပီအက်စ်ဂျီအသင်းသို့ ရောင်းချရန် မန်ယူစီစဉ်

မန်ယူအသင်းသည် ပေါ်တူဂီခံစစ်ကစားသမား ဒါးလော့ (၂၁နှစ်) ကို ပီအက်စ်ဂျီအသင်းသို့ ရောင်းချရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဒါးလော့သည် ၂၀၁၈ ခုနှစ် နွေရာသီတွင် ပေါ်တိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာသူဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီတွင် ပေါင်သန်း ၅၀ ဖြင့် မန်ယူအသင်းသို့ ဝမ်ဘစ်ဆာကာ ရောက်ရှိလာခြင်းနှင့်အတူ အသက် ၂၁ နှစ်အရွယ် ညာခံစစ်ကစားသမား ဒါးလော့၏ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေခြင်းဖြစ်သည်။ မန်ယူအသင်း၌ ပုံမှန်ပွဲကစားခွင့်ရရန် ရှန်းကန်နေရသော ဒါးလော့အား ပီအက်စ်ဂျီအသင်းက ရာသီကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော မတ်စ်မူနီယာ၏ နေရာကို အစားထိုးလိုနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဒါးလော့ကို ပေါင် ၃၁ ဒသမ ၆ သန်းဖြင့် ပီအက်စ်ဂျီအသင်းကို ရောင်းချဖွယ်ရှိကြောင်း သိရသည်။ ပီအက်စ်ဂျီအသင်းသည် ဒါးလော့၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေသည်။ မန်ယူအသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းသည် သုံးနှစ် ကျန်ရှိနေသေးသည်။ ဒါးလော့သည် မန်ယူအသင်း၌ ပြိုင်ပွဲအရပ်ရပ် ၁၀ ပွဲသာ ပါဝင်ကစားထားသူဖြစ်သည်။

အိုလေဂန်းနား ဆိုးလ်ရှားသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ဒါးလော့နှင့်အတူ ခရစ္စမောလင်း အပါအဝင် ဖီးဂျုံးစ်၊ လင်ဂတ်၊ ပါရဲရားနှင့် ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ပေါ့ဂ်ဘာတို့အား ရောင်းထုတ်ရန် ပြင်ဆင်နေပြီး အသင်းကို ပြန်လည်ပြင်ဆင်ရန် စီစဉ်နေခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ❍

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ ဧပြီ ၂၆၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် အမျိုးသားမှတ်ပုံတင်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်လျက်ရှိသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ခင်ရတနာ၊ ဇင်ဦး၊ ဓာတ်ပုံ - သီဟစည်သူ၊ သော်တာဝင်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားများ၏ အရေးကိစ္စအဝဝအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံသားအထောက်အထားများ၊ တိကျသည့် လူသားအရင်းအမြစ် စာရင်းဇယားများကို ပြုစုပေးလျက်ရှိသည့် ဝန်ကြီးဌာနတစ်ခု ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာဖြတ်သန်းမှုများတွင် ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များကို တိုးမြှင့်ကာ အလုပ်သမားများအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်ကို မြင်တွေ့ရသည်။

ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲမှုများ၊ ဦးစားပေး လုပ်ငန်းစဉ်များထားရှိ ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည် -

**မေး ။ ။ စတုတ္ထ (၁) နှစ်တာအတွင်း အလုပ်သမားအရေးကိစ္စနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေအကြောင်း ရှင်းပြပေးပါဦးရှင့်။**

အချပ်ပို(ခ)သို့

> “ ပြည်ပအလုပ်အကိုင်ရရှိမှုအနေနဲ့ ပြည်ပနိုင်ငံ ကိုးနိုင်ငံကို ၂၀၁၈ ခုနှစ်မှာ အလုပ်သမားဦးရေ ၂၂၀၀၀၀ ကျော် စေလွှတ်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ အလုပ်သမား ၂၉၀၀၀၀ ကျော် စေလွှတ်နိုင်ခဲ့တဲ့အတွက် ၇၀၀၀၀ ခန့် ပိုမိုစေလွှတ်နိုင်ခဲ့ပါတယ် ”



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ကမာရွတ်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်အစီအစဉ်နှင့် အလုပ်သမားဥပဒေပြင်ဆင်ရေးအမျိုးသားအဆင့် ပါဝင်သက်ဆိုင်သူများ စတုတ္ထအကြိမ်မြောက် ဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အချပ်ပို (က) မှ**

ဖြေ ။ ။ အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းတွေနဲ့ ပတ်သက်လို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ပြည်တွင်းအလုပ်အကိုင်အတွက် အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးတွေကနေ အလုပ်သမား ၂၆၀၀၀၀ ကျော်ကို အလုပ်အကိုင်ရရှိအောင် ချိတ်ဆက်ပေးနိုင်ခဲ့ပါတယ်။ ယခင်နှစ်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် အလုပ်သမားအရေအတွက် ၆၀၀၀၀ ကျော် အလုပ်အကိုင် ပိုမိုတိုးတက်ရရှိလာခဲ့ပါတယ်။

ပြည်ပအလုပ်အကိုင်ရရှိမှုအနေနဲ့ ပြည်ပနိုင်ငံ ကိုးနိုင်ငံကို ၂၀၁၈ ခုနှစ်မှာ အလုပ်သမားဦးရေ ၂၂၀၀၀၀ ကျော် စေလွှတ်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ အလုပ်သမား ၂၉၀၀၀၀ ကျော် စေလွှတ်နိုင်ခဲ့တဲ့အတွက် ၇၀၀၀၀ ခန့် ပိုမိုစေလွှတ်နိုင်ခဲ့ပါတယ်။ ဒါ့ပြင် ထိုင်း၊ မလေးရှားနဲ့ ကိုရီးယားနိုင်ငံတို့မှာ အလုပ်သမားသံအရာရှိတွေ ခန့်အပ်ထားပြီး အလုပ်သမားရေးရာ ကိစ္စရပ်တွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေဖို့ ရည်ရွယ်ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနဲ့ ပြည်တွင်း၊ ပြည်ပကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ရှစ်ကြိမ်ခန့်ကျင်းပခဲ့ပြီး လူဦးရေ ၂၂၅၉ ဦးကို အလုပ်အကိုင်တွေပေးအပ်နိုင်ခဲ့ပါတယ်။

ဂျပန်နိုင်ငံမှာရှိတဲ့ သက်ကြီးရွယ်အိုနဲ့ နာမကျန်းသူများ စောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်စေလွှတ်ခွင့်ပြုခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ၉၆၂ ဦး စေလွှတ်ခဲ့ပြီး ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံကို အိမ်တွင်းအထောက်အကူလုပ်သားတွေ စေလွှတ်နိုင်ရေးအတွက် ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နဲ့ စင်ကာပူအေဂျင်စီအဖွဲ့ချုပ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဖို့ ပြင်ဆင်နေပါတယ်။

**မေး ။ ။ ရွှေ့ပြောင်း လုပ်သားတွေအတွက် လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှု ဖြစ်လာဖို့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

ဖြေ ။ ။ ရွှေ့ပြောင်းအလုပ်သမားများ ကူညီထောက်ပံ့ရေးဗဟိုဌာန (MRC) ရုံးတွေကို ၂၀၁၉ ခုနှစ်အတွင်း တာချီလိတ်မြို့နဲ့ ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ဟသ်ာတမြို့တို့မှာ ရုံးသစ်တစ်ရုံးစီကို ILO နဲ့ IOM တို့ ပူးပေါင်းဖွင့်လှစ်ပေးခဲ့လို့ ယခုအခါ ၁၆ ရုံးခန့်ရှိပါပြီ။ ဆက်လက်ပြီး ရွှေ့ပြောင်းအလုပ်သမားတွေ အများဆုံးသွားရောက်တဲ့ ဒေသတွေဖြစ်တဲ့ မြဝတီ၊ မြစ်ကြီးနားနဲ့ မြိတ်မြို့တို့မှာ IOM နဲ့ ပူးပေါင်းပြီး ဖွင့်လှစ်တာရှိပါတယ်။ ထပ်မံပြီး လွိုင်ကော်၊ အောင်လံနဲ့ မိုးညှင်းမြို့တွေမှာ ILO နဲ့ ပူးပေါင်းဖွင့်လှစ်ဖို့ လျာထားပါတယ်။ ဒါမှ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေကို ပိုမိုကူညီထောက်ပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ကျွမ်းကျင်လုပ်သားတွေကို စံနှုန်းသတ်မှတ်ဆောင်ရွက်တာနဲ့ ပတ်သက်ပြီး ဘယ်လိုစံသတ်မှတ်ပြီး စစ်ဆေးအကဲဖြတ်နေတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ ။ ။ မြန်မာနိုင်ငံသားများ ကျွမ်းကျင်မှုသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ “စံ” ဖြစ်တဲ့ NSSA ကို အမျိုးသားအဆင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနတွေကနေ အလုပ်အကိုင်အမျိုးအစား ၂၅ မျိုးအတွက် ကျွမ်းကျင်လုပ်သားအဆင့်(၁)တွင် ၃၄၂၅ ဦးနဲ့ ကျွမ်းကျင်မှုအဆင့်(၂) တွင် ၂၆၉ ဦး စုစုပေါင်း ၃၆၉၄ ဦး ကို အောင်မြင်အောင်သင်ကြားပေးပြီး ယခုနှစ်အတွင်းမှာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ဆောင်ရွက်နေမှုတွေကို ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ အနည်းဆုံးအခကြေးငွေကို (၂)နှစ်တစ်ကြိမ်သတ်မှတ်ဖို့ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ သတ်မှတ်ကာလအတွင်း အချိန်မီပြင်ဆင် သတ်မှတ်နိုင်ဖို့အတွက် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီတွေအနေနဲ့ စာရင်းစစ်တမ်းကောက်ယူနေပြီး အလုပ်ရှင်တွေကပေးနိုင်တဲ့နှုန်းထားနဲ့ အလုပ်သမားတွေကတင်ပြထားတဲ့ နှုန်းထားတွေကို လေ့လာဆန်းစစ်ပြီး အဆင့်ဆင့် တွက်ချက်နေပါတယ်။ သတ်မှတ်သင့်တဲ့ အနည်းဆုံး အခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီသို့ ပြန်လည်တင်ပြရန် အကြောင်းကြားထားပြီး အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး အမျိုးသားကော်မတီအစည်းအဝေးကို ကျင်းပပြီး ဆက်လက်ဆောင်ရွက်သွားမှာပါ။

**မေး ။ ။ လုပ်သားအင်အားစာရင်း စစ်တမ်းကောက်ယူမှု အခြေအနေတွေကို သိပါရစေ။**

ဖြေ ။ ။ လုပ်သားအင်အားစာရင်း စစ်တမ်းကောက်ယူခြင်းတွေကို ၂၀၁၇ ခုနှစ်ကနေ စတင်ပြီး ရာသီအလိုက် အလုပ်အကိုင်ခုနှစ်ခုကနေ စတင်ကောက်ယူခဲ့တာပါ။ နှစ်စဉ်တစ်နှစ်လျှင် နှစ်ကြိမ် နိုင်ငံတော်ဘတ်ဂျက်နဲ့ ကောက်ယူနေပါတယ်။ စာရင်းဇယားတွေကို မိမိတို့ဌာနတွင် မဟုတ်ဘဲ အခြားဆက်စပ်ဝန်ကြီးဌာနတွေရဲ့ လိုအပ်တဲ့ စာရင်းဇယားတွေကိုပါ ပုံမှန်ကောက်ယူပြီး နိုင်ငံတော်ရဲ့စာရင်းဇယားအဖြစ် ဖြည့်ဆည်းပေးနေပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) နဲ့ ပူးပေါင်းပြီး အလုပ်သမားအရေးကိစ္စ ဆောင်ရွက်နေမှုတွေကို သိချင်ပါတယ်။**

ဖြေ။ ။ ဝန်ကြီးဌာနက ILO နဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက် နေပါတယ်။ နှစ်စဉ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် မြန်မာကိုယ်စားလှယ်အဖွဲ့က ပုံမှန် တက်ရောက်ပြီး တင်ပြဆွေးနွေးလျက်ရှိပါတယ်။ ထူးခြားချက်အနေနဲ့ မြန်မာနိုင်ငံက ILO ရာပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ အဓိက ပြဋ္ဌာန်းချက် ရှစ်ခုအနက် အငယ်ဆုံးအသက် ပြဋ္ဌာန်းချက်အမှတ် – ၁၃၈ (၁၉၇၃) (Minimum Age Convention No.138, 1973) ကို လက်ခံကျင့်သုံးဖို့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ထောက်ခံချက်ရတဲ့အတွက် ပြည်သူ့လွှတ်တော်မှာ တင်ပြသဘောတူ အတည်ပြုခဲ့ပြီးဖြစ်လို့ မကြာမီ လက်ခံကျင့်သုံးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေအစီအစဉ် {Decent Work Country Programme – DWCP (2018–2021)} ကို အကောင်အထည်ဖော်ဖို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၁ ရက်မှာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်တွေနဲ့ ILO တို့ MoU လက်မှတ်ရေးထိုးပြီး ဦးစားပေးလုပ်ငန်းစဉ်(၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ Action Plan ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မူဝါဒချမှတ်ဖို့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို ဝန်ကြီးဌာန ၁၆ ခုနဲ့ ဖွဲ့စည်းထားပါတယ်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အပါအဝင် ကိုယ်စားလှယ် ၂၆ ဦး ပါဝင်ပါတယ်။ လက်ရှိမှာ အမျိုးသားအဆင့် အစမ္ပခိုင်းစေမှု တိုင်ကြားမှုယန္တရား(NCM)ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ အစမ္ပခိုင်းစေမှုတွေနဲ့ ပတ်သက်ပြီး မည်သူမဆို တိုင်ကြားနိုင်ကြောင်း အများပြည်သူကို အသိပေးထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

**မေး ။ ။ ဥပဒေပြင်ဆင်ခြင်းတွေ၊ အသစ်ရေးဆွဲခြင်းလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။ လက်ရှိမှာ အလုပ်သမားရေးရာနဲ့ သက်ဆိုင်တဲ့ ဥပဒေ ခုနစ်ခု ကျင့်သုံးလျက်ရှိပါတယ်။ ဒီနေရာမှာ ခေတ်ကာလနဲ့ လျော်ညီအောင် ပြင်ဆင်တာ၊ ဖျက်သိမ်းပြီး အသစ်ရေးဆွဲတာတွေ ရှိပါတယ်။ နိုင်ငံခြားသား အလုပ်သမားဥပဒေ(မူကြမ်း)ကို ဥပဒေအသစ်ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကို အကြံပြုချက်တွေ တောင်းခံထားပြီး ဝန်ကြီးဌာနအနေနဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှာ တင်ပြထားပြီး ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေပြင်ဆင်ရေးမှာ အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေ၊ အလုပ်ရှင်တွေရဲ့ လိုလားချက်တွေကို အလေးထားစဉ်းစားပြီး နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ လျော်ညီစေဖို့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်တွေ ပါဝင်တဲ့ အလုပ်သမားရေးရာဥပဒေများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG–LLR) ဖွဲ့စည်းပြီး ပြင်ဆင်နိုင်ရေး ညှိနှိုင်းရေးဆွဲလျက်ရှိပါတယ်။

**မေး ။ ။ လူမှုဖူလုံရေးအဖွဲ့ကနေ အလုပ်သမားတွေအတွက် အကျိုးရှိစေမယ့် လူမှုဖူလုံရေး စောင့်ရှောက်မှုတွေအကြောင်းကို သိလိုပါတယ်ရှင့်။**

ဖြေ။ ။ SSTC အစီအစဉ်အရ ဖွံ့ဖြိုးဆဲ နိုင်ငံအချင်းချင်း လူမှုဖူလုံရေးလုပ်ငန်းစဉ်တွေနဲ့ စပ်လျဉ်းပြီး အတွေ့အကြုံတွေ၊ အခက်အခဲတွေနဲ့ ဗဟုသုတတွေ မျှဝေခြင်းကို ILO နဲ့ ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ကျင့်သုံးနေတဲ့ အာမခံစနစ် နှစ်မျိုးအတွက် အကျိုးခံစားခွင့် ၁၂ မျိုးရှိပြီး စတုတ္ထ (၁) နှစ်တာကာလအတွင်း အကျုံးဝင်အာမခံအလုပ်သမားဦးရေ ၁၄ သိန်းကျော်အတွက် ဆေးကုသမှုကုန်ကျစရိတ်တွေနဲ့ ငွေကြေးအကျိုးခံစားခွင့်အဖြစ် ငွေကျပ် ၁၆ ဘီလီယံနီးပါးကို ဥပဒေနဲ့အညီ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

လူမှုဖူလုံရေးအဖွဲ့အနေနဲ့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်အထိ အလုပ်ဌာနပေါင်း ၃၄၀၀၀ ကျော် ရှိပါတယ်။ အကျုံးဝင်အာမခံအလုပ်သမားပေါင်း ၁၄ သိန်းကျော် ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းအနေနဲ့ လက်ရှိအလုပ်သမားဆေးရုံကြီး သုံးရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခု၊ ဌာနကြီးဆေးခန်း ၆၀၊ လူမှုဖူလုံရေး – ကဲဝဲလ် ဆေးခန်း ငါးခု၊ တိုင်းရင်းဆေးကုခန်းတစ်ခန်းနဲ့ ရွေ့လျားဆေးကုသယာဉ် နှစ်စီးတို့အပြင် ကျန်းမာရေးဝန်ဆောင်မှု ပေးသူနဲ့ ကျန်းမာရေးဝန်ဆောင်မှုဝယ်ယူသူ ခွဲခြားတဲ့စနစ် (Provider Purchaser Split) အသုံးပြုပြီး စမ်းသပ်ဆောင်ရွက်နေတဲ့ ဆေးခန်း ခုနစ်ခန်းတို့အပြင် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်မှာရှိတဲ့ အာမခံအလုပ်သမားတွေကို ဆေးကုသမှုတွေ တိုးချဲ့ဆောင်ရွက်နေပါတယ်။ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးခန်း ၁၂ ခန်းကို အဆင့်မြှင့်တင်ဖို့အတွက် လျာထားဆောင်ရွက်နေပါတယ်။ PPS စနစ်နဲ့ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်မှာ ဆေးခန်းနှစ်ခန်း ထပ်မံဖွင့်လှစ်သွားမှာဖြစ်သလို အခြားဒေသတွေမှာ PPS ဆေးခန်း ဖွင့်လှစ်လိုကြောင်းကို အဆိုပြုတင်ပြလာတဲ့ ဆေးရုံ/ဆေးခန်းတွေနဲ့ ပူးပေါင်းပြီး တိုးချဲ့ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

**ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်**

လူမှုဖူလုံရေးစီမံကိန်းအကြောင်း ပိုမိုသိရှိစေဖို့ အသိပညာပေးခြင်းလုပ်ငန်းတွေကို တိုးမြှင့်နေသလို SSB Mobile Application, SSB Website, SMS တို့နဲ့ ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။ လူမှုဖူလုံရေး အကျုံးဝင်နယ်မြေကို တိုးချဲ့သွားဖို့ရှိပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ မြို့နယ် ၂၁ မြို့နယ်ကို တိုးချဲ့အကျုံးဝင်သတ်မှတ်နိုင်ဖို့ ပြင်ဆင်နေပါတယ်။ အာမခံအလုပ်သမားတွေအတွက် အကျိုးခံစားခွင့်တွေကို ထိရောက်မြန်ဆန်စွာ ပေးနိုင်ဖို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ILO ရဲ့ နည်းပညာအကူအညီနဲ့ ဆောင်ရွက်နေပါတယ်။ သတင်းအချက်အလက်နဲ့ နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း (IT Reform)၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း (Medical Reform)၊ စီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း (Administrative Reform)နဲ့ ဥပဒေရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း (Legal Reform) တွေကို ဆောင်ရွက်နေပါတယ်။

လူမှုဖူလုံရေးအဖွဲ့မှာ အလုပ်ဌာနတွေ အကျုံးဝင်မှတ်ပုံတင်ခြင်း၊ အလုပ်သမားတွေ မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးပေးသွင်းခြင်းနဲ့ ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတွေ ပိုမိုလွယ်ကူစေဖို့ e–Service လုပ်ငန်းတွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရဲ့ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်မှုတွေကို သိချင်ပါတယ်ရှင့်။**

ဖြေ။ ။ အလုပ်ရုံစစ်ဆေးရေး အရာရှိတွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက စက်ရုံ၊ အလုပ်ရုံ တွေမှာရှိတဲ့ အလုပ်သမားတွေအပါအဝင် တာဝန်ရှိသူတွေကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာနဲ့ ဗဟုသုတရရှိစေဖို့ စက်ရုံ၊

**အချပ်ပို (ဂ) သို့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



အချပ်ပို (ခ) မှ

အလုပ်ရုံ ၁၈၃၀ က အလုပ်သမား အရေအတွက် ၃၆၀၀၀ ကျော်ကို သင်တန်း ၁၀၅၈ ကြိမ် ပို့ချနိုင်ခဲ့ပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီး ဥပဒေအာဏာ အသက်ဝင်တာနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် နည်းဥပဒေတွေ ရေးဆွဲလျက်ရှိပါတယ်။

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်အဖြစ် ဒုတိယသမ္မတ ဦးဆောင်တဲ့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီကို ဖွဲ့စည်းထားပြီး အစည်းအဝေး သုံးကြိမ် ကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးတွေကနေ လုပ်ငန်းအဆင့် လုပ်ငန်းစီမံချက် ပထမ (၅) နှစ်စီမံကိန်း(၂၀၁၉ – ၂၀၂၃) နဲ့ ပတ်သက်ပြီး လုပ်ငန်းစီမံချက် (မူကြမ်း)ရေးဆွဲပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလက စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ ကလေးအလုပ်သမားဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့ လုပ်ငန်းအမျိုးအစားများ၊ လုပ်ငန်းခွင်များ စာရင်းအမိန့်ကြော်ငြာစာ (မူကြမ်း) ကို အမျိုးသားအဆင့် သုံးပွင့်ဆိုင် အစည်းအဝေးမှာ ဆွေးနွေးခဲ့ကြပြီး ILO ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းတွေရဲ့ သဘောထားမှတ်ချက်တွေနဲ့ ဌာနအတွင်း ပြန်လည်စိစစ်ရေးဆွဲပြီး လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စက်ရုံ၊ အလုပ်ရုံတွေကို ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေနဲ့ စစ်ဆေးစည်းကြပ်ပေးနေပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီကို ဥပဒေအရ မဖြစ်မနေ ဖွဲ့စည်းခြင်း မဟုတ်ဘဲ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ကို အလုပ်ရှင်၊ အလုပ်သမားတွေ ကိုယ်တိုင်ဆောင်ရွက်နိုင်ရေး စည်းရုံးတိုက်တွန်းပြီး ဖွဲ့စည်းနိုင်ခဲ့တဲ့အတွက် ၂၀၁၉ ခုနှစ် ဧပြီလကနေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီ ၅၆ ဖွဲ့ထပ်တိုး ဖွဲ့စည်းနိုင်တဲ့အတွက် စုစုပေါင်း ကော်မတီ ၁၃၄၁ ဖွဲ့အထိ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။

**မေး ။ ။ အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနရဲ့ အလုပ်သမားရေးရာ အငြင်းပွားမှုတွေကို ဖြေရှင်းပေးနေတာတွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ ။ ။ အလုပ်သမားရေးရာ အငြင်းပွားမှုတွေကို ဖြေရှင်းရာမှာ ဥပဒေက ပြဋ္ဌာန်းထားတဲ့ ပြစ်မှုနဲ့ ပြစ်ဒဏ်တွေကို ခေတ်ကာလနဲ့ လျော်ညီစေဖို့အတွက် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို ၂၀၁၉ ခုနှစ် ဇွန်လမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ နည်းဥပဒေတွေ ထုတ်ပြန်နိုင်ရေးအတွက် နည်းဥပဒေ (မူကြမ်း)ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးခဲ့ပါတယ်။ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တွေမှာ ပါဝင်မယ့် အဖွဲ့ဝင် ကိုယ်စားလှယ်တွေ ရွေးချယ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းတွေ (မူကြမ်း) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ပြီး ဥပဒေ အကြံဉာဏ်နဲ့ သဘောထားမှတ်ချက်တွေ တောင်းခံပြီး ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။

**အလုပ်သမားရေးရာ အငြင်းပွားမှုတွေဖြေရှင်း**

အလုပ်သမားရေးရာ အငြင်းပွားမှုတွေ ဖြေရှင်းပေးရာမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ပေါင်း ၃၂၅ ဖွဲ့ကို ဖွဲ့စည်းထားပြီး ၂၀၁၉ ခုနှစ် ဧပြီလကနေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အငြင်းပွားမှုပေါင်း ၉၄၃ မှုအနက် အမှုပေါင်း ၈၁၀ (၈၆ ရာခိုင်နှုန်း)ကို ပြေငြိမ်းမှုရရှိအောင် ဖျန်ဖြေဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့ကို ဖွဲ့စည်းထားပြီး ၂၀၁၉ ခုနှစ် ဧပြီလကနေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အငြင်းပွားမှုပေါင်း ၁၁၇ မှုအနက် အမှုပေါင်း ၁၀၁ မှု(၈၆ ရာခိုင်နှုန်း)ကို ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ခုံသမာဓိကောင်စီမှာ ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အငြင်းပွားမှုပေါင်း ၃၈ မှု လက်ခံရရှိခဲ့ပြီး ၃၆ မှုကို ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ပါတယ်။



မုဒုံမြို့နယ် နီးပဒေါအထက၌ နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်စဉ်။

အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုတွေကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်ရာမှာ အခြေခံကျတဲ့နေရာမှာရှိနေတာက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖြစ်ပါတယ်။ WCC ကို မြန်မာနိုင်ငံတစ်ဝန်းရှိစက်ရုံ၊ အလုပ်ရုံနဲ့ အလုပ်ဌာနတွေမှာ အဖွဲ့ ၂၅၈၁ ဖွဲ့ ဖွဲ့စည်းခဲ့ပြီး ယခင်နှစ်ကထက် အဖွဲ့ ၁၂၉၀ အထိ တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။

**ရွှေ့ပြောင်းအလုပ်သမားတွေကူညီ**

အိမ်နီးချင်းနဲ့ ပြည်ပနိုင်ငံတွေကို အလုပ်သမားတွေ စေလွှတ်တဲ့နေရာမှာ စနစ်ကျအောင် ပိုမိုပြီး အရေအတွက်အရသော်လည်းကောင်း၊ အရည်အချင်းအရသော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြည်ပရောက် အလုပ်သမားတွေအတွက် ဆိုက်ရောက် နိုင်ငံတွေမှာ သံအမတ်ကြီးတွေနဲ့ သံရုံးဝန်ထမ်းတွေ၊ အလုပ်သမားသံအရာရှိတွေအပြင် အလုပ်သမားရေးရာ ဆောင်ရွက်သူတွေရဲ့ အကူအညီနဲ့ အလုပ်သမားတွေရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်လာပါတယ်။ အဓိကအနေနဲ့ ရွှေ့ပြောင်းအလုပ်သမား တွေ အများဆုံးရှိတဲ့ ထိုင်းနိုင်ငံက မြန်မာအလုပ်သမားတွေကို တရားဝင်လုပ်သား (MOU)တွေအဖြစ် ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် အဲဒီနိုင်ငံမှာရှိတဲ့ အလုပ်သမားဥပဒေနဲ့အညီ အကျိုးခံစားခွင့်တွေ ရရှိလာတာကိုကြည့်ရင် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာကို သိရှိရမှာပါ။

**မေး။ ။ ဝန်ကြီးဌာနအနေနဲ့ ဦးစားပေး ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို သိပါရစေရှင့်။**

ဖြေ ။ ။ လာမယ့်နှစ်မှာ ယခုရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ကြောင့် လုပ်ငန်းရှင်တွေနဲ့ အလုပ်သမားတွေအပေါ် သက်ရောက်လာမယ့် ကိစ္စတွေကို ကြိုတင်ပြီးသုံးသပ်ခဲ့ပါတယ်။ နေ့စဉ်နဲ့အမျှလည်း သုံးသပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအနေအထားအပေါ် မူတည်ပြီး အလုပ်ရှင်တွေအနေနဲ့ လုပ်ငန်းခွင်မပျက်ဆောင်ရွက်နိုင်ဖို့၊ တိုးချဲ့ဆောင်ရွက်နိုင်ဖို့၊ အလုပ်သမားတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့၊ ထိုက်သင့်တဲ့ လုပ်ခလစာတွေရရှိဖို့ကို ဦးစားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူမှုဖူလုံရေးအဖွဲ့က အလုပ်သမားတွေအတွက် ငွေကြေးအကျိုးခံစားခွင့် အပါအဝင် ပိုမိုလွယ်ကူလျင်မြန်စေရေးအတွက် e – Services လုပ်ငန်းတွေနဲ့ ပိုမိုတိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးကိစ္စတွေကို ပိုမိုလျင်မြန်စွာနဲ့ တိကျစွာ ဆောင်ရွက်နိုင်ဖို့၊ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့ကို အလုပ်ရှင်တွေ၊ အလုပ်သမားတွေနဲ့ ဝန်ထမ်းတွေကို ပညာပေးဆွေးနွေးမှုတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ILO နဲ့ IOM တို့ရဲ့ အကူအညီနဲ့ ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်သလို အလုပ်သမားတွေ ကျွမ်းကျင်မှုအဆင့်အတန်း ပိုမိုမြင့်မားလာရေးအတွက်ကို ဦးစားပေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းတွေထဲက ပြည်ဝင်ခွင့်ဗီဇာသတ်မှတ်တဲ့ကိစ္စကို ရှင်းပြပေးပါဦး။**

ဖြေ ။ ။ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနကနေ မြန်မာနိုင်ငံကို အကြောင်းအမျိုးမျိုးနဲ့ လာရောက်တဲ့ နိုင်ငံခြားသားတွေအတွက် ပြည်ဝင်ဗီဇာဆိုင်ရာ တာဝန်ခံဝန်ကြီးဌာနဖြစ်ပြီး သတ်မှတ်ပြည်ဝင်ဗီဇာ (၁၄) မျိုးကို နိုင်ငံခြားရေးဝန်ကြီးဌာနကနေ တာဝန်ယူပြီး ပြည်ပနိုင်ငံတွေရှိ မြန်မာသံရုံး/ ကောင်စစ်ဝန်ရုံးတွေက ခွင့်ပြုပေးပါတယ်။ မိမိတို့ ဝန်ကြီးဌာနက ဆိုက်ရောက် ဗီဇာ၊ e-Visa စနစ်နဲ့ ဝင်ရောက်ခွင့်ပေးပါတယ်။ သတ်မှတ်ထားတဲ့ ပြည်ဝင်ခွင့် ဗီဇာ ၁၄ မျိုးရှိပြီး လာရောက်မယ့် နိုင်ငံခြားသားတွေကို ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်စတဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွေ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တမူးနဲ့ ရိခေါဒါရ်စတဲ့ အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်တွေကနေ ခွင့်ပြုပေးနေပြီး မြန်မာ – လာအို နယ်စပ်မှာရှိတဲ့ ကျိုင်းလပ်–စီအင်ကောက်ဂိတ်ကို အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိ ပြည်ဝင်ဗီဇာ ၁၄ မျိုးအနက် (လုပ်ငန်းဗီဇာ၊ လူမှုရေးဗီဇာ၊ သာသနာရေးဗီဇာ၊ နိုင်ငံတကာအဖွဲ့အစည်းများ ဗီဇာ၊ ပညာရေးဗီဇာ၊ ယာဉ်အမှုထမ်းဗီဇာ၊ သံတမန်၏ ဧည့်သည်များ ပြည်ဝင်ဗီဇာနှင့် သံတမန်မဟုတ်သည့် သံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ပြည်ဝင်ဗီဇာ) စတဲ့ ပြည်ဝင်ဗီဇာ ရှစ်မျိုးကို တစ်ကြိမ်တည်းမှာ သုံးလ၊ ခြောက်လ၊ တစ်နှစ် နေခွင့်သက်တမ်းရှိတဲ့ အကြိမ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာတွေအဖြစ် တိုးမြှင့်ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ ပြည်ပြန်ဝင်ခွင့်ဗီဇာ သုံးမျိုးကို ပြည်ပတွင် ခွင့်ပြုနေခွင့်ကာလအတွင်းနဲ့ ပြည်ပနေခွင့် ခြောက်လ စသည်ဖြင့် သတ်မှတ်အခငွေများ ကောက်ခံခွင့်ပြုနေလျက်ရှိပါတယ်။

ဆိုက်ရောက်ဗီဇာ (Visa On Arrival – VOA) စနစ်ကို ယခုအခါ နိုင်ငံပေါင်း ၅၅ နိုင်ငံက နိုင်ငံသားတွေ လုပ်ငန်းဗီဇာ၊ အလုပ်ရုံ/ ဆွေးနွေးပွဲ/ အစည်းအဝေး/ သုတေသနဗီဇာ၊ ဖြတ် သန်းဗီဇာ၊ ယာဉ်အမှုထမ်းဗီဇာတွေနဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ် သုံးခုမှာ VOA ဖြင့် ခွင့်ပြုပေးလျက်ရှိပြီး ယခုနှစ်အတွင်းမှာ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်တဲ့ တရုတ်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ ဆွစ်ဇာလန်နဲ့ ရုရှား စတဲ့ရှစ်နိုင်ငံ၊ ဩစတြီးယား၊ ချက်၊ ဟန်ဂေရီ၊ လူဇင်ဘတ်နဲ့ နယူးဇီလန် စတဲ့ ငါးနိုင်ငံ စုစုပေါင်း နိုင်ငံ ၁၃ နိုင်ငံက ကမ္ဘာလှည့်ခရီးသွားတွေကို ဆိုက်ရောက်ဗီဇာ (VOA) အနေနဲ့ ထပ်မံခွင့်ပြုပေးခဲ့ပါတယ်။

**တိုးတက်ခွင့်ပြုပေး**

နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ နိုင်ငံခြားသားခရီးသည် ၄၉၇၀၀၀ ကျော်ကို ဆိုက်ရောက်ဗီဇာ (VOA) ဖြင့် ခွင့်ပြုခဲ့ပါတယ်။ e-Visa (Tourist) ကမ္ဘာလှည့်ဗီဇာနဲ့ နိုင်ငံပေါင်း ၁၀၀၊ e-Visa (Business) လုပ်ငန်းဗီဇာနဲ့ နိုင်ငံပေါင်း ၅၅ နိုင်ငံခွင့်ပြုပေးထားတဲ့အပြင် Express e-Visa (Tourist) ကို ၂၄ နာရီအတွင်း ထပ်မံခွင့်ပြုပေးခဲ့တာကြောင့် ယခုနှစ်အတွင်းမှာ e-Visa နဲ့ နိုင်ငံခြားသားခရီးသည် ၅၂၉၀၀၀ ကျော်ကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ သံတမန်နိုင်ငံကူးလက်မှတ်နဲ့ အထူး နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူတွေကို အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံတွေအပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံနဲ့ စာချုပ်ချုပ်ဆိုဆောင်ရွက်နေပါတယ်။

စာချုပ်အသက်ဝင်ရက် အတည်မပြုနိုင်သေးတဲ့ အစ္စရေးနိုင်ငံမှအပ ကျန် ၂၃ နိုင်ငံကို အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပြုပေးနိုင်ခဲ့ပြီး မလေးရှားနိုင်ငံမှအပ ကျန်အာဆီယံ ရှစ်နိုင်ငံက သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူတွေ၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေဖြစ်တဲ့ ဟောင်ကောင်နှင့် မကာအိုတို့က သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ(ကမ္ဘာလှည့်ခရီးသွား)တွေကို ဗီဇာကင်းလွတ်ခွင့်နဲ့ ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်တွေနဲ့ နယ်စပ်ဝင်/ထွက်ပေါက်တွေမှာ MRTD စနစ်နဲ့ ခရီးသည်ဆိုင်ရာ အချက်အလက်ရယူတဲ့ Border Control System(BCS) စနစ်ကို တိုးချဲ့အသုံးပြုလျက်ရှိပါတယ်။ ဒီစနစ်ကို နိုင်ငံတကာစံချိန်မီစနစ်တစ်ခု ဖြစ်စေရေးအတွက် ပထမဦးစားပေး Network တည်ထောင်ပြီးဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ လူတစ်ဦးချင်းစီရဲ့ အချက်အလက်တွေကို Biometric စနစ်နဲ့ ဆောင်ရွက်သွားမှာဖြစ်သလို တတိယအဆင့်က e-passport တွေနဲ့ Auto Gate တွေမှာ စစ်ဆေးနိုင်ဖို့ ကြိုးပမ်းနေပါတယ်။

**မေး ။ ။ အမည်မည်းစာရင်းရေးသွင်းခြင်းနဲ့ မြန်မာနိုင်ငံသားဟောင်းတွေ နိုင်ငံသားအဖြစ် ပြန်လည်လက်ခံတာနဲ့ PR စနစ်သတ်မှတ်တာတွေကို သိပါရစေရှင့်။**

ဖြေ။ ။ အကြောင်းအမျိုးမျိုးနဲ့ အမည်မည်းစာရင်း ရေးသွင်းထားသူတွေကို ဥပဒေ၊ လုပ်ထုံး/ လုပ်နည်းတွေနဲ့အညီ စိစစ်ဖြေလျှော့ပြီး သစ္စာစီမံချက်နဲ့ Black List ပယ်ဖျက်ပေးတာကို (၄)နှစ်တာကာလအတွင်း မြန်မာနိုင်ငံသား ၃၃၅ ဦးနဲ့ နိုင်ငံခြားသား ၄၆၉ ဦးတို့ကို ပယ်ဖျက်ခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတကာက လာရောက်မယ့် ခရီးသည်ဆိုင်ရာ အချက်အလက်တွေကို တစ်ဖက်နိုင်ငံ လေကြောင်းလိုင်းတွေဆီ ဝင်ရောက်စဉ်ကပင် အမည်မည်းစာရင်း (Black List) တွေ ကြိုတင်စစ်ဆေးနိုင်သည့်စနစ် MAPPS (Myanmar Advanced Passenger Processing System) ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၂၀၁၈ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပါတယ်။

မြန်မာနိုင်ငံသားဟောင်းတွေ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရေးအတွက် ၂၀၁၂ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်အထိ လျှောက်ထားသူ ၄၀၁ ဦးအနက် ၃၀၆ ဦးကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ PR လို့ခေါ်တဲ့ မြန်မာနိုင်ငံမှာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်အနေနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်ကနေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ လျှောက်ထားသူ စုစုပေါင်း ၆၆၃ ဦးရှိခဲ့ပါတယ်။ ဒီအထဲက ခွင့်ပြုပြီးသူ ၅၉၁ ဦးကို နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**မေး။ ။ နေရပ်စွန့်ခွာသူတွေနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေကို ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ဝန်ကြီးဌာနအနေနဲ့ အရေးကြီးတဲ့ လုပ်ငန်းတစ်ခုက ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်တွေကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဝင်ရောက်သွားတဲ့ နေရပ်စွန့်ခွာသူတွေကို ပြန်လည်လက်ခံဖို့ တောင်ပြို(လက်ဝဲ) ပြန်လည်လက်ခံရေးစခန်းနဲ့ ငါးခူရပြန်လည်လက်ခံရေး စခန်း နှစ်ခု ဖွင့်လှစ်ပြီး အခြားဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပြန်လည်လက်ခံရေးစခန်းတွေမှာ မိမိသဘောအလျောက် ပြန်လည်ဝင်ရောက်လာသူတွေ များပြားနေပြီ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ UNDP၊ UNHCR စတဲ့ အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်သလို ရခိုင်ပြည်နယ်အတွင်း ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိနိုင်ဖို့အတွက် UNHCR၊ UNDP တို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေကို လာမယ့်ကာလတွေမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ အမျိုးသားမှတ်ပုံတင်ရေးနဲ့ နိုင်ငံသား မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်မှုကို ရှင်းပြပေးပါဦးရှင့်။**

အချပ်ပို (ဃ)သို့

အချပ်ပို (ဂ) မှ

ဖြေ ။ ။ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းကို အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာနက ဆောင်ရွက်နေပါတယ်။ ပြည်သူတွေ အမှန်တကယ်လိုအပ်နေတဲ့ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကို လွယ်ကူမှန်ကန်ပြီး မြန်မြန်ဆန်ဆန် ထုတ်ပေးဖို့ အစိုးရသစ် တာဝန်ယူချိန်ကစပြီး သစ္စာစီမံချက်မှာ ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ နိုင်ငံအတွင်းနေထိုင်တဲ့ ပြည်သူတွေအားလုံးကိုင်ဆောင်သင့်တဲ့ ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ဖို့ ဥပဒေနဲ့အညီ ဖြေလျှော့မှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း သစ္စာစီမံချက်နဲ့ ပြည်သူ ၂၆၈၀၀၀၀ ကျော်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ပေးအပ်နိုင်ခဲ့ပြီး ကျေးရွာတွေအထိ အရောက်သွားတဲ့ Mobile Team တွေနဲ့ ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စာရင်းဇယားကောက်ယူတာ၊ လက်ဝယ်သို့ အခမ်းအနားနဲ့ ထုတ်ပေးတာတွေကို ၂၀၁၉ ခုနှစ်အတွင်းမှာ ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတွေကို စနစ်တကျ စိစစ်ထုတ်ပေးနိုင်ဖို့ နိုင်ငံတော်အစိုးရရဲ့ (၄) နှစ်တာအတွင်း ဗဟိုအဖွဲ့အစည်းအဝေး အကြိမ် (၂၀) ပြုလုပ်ပြီး နိုင်ငံသားအဖြစ် ၃၀၆ ဦး၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် ၁၄၀၇၅ ဦးနဲ့ ဧည့်နိုင်ငံသားအဖြစ် ၁၂၇ ဦး အပါအဝင် စုစုပေါင်း ၁၄၅၀၈ ဦးကို ဆုံးဖြတ်ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူတွေအနေနဲ့ အလုပ်ရုံ၊ စက်ရုံတွေက အလုပ်သမားတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုကို သိပါရစေ။**

ဖြေ ။ ။ စတုတ္ထ (၁) နှစ်တာအတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူတွေနဲ့ အလုပ်သမားတွေကို ရောက်ရှိတဲ့ဒေသမှာ အိမ်ထောင်စု ၈၁၀၃၂စုကို အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးနိုင်ခဲ့သလို ရွှေ့ပြောင်းနေထိုင်သူ ၂၅၄၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒေသအသီးသီးမှာရှိတဲ့ စာသင်ကျောင်းတွေမှာ အသက်ပြည့်မီသူကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၁၅၈၁ ဦးကို နိုင်ငံသားစိစစ်ရေး ကတ်ပြားတွေ ပေးအပ်နိုင်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းက မြို့နယ် ၁၄ မြို့နယ်မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံနဲ့ အလုပ်ဌာနတွေက လုပ်သား ၉၂၀၅ ဦးကို လုပ်ငန်းခွင်မပြတ်သစ္စာစီမံချက်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး ။ ။ နိုင်ငံသားစိစစ်မှုခံယူဖို့ လိုအပ်သူတွေအတွက် ဥပဒေနဲ့အညီ နိုင်ငံသားစိစစ်ခံရမယ့်သူရဲ့ သက်သေခံကတ်ပြား NV Card ထုတ်ပေးနိုင်ရေးလုပ်ငန်းစဉ်ကို သိပါရစေရှင့်။**

ဖြေ ။ ။ မြန်မာနိုင်ငံအတွင်း နေထိုင်သူတွေအနက် နိုင်ငံသားစိစစ်မှုခံယူဖို့ လိုအပ်ရင် ဥပဒေနဲ့အညီ နိုင်ငံသားစိစစ်ခံရမည့်သူရဲ့ သက်သေခံကတ်ပြား (NV Card) တွေ ထုတ်ပေးလျက်ရှိပါတယ်။ စတုတ္ထ (၁) နှစ်တာအတွင်းမှာ စုစုပေါင်း ၂၃၃၄၅ ဦးကို NV Card ထုတ်ပေးခဲ့ပါတယ်။ သူတို့ကို ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်တဲ့ ကတ်ပြားတစ်မျိုးမျိုး ရရှိဖို့ ဆက်လက် ဆောင်ရွက်နေပါတယ်။ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ IDP စခန်း ၈၉ ခု၊ ခရစ်ယာန်ဘာသာရေး ကျောင်းတွေနဲ့ တိုက်ပွဲရှောင် ခေတ္တနေရပ်စွန့်ခွာနေထိုင်သူတွေကို (၄)နှစ်တာကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီး မိတ္တူထုတ်ပေးခြင်း၊ အသစ်လျှောက်ထားခြင်းတွေအတွက် စုစုပေါင်း ၃၂၃၇၇ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အလားတူ ရခိုင်ပြည်နယ်ရှိ IDP စခန်း ၁၈ ခုမှာ နေရပ်စွန့်ခွာနေထိုင်လျက်ရှိသူ ၅၅၂၅ ဦးကို ကိုင်ဆောင်သင့်တဲ့ ကတ်ပြားအမျိုးအစားတွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒေသအသီးသီးမှာရှိတဲ့ သာသနာ့ဝင်/သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြား ထုတ်ပေးမှုကို စတုတ္ထ (၁) နှစ်တာအတွင်း သာမဏေ ၄၁၁၇ ပါး၊ ရဟန်းအပါး ၈၈၈၀ နဲ့ သီလရှင် ၁၆၈၆ ပါး စုစုပေါင်း ၁၄၆၈၃ ပါး ရှိပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ e-ID စနစ်ကို အကောင်အထည်ဖော်နေမှုကို သိပါရစေရှင့်။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ e-Government စနစ်ရဲ့ အခြေခံအကျဆုံးလုပ်ငန်းဖြစ်တဲ့ e-ID စနစ် အကောင်အထည်ဖော်ဖို့ e-ID စနစ် လုပ်ငန်းကော်မတီဖွဲ့စည်းပြီး ဝန်ကြီးဌာနက အဘက်ဘက်ကနေ လေ့လာသုံးသပ်ဆောင်ရွက်နေပါတယ်။ e-ID စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ-ဩစတြီးယား နှစ်နိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ဝန်ကြီးဌာနနဲ့ ဩစတြီးယားနိုင်ငံက ကုမ္ပဏီတို့အကြား လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုဖို့ရှိပြီး ချုပ်ဆိုပြီးခဲ့ရင် ဆက်လက်ဆောင်ရွက်ရမယ့် အရေးကြီးတဲ့ လုပ်ငန်းစဉ်အများအပြားရှိပါတယ်။ e-ID စနစ်လုပ်ငန်းဟာ ပြည်တွင်းမှာရှိတဲ့ လူအားလုံးကို လူတစ်ဦးချင်းစီရဲ့ Biometric Data နဲ့ Biographic Data တွေ ကောက်ယူမှာဖြစ်ပြီး Unique ID နံပါတ်တစ်ခုစီပေးမှာဖြစ်လို့ ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ စီမံကိန်းအဆိုပြုလွှာအရ e-ID စနစ်စီမံကိန်းကို (၂) နှစ်တာကာလအတွင်း အဆင့် သုံးဆင့်နဲ့ အကောင်အထည်ဖော်သွားဖို့ရှိတာကို အသိပေး ပြောကြားလိုပါတယ်။

**မေး ။ ။ သန်းခေါင်စာရင်းလို့ခေါ်တဲ့ ပြည်သူ့အင်အားစာရင်း ကောက်ယူရေးဆိုင်ရာဆောင်ရွက်မှုတွေကို သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ သန်းခေါင်စာရင်း ကောက်ယူခြင်းလို့ခေါ်တဲ့ ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်းကို ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ပြီး မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ရရှိလာတဲ့ သန်းခေါင်စာရင်းအချက်အလက်တွေကို ဆန်းစစ်လေ့လာပြီး အစီရင်ခံစာနဲ့ သုတေသနစာတမ်း ၁၃ စောင်ကို အဆင့်ဆင့် ထုတ်ပြန်ဖြန့်ဝေနိုင်ခဲ့ပြီးဖြစ်ပါတယ်။ Website နဲ့ Facebook လူမှုကွန်ရက်တွေမှာလည်း လွှင့်တင်ထားပါတယ်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်တွေနဲ့ လက်ရှိအခြေအနေ ပြောင်းလဲမှုတွေကို နှိုင်းယှဉ်လေ့လာ သုတေသနပြုနိုင်ဖို့၊ နောက်ထပ်တစ်ကြိမ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမယ့် ၂၀၂၄ ခုနှစ် မတိုင်ခင် ကြားကာလမှာ မြန်မာနိုင်ငံရဲ့ လူဦးရေနဲ့ လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း၊ အချက်အလက်တွေကို အချိန်နဲ့ တစ်ပြေးညီ အနီးစပ်ဆုံး ခန့်မှန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့အညွှန်းကိန်းတွေ ရရှိနိုင်ဖို့၊ ၂၀၂၄ ခုနှစ်မှာ ကောက်ယူမယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နိုင်ဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူခဲ့ပါတယ်။

### နမူနာကောက်ကွက်ရွေးချယ်

ကြားဖြတ်သန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလကစတင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လေးသုတ်ခွဲပြီး ခရိုင်အဆင့်ကိုယ်စားပြု နမူနာကောက်ကွက်ပေါင်း ၄၃၀၀ ခန့်ကို ရွေးချယ်ပြီး Computer – Assisted Personnel Interviewing (CAPI) နည်းစနစ်နဲ့ Mobile Tablet သုံးပြီး အောင်မြင်စွာ ကောက်ယူပြီး ဖြစ်ပါတယ်။ ကြားဖြတ်သန်းခေါင်စာရင်းကို လုပ်ငန်းစဉ် လေးရပ်နဲ့ ဆောင်ရွက်ရာမှာ စာရင်းပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်ခြင်းနဲ့ အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး စတုတ္ထ (၁) နှစ်တာအတွင်း အောင်မြင်မှုရရှိခဲ့တဲ့ လုပ်ငန်းစဉ်တွေကို သိပါရစေ။**

ဖြေ ။ ။ အအောင်မြင်ဆုံးက ပြည်ပနိုင်ငံတွေက ခရီးသွားတွေကို ဆိုက်ရောက်ဗီဇာတွေ တိုးချဲ့ပေးတာ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Visa တွေကို လွယ်ကူလျင်မြန် စွာနဲ့ e-Tourist Visa တွေဆောင်ရွက်ပေးနိုင်တာ၊ ဗီဇာတွေကို ဖြေလျှော့ပေးတာတွေဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီးအထောက်အကူပြုပါတယ်။ မြန်မာနိုင်ငံသားတွေကို ပြန်လည်ပြီး PR လက်မှတ်တွေ ထုတ်ပေးတာ၊ မည်သည့်လက်မှတ်မှ ကိုင်ဆောင်ထားခြင်း မရှိတဲ့သူတွေကို NV ကတ်ထုတ်ပေးတာတွေကို ဝန်ကြီးဌာနက အချိန်နဲ့ တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး စီမံချက်ချမှတ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် နေရပ်စွန့်ခွာသူတွေကို အချိန် မရွေးပြန်လည်လက်ခံနိုင်ဖို့ ဝန်ကြီးဌာနတွေနဲ့ အခြားဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းပြီး တောင်ပြို (လက်ဝဲ)နဲ့ ငါးခူရတို့မှာ နှစ်လုံးပေါက် စခန်းဖွင့်ထားတာ ဖြစ်ပါတယ်။ ဒါကို ဆက်လက်ဖွင့်လှစ်ပြီး အချိန်မရွေးလက်ခံနိုင်အောင် ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ဒါ့အပြင် မဲပေးနိုင်ခွင့်ရှိသူတွေ အားလုံး လာမယ့်ရွေးကောက်ပွဲမှာ မဲပေးနိုင်ဖို့အတွက် ဝန်ကြီးဌာနအနေ နဲ့ ရွေးကောက်ပွဲကော်မရှင်၊ အစိုးရအဖွဲ့၊ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး မဲပေးနိုင်ခွင့်ရှိသူ အားလုံးမဲပေးခွင့်မဆုံးရှုံးနိုင်အောင်နဲ့ မဲပေးနိုင်အောင် စီမံချက်တွေချမှတ် ကြိုးပမ်းလုပ်ဆောင်လျက် ရှိပါတယ်။ ဒီကာလအတွင်း ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို နိုင်ငံတော်ရဲ့ ဘတ်ဂျက်နဲ့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကစတင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အောင်မြင်စွာ ကောက်ယူနိုင်ခဲ့တာကလည်း လာမယ့် ၂၀၂၄ ခုနှစ်မှာ ကောက်ယူမယ့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအတွက် အတွေ့အကြုံရော အချက်အလက်တွေပါ အများကြီး ရရှိတဲ့အတွက် ထူးခြားတဲ့ဆောင်ရွက်ချက်တစ်ခုလို့ ပြောကြားလိုပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး လာမယ့်နှစ်အတွင်း ဦးစားပေးဆောင်ရွက်မယ့် လုပ်ငန်းတွေကို သိပါရစေရှင့်။**

ဖြေ ။ ။ ဦးစားပေးအနေနဲ့ NVကတ်ထုတ်ပေးနိုင်ရေးကိစ္စတွေ ဆောင်ရွက်သွားဖို့ရှိသလို မြန်မာနိုင်ငံသားဟောင်းတွေကို PR လက်မှတ်ထုတ်ပေးရေးကို ဆောင်ရွက်သွားမှာပါ။ အခြားဝန်ကြီးဌာနတွေနဲ့ ဆက်စပ်ပြီး ဗီဇာဖြေလျှော့မှုလုပ်ငန်းတွေကို နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

e-ID စနစ် လုပ်ငန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအဖြစ် လာမယ့်ကာလတွေမှာ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မူလရှိပြီးသားမူဝါဒတွေနဲ့ ရည်မှန်းချက်တာဝန်တွေကို အောင်မြင်အောင်ဖော်ဆောင်နေသလို ပြောင်းလဲလာတဲ့အခြေအနေ အချိန်အခါနဲ့အညီ လိုအပ်တဲ့လုပ်ငန်းတွေကို အခြားသောဆက်စပ်ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အဓိကအနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ ရည်မှန်းချက်တာဝန်တွေ အောင်မြင်စေဖို့နဲ့ အခြားသော ဝန်ကြီးဌာနတွေရဲ့ ဆက်စပ်လုပ်ငန်းတွေကို ကူညီပံ့ပိုးနိုင်အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားတစ်ဦးအား အမျိုးသားအဆင့်ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်စဉ်။